


www.burmeseclassic.com
မိစ္ဆာဂူ
သံသောဒဇ
BURMESE CLASSIC
L လင်း
www.burmeseclassic.com

www.burmeseclassic.com

# စိဘြအဂ္ဂ

သ်သေဒဇ


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့် - ဦးကျင်ရှင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - မြသိမ့်

အဖုံးပန်းချီ - L လင်း

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ နိုဝင်ဘာ

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈


www.burmeseclassic.com

www.burmeseclassic.com

# မိုးဝေအဂ္ဂ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ဂငယ်သုံးလုံးမောင်သံမှုံ
၂။ မိကျောင်းစေတမန်
၃။ ခုဋ္ဌနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်သယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဝင်မြိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာဒိမ်ကြီး ရေကူဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရိ
၁၃။ ကျောက်စိမ်းယကွ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးမလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား


www.burmeseclassic.com

www.burmeseclassic.com

၂၀။ မဟာမြိုင်ဂူမှတ်တမ်း
၂၁။ ဂန္ဓီရကျောင်းနက်ကြီး
၂၂။ ဘာမထီသစ္စာ
၂၃။ ပဒ္မိနီ
၂၄။ ဝက်ကွန်နှလုံးသား
၂၅။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်
၂၆။ မောဟာဒေဝီ
၂၇။ ဒေါင်းဘာယက်ခွက်နှင့်သွေးကျိန်စာ
၂၈။ အနတ္တအကျဉ်းသား
၂၉။ မရဏတြိဂူ
၃၀။ တောင်သုံးလုံးရာဇာ
၃၁။ ကြောင်တစ်ရာမိုးမှောင်
၃၂။ မရဏလက်
၃၃။ ကညင်သုံးပေါက် ဖိနံ့လောက်
၃၄။ မောင်းမမိဿံ၏ကျိန်စာ
၃၅။ ဟဲဘူးဝံပုလွေတစ္ဆေ
၃၆။ ဘသုံးလုံး
၃၇။ ရူပသေန
၃၈။ မာယာအသင်္ချေ
၃၉။ ဂငယ်သုံးလုံးမောင်သံပုံး(ဒု-ကြိမ်)
၄၀။ အနှိုင်းမဲ့ဝက်ပါ
၄၁။ မရဏစံအိမ်
၄၂။ မရဏစကြာနီ
၄၃။ သိင်္ဂါရဒေဝီ
၄၄။ ပန်းမြတ်ကာဝေ
၄၅။ လှရိုးစဉ်တောင်တန်းမှရက္ခဒေဝီ
၄၆။ ဝိညာဉ်မဲ့စံအိမ်ရှင်
၄၇။ အုန်းသီးလှည်းကြီး တို့မျှားစီး
၄၈။ အောင်ဆုလည်ပွားပြိုဟ်ယောက်ျား
၄၉။ ကိုးမည်းကိုးဖြူတစ်ကောင်ယူ
၅၀။ သစ်ဘီလူး
၅၁။ ကြယ်နက်သမီးတော်
၅၂။ သွေးစားကောရီ
၅၃။ ပျောက်စေဆေးရာကိုဘာသာ
၅၄။ အိုင်အိုချစ်သွေးနှင့်အဝတီမောဟာရာဇာ
၅၅။ နတ်မိကျောင်းသိုက်
၅၆။ ဒေါက်တာရန်နိုင်စိုးနှင့်ကြယ်နီသခင်မ
၅၇။ ချိုသွားထိန်းရ ပြိုဟ်မိန်းမ
၅၈။ ဂမုန်းဘီလူး
၅၉။ လူဝင်စားသူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com


၆၀။ မရဏာဓားနက်
၆၁။ နဂါးမျက်စောင်း
၆၂။ လောကဝန်ထမ်းမောင်လခြမ်း
၆၃။ သွေးနီတောင်သစ္စာ
၆၄။ အာဋ္ဌာဝကမော်နှင့်တစ္ဆေဦးထုပ်သျှင်
၆၅။ မရဏာအကျဉ်းစံ
၆၆။ ပဥ္စလက်ဒေဝီ
၆၇။ သိုက်နန်းရှင်မြကေရီ
၆၈။ သမုဒယစံအိမ်
၆၉။ ဖုတ်သိုက်
၇၀။ မောဟလွှင်ပြင်
၇၁။ လေးပွင့်ဖူးစာ
၇၂။ ခုနစ်လွှာမျက်နှာရှင်
၇၃။ မြေတွင်းလှိုဏ်ဂူ မိုးဦးပျံ
၇၄။ ပဥ္စလက်သွေး
၇၅။ တိုက်မြွေရှင်မ
၇၆။ နှင်းကေရီ
၇၇။ ငှားဘားရတနာသိုက်
၇၈။ မောဟတစ္ဆေ
၇၉။ မြဘုရားရတနာသိုက်
၈၀။ အမြုတေ ဆင်စွယ်နက်




အခန်း (၁)

ဝဟောဋ္ဌိစကားများ

သံသေဒဇသို့

ထူးဆန်းသောမိန်းမချော

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ပဟေဠိစကားများ

"ဒီလို အလှမ်းဝေးလှတဲ့ခရီးမျိုးက ညဘက် လသာသာမှာ ဆရောင်ကို အားပြုပြီးသွားမှ နွားရော၊ လူရော သက်သာတာကွဲ့။ ဒီပေမဲ့ . . . သံသေချောင်းရွာဘက်တော့ ညဘက်ဆို ဘယ်လှည်း သမားမှ လိုက်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ဦးကြီးရဲ့"

"အဲဒီရွာက သံသေတောနဲ့နီးတယ်ကွဲ့။ သံသေတောထဲ မှာ သံသေဒဇသိုက်ရှိတယ်။ သိုက်ရှိတော့ ဥစ္စာစောင့်တွေရှိတာ ပေါ့။ ပြီးတော့ သိုက်စောင့် ဘီလူးသရဲတွေရှိသလို ကျတ်ကုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ သတင်းကြီးတယ် ငါတို့ရဲ့။ ဒါကြောင့် အဲဒီတောဘက်
တောကြမ်းမြေကြမ်းလို့ ဘယ်သူမှ မသွားကြဘူး။ ဒါထက် ...
ငါတို့က အဲဒီရွာကို ဘာဖြစ်လို့သွားချင်ရတာလဲကွဲ့"

"ကျွန်တော့်မိဘတွေရဲ့ ချက်မြှုပ်ရွာမို့ပါ။ အလည်သွား
မှာပါ။ လိုက်ပို့နိုင်ရင် လိုက်ပို့ပါ ဦးကြီးရာ။ လှည်းခလည်း ပို
ပါ့မယ်"

"ရေစည်လှည်းတိုက်စရာရှိလို့ပါကွယ်။ လိုက်ပို့လို့ မဖြစ်
ဘူးကွဲ့။ ဒီရွာမှာတော့ တခြားလှည်းလည်း မငှားလို့ရမှာမဟုတ်
ဘူး။ ခြေလျင်သွားမှပဲဖြစ်မှာကွဲ့"

"အင်း ... ဒါဆိုရင်တော့ ခြေလျင်ပဲ သွားရတော့မှာပေါ့ဗျာ
... ဟူး"

လူငယ်က သက်ပြင်းမှုတ်ထုတ်လိုက်ပြီးနောက် လွယ်ထို
ထားသည့် ဗြိတိသျှစစ်တပ်သုံး ကျောပိုးအိတ်အဟောင်းကို ပြင်
လွယ်ကာ ရွာပြင်သို့ ထွက်ခွာခဲ့တော့၏။

သို့ဖြင့် ယင်းလူငယ်သည် ရိုးပြတ်တောများ၊ ချောင်း
ကောများ၊ ဖုန်းဆိုးတောများကို ဖြတ်သန်းကာ သံသေချောင်းရွာ





ရှိရာ အရပ်ဆီ ဦးတည်လာခဲ့တော့သည်။

နောက်ဆုံးဖြတ်သန်းခဲ့သည့် ကန့်ဘလူရွာမှ ရွာသား
အချို့၏လမ်းညွှန်ချက်အတိုင်း သံသေချောင်းရွာလေးဆီ ဦးတည်
ထွက်လာခဲ့ရာ ညနေရီအတော်စောင်းလာသည့်အခါမှာမှ ရွာကို
ခပ်ဝေးဝေး လှမ်းမြင်ရသည်။ တောင်ကုန်းလေးအနီးသို့ ရောက်ရှိသွားပြီး
တောင်ကုန်းမြင့်လေးပေါ်၌ လယ်တဲတစ်စုကို တွေ့ရလေ၏။

"ဟော ... လယ်တဲ့လေးသုံးလုံးပါလား"

သူ လယ်တဲလေးများအနီးသို့ ချဉ်းကပ်သွားတော့ မှောင်
နိုက်တို့ အတော်လွှမ်းစပြုလာပြီဖြစ်၏။

လယ်တဲလေးများဆီမှ မီးခွက်မီးရောင်လှဲ့လှဲ့ ထွက်ပေါ်
လျက်ရှိပြီး အဲ့ခနဲ ကလေးငိုသံတစ်ချက် ကြားလိုက်ရသည်။

"အင်း ... ညက အတော်မှောင်လာပြီပဲ။ ရွာကလည်း
အတော်လှမ်းသေးတယ်။ ဒီလယ်တဲလေးတွေက လူတွေဆီကပဲ
အကူအညီတောင်းပြီး ခရီးဆက်လေမှ"

သူမှာ လက်နှိပ်ဓာတ်မီးမပါလာသဖြင့် လယ်တဲဆီ လူ
များဆီမှ မီးတုတ်အကူအညီတောင်းပြီး ခရီးဆက်ရန်ကြံလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးလယ်တဲနားရောက်လာတော့ ကဲလားတံခါးမျာ
ပိတ်ထားသည့် တဲလေးအတွင်းမှ စကားပြောသံ ရယ်သံများ ကြာ
ရသည်။

"အင်း . . . ယောက်ျားသံရော၊ မိန်းမအသံရော၊ ကလေ
ငိုသံတွေပါ ကြားရတယ်။ လယ်သိမ်းတာတောင် ရွာထဲပြန်မဝင်ကြ
သေးဘဲ ဒီလယ်တဲတွေမှာပဲ ဆက်နေကြပုံရတယ်"

"တဲရှင်တို့ . . . တဲရှင်တို့ . . . ခင်ဗျာ"

သူက တဲရှေ့ဝယ်ရပ်ကာ အော်ခေါ်လိုက်၏။

ချက်ချင်းဆိုသလိုပင် တဲရှေ့ပြတင်းပေါက်ကဲလား တံခါ
ခပ်ဟဟ ပွင့်သွား၏။

တဲထဲမှ မှန်အိမ်မီးအလင်းရောင်က တဲရှေ့မှ လူငယ်၏
ကိုယ်ပေါ် ကျရောက်လာသည်။

"ဟ . . . ဘယ်သူတုံး"

"ကျွန်တော် ခရီးသွားတစ်ဦးပါခင်ဗျာ"

"ဩော်"

ကဲလားတံခါးပေါက်မှ ခေါင်းပြူထွက်လာသူက ခရီးသည်





လူငယ်ကို လဆန်းလရောင်နှင့် ဖန်မီးအိမ်အလင်းရောင်ပျပျတို့ဖြင့်
အကဲခတ်သလို ကြည့်သည်။

ကဲလားတံခါးရွက် ပြန်ပိတ်သွားပြီး ချက်ချင်းဆိုသလိုပင်
တံခါးမတံခါးရွက် ပွင့်သွား၏။

"ဘယ်ကိုသွားမှာတုံး . . . တစ်ယောက်တည်းလား"

တံခါးဝမှာပေါ်လာသည့် ကတုံးနှင့် အသက်ကြီးကြီးလူ
ကြီးကမေးသည်။

"ဟုတ်ကဲ့ . . . တစ်ယောက်တည်းပါ။ သံသေချောင်းရွာကို
သွားမလို့ပါ"

"ရော် . . . ရွာက ဝေးသေးတယ်။ ညမှောင်နေပြီပဲ။ ကဲ
. . . ကဲ . . . လာ . . . တဲထဲဝင်"

တဲရှင်အမျိုးသားကြီးက လိုလိုချင်ချင် ဖိတ်ခေါ်သဖြင့်
လူငယ်လည်း တဲအဆင့်လေးပေါ် လှမ်းတက်လိုက်ပြီး တဲထဲဝင်
လိုက်ခဲ့တော့၏။

ဆယ်ပေပတ်လည်ခန့်သာ ကျယ်ဝန်းသည်။ ခန်းဆီးမရှိ
သော တဲလုံးချင်းလေးထဲဝယ် အသက်ငယ်ဆယ်ခန့် မိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက ပြောင်းဖူးဖက်ဆေးလိပ် ဖွာရင်း ဒူးတစ်ဖက် ထောင် ထိုင်လျက်မှ လူငယ်ကို ခပ်စူးစူးကြည့်နေသည်။

"လာ ... ကောင်လေး ထိုင်။ ဒီတဲမှာတော့ ငါတို့ လင်မယားနှစ်ယောက်ပဲနေတယ်"

လူငယ်က မှန်အိမ်မီးရောင်ဖြင့် တဲလေးထဲ မျက်လုံးဝေ့ဝဲ အကဲခတ်ကြည့်လိုက်ပြီးနောက် ဝါးကြမ်းခင်းပေါ်ထိုင်ချလိုက် ၏။

နေပူပူဝယ် ရှိုးပြတ်တောများ ဖုန်းဆိုးတောတို့ကို ငါးမိုင်ခန့် ဖြတ်သန်းလာခဲ့ရသဖြင့် လူငယ်က အတော်ပင်ပန်းနေပြီ ဖြစ်ရာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရတော့သည်။

သူက ကျောပိုးအိတ်ကို တဲနံရံ၌ ထောင်ထားလိုက်ပြီး သူ့ကိုယ်သူမိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည်က လှရဲပါခင်ဗျ။ ကျွန်တော့်မိဘရဲ့ ချက်မြှုပ်ရွာလေးဖြစ်တဲ့ သံသေချောင်းရွာဆီ အလည်အပတ်လာတာပါ။ ဦးလေးတို့ကလည်း သံသေချောင်းရွာကပဲလား ခင်ဗျ"

"ဟေ ... အေး ကျုပ်တို့လည်း သံသေချောင်းကပဲပေါ့။ ကျုပ်ရဲ့နာမည်က ဝင်းကြည်ပဲ့။ ဒါက ကျုပ်ရဲ့ဇနီး မမြကလေး။





ဘက် ငါတို့ရဲ့မိဘတွေက သံသေချောင်းကဆိုတော့ ဘယ်သူ့မျှားလဲကွဲ့"

"ကျွန်တော့်ရဲ့အဖေက ဦးမျိုးတင့်ပါ ခင်ဗျ။ အမေကတော့ န်တော် လူမှန်းမသိသေးခင်မှာပဲ ... အဲ ... ဆုံးသွားပြီဆိုပါတော့"

"ဩော် ... ဟုတ်လား။ မောင်ရင်လေးရဲ့အဖေက မျိုးတင့်တော့ ခြေမကြီးမျိုးတင့်လားကွဲ့"

"ဗျာ"

"ဩော် ... ကျုပ်ရဲ့သူငယ်ချင်းမျိုးတင့်ဆိုတာရှိတယ်။ က ရွာကနေပျောက်သွားတာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိပြီ။ ရဲ့ခြေမတွေက သာမန်လူတွေထက် ကြီးနေလို့ သူ့ကို ခြေမကြီးလို့ ပ်တို့သူငယ်ချင်းတွေက လှောင်ပြောင်ခေါ်ရင်း ဒီနာမည် တွင်သွားတာကွဲ့"

"ဟာ ... ဟုတ်တယ် ဦးရဲ့။ ကျွန်တော့်အဖေရဲ့ခြေမတွေ သာမန်ထက် ပိုကြီးတယ်ဗျ။ ပြီးတော့ အဖေဟာ မွေးရာဇာတိရွာ ထွက်လာခဲ့တာ နှစ်နှစ်ဆယ်ကျော်ပြီလို့ ပြောဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကြည်ဆိုသည့် လူကြီးက ကွမ်းချေးတက်သွားကြ များပေါ်အောင် အားရပါးရ ပြုံးလိုက်လေသည်။

"ဟော … ဟုတ်ပြီကွ။ ဒါဆို မောင်ရင်လေးရဲ့အဖေဟာ ကျုပ်ရဲ့သူငယ်ချင်းပဲ။ ဒါထက် … မင်း အခုလာတာ မင်းအဖေရော မပါဘူးလားကွဲ့"

"အဖေက ပြီးခဲ့တဲ့နှစ်ကပဲ ဆုံးသွားပြီဗျ"

"ဟော … ဩော် … ဖြစ်ရလေကွာ"

"ဒါထက် ဦးလေးတို့က လယ်သိမ်းတာတောင် ရွာထဲ ပြန်မဝင်ကြဘူးလားခင်ဗျ။ ဒီလယ်တဲတွေမှာပဲ နေကြသလား"

လူကြီးက ကွမ်းချေးတက်သွားများပေါ်အောင် ပြုံးလိုက် ပြန်သည်။

"ဟော … အေး ရွာထဲမဝင်တော့ပါဘူးကွာ။ ငါတို့က ဒီ လယ်တဲတွေမှာနေရတာကို ပိုကြိုက်သဟေ့။ ဩော် ဒါထက် မင်းက ရွာကိုလာလည်ရအောင် သံသေချောင်းရွာမှာ မင်းအဖေ ရဲ့အမျိုးတွေ ရှိသေးလို့လား"

"အဖေ့မှာ အစ်ကိုဦးစိုးဝင်းနဲ့ အစ်မကြီး ဒေါ်ပြားတို့





ရှိတယ်လို့ အဖေက ပြောတာပဲဗျ။ အဖေက မဆုံးခင်မှာ သူ့မွေး ချင်းတွေရှိတဲ့ ဇာတိရွာကို သွားလည်ဖြစ်အောင် လည်ပါဆိုလို့ လာခဲ့တာဗျ"

"ဟော … ဒါဆိုရင်တော့ မောင်ရင်လေး အလာကောင်း ပေမယ့် အခါနှောင်းသွားပြီကွ"

"ဗျာ … ဘာ … ဘာဖြစ်လို့လဲ ခင်ဗျ"

"ကိုစိုးဝင်းလို့ခေါ်တဲ့ တာတီးရော၊ သူတို့ရဲ့အစ်မ အကြီး ဆုံးမပြားပါ ရွာမှာ ပလိပ်ရောဂါဖြစ်တုန်းက သေဆုံးသွားတာ လေး ငါးနှစ်လောက်တောင် ရှိရောပေါ့"

"ဗျာ … ဒါ … ဒါဆို ကျွန်တော့်အရီးရော ကြီးဒေါ်ရော မရှိတော့ဘူးပေါ့ ဟုတ်လား"

"အေးလကွယ် … ရွာမှာ အဲဒီတုန်းက ကပ်ရောဂါ ကျ ရောက်တော့ ရွာကလူ တစ်ဝက်လောက် ပြုတ်သွားတယ်ကွဲ့။ ရွာပျက်မတတ်ပါပဲကွာ။ ရွာဦးဘုန်းတော်ကြီး ဦးဆန်းရှိန် ကယ်လို့ ကျန်လူတွေမသေဘဲ ရွာမပျက်ခဲ့တာ"

"ဒါ ဒါဆို … ရွာဦးဆရာတော် ဦးဆန်းရှိန် ရှိသေးတယ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ဦးလေး"

"အေး ... ဆရာတော်ဦးဆန်းရှိန် ရှိသေးတယ်လေ။ ဒါပေမဲ့ ... အတော် အိုနေပါပြီကွာ"

သူတို့နှစ်ဦး စကားကောင်းနေကြသည်ကို နံဘေး၌ ဆေးလိပ်ဖွာရင်း ငြိမ်နားထောင်နေသည့် ဒေါ်မမြကလေးက လူရဲအား ခပ်စူးစူးလေးကြည့်လိုက်ရင်း ဝင်ပြောလိုက်သည်။

"ကဲ ကိုဝင်းကြည် ... စကားတန်ရှည်ရန်ကော။ ကောင်လေးမှာ ခရီးပန်းလာတဲ့ဟာ ဆာရောပေါ့။ ထမင်းဟင်းကျွေးရအောင်"

ပြောရင်း ဒေါ်မမြကလေးက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မြေဆေးလိပ်ခွက်ထဲ ခေါင်းစိုက်ထည့်ကာ ထိုင်ရာမှ ထဟန်ပြင်၏။

ဒေါ်မမြကလေးပြောမှ လူရဲမှာ ဗိုက်က ပိုဆာလာသည်။ သို့သော် ဦးဝင်းကြည်က သူ့မိန်းမကို လက်ကာပြလိုက်၏။

"ဟယ် မိန်းမရယ် ... ကျုပ်တို့မှာ ညစာ ဘာကျန်လို့တုံး။ ညနေတုန်းက ကျုပ်တို့လင်မယားစားတာ ဟင်းရော ထမင်းပါ





အုန်မင့်ဟာ ဘာမှ ကျွေးစရာမရှိဘဲ လောကွတ်လုပ်မနေပါနဲ့ ကွယ်"

တစ်ဆက်တည်းမှာပဲ ဦးဝင်းကြည်က လူရဲကို ရှုတည်တည်ကြည့်ကာ သံပြတ်ဖြင့်ပြောလိုက်သည်။

"မောင်ရင့်မလဲ စားစရာမုန့်တွေ ဘာတွေပါမှာပေါ့ ဟုတ်လား။ ခရီးသွားတယ်ဆိုတော့ ရေဘူးလည်း ဆောင်လာမှာပေါ့။ ဒီတော့ ပါလာတဲ့မုန့်စား၊ ရေသောက်ပြီးအိပ်ကွယ်၊ ဟုတ်လား။ ကျုပ် နန္ဒင်းတက်နဲ့ ခြင်မီးခိုး ထည့်ပေးပါ့မယ်။ ခြင်ထောင်တော့ အပိုမရှိဘူး။ ဒီမှာပဲ အိပ်ပေါ့"

"ကျွန်တော်က မီးတုတ်ရရင် ရွာကိုသွားချင်တာဗျ။ စားဖို့သောက်ဖို့ကတော့ အရေးမကြီးပါဘူး"

"ဒီအချိန် ရွာဆီသွားဖို့ မစဉ်းစားပါနဲ့ကွယ်။ မောင်ရင်က သံသေချောင်းရွာအကြောင်းမသိသေးပဲကိုး။ အင်မတန် မြေကြမ်းသကွဲ့။ ဒီ ဇင်ပြွန်းကုန်းမှာတော့ ကျုပ်ပြီးရင် ပြီးတယ်။ မောင်ရင့်အတွက် အန္တရာယ်မရှိစေရဘူး။ ဒီကနေ ရွာဘက်သွားရမယ့်လမ်းခရီးမှာ ရွာသချိုင်းကို ဖြတ်ရမယ်။ အဲဒီသချိုင်းမြေက လွှတ်ကြမ်းတာ။ နယ်မြေဒေသရဲ့အထာကို မသိဘဲ ညဘက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မသွားနဲ့ ကျုပ် စိတ်မချဘူး။ ကျုပ်လည်း လိုက်မပို့နိုင်ဘူး။ ဒီတော့ ဒီည ဒီမှာပဲအိပ်၊ ဟုတ်ပြီလား''

''ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ ဦးလေးရယ်၊ ကျွန်တော်လည်း အဖေမသေမီက နိုင်းခဲ့လို့သာ လာခဲ့ရတာ။ ဘုမသိ ဘမသိပါပဲ။ ရွာမှာ အမျိုးတွေမရှိတော့လည်း မနက်မှ ရွာထဲဝင်ပြီး ရွာဦး ဘုန်းတော်ကြီးကို သွားဖူးရမှာပဲဗျ''

''အေး . . . ကောင်းပါလေ့ကွယ်''

ဦးဝင်းကြည်က ခြင်မီးထပ်မွှေးသည်။ ဒေါ်မမြကလေးက ဘာမျှမပြောဘဲ အတွင်းခန်း● ဝင်သွား၏။

ခဏအကြာတွင် မှန်အိမ်မီးကိုလျှော့ပြီးနောက် ဦးဝင်းကြည်က တဲအတွင်းခန်းထဲ လိုက်ဝင်သွားလေသည်။

လူရဲက လမ်းခုလတ် ကန့်ဘလူရွာမှ ဝယ်လာခဲ့သည့် ကောက်ညှင်းထုပ်နှစ်ထုပ်ကို ဖြည်စားကာ ရေဘူးထဲမှရေကို မော့သောက်လိုက်ပြီးနောက် ဖျာကြမ်းပေါ် လှဲမချမီ ဘုရားဝတ်ပြု ရန် ခေါင်းရင်းနံရံကိုမော့ကြည့်လိုက်လေ၏။

''ဟင် . . . ဘုရားစင်လည်း မရှိပါလား''





''အင်း . . . လယ်တဲမှာမို့ ဘုရားစင်မရှိလည်း ဘုရား ...ဗိုလ်ပုံတော်ကားချပ်တစ်ခုခုရှိရင် တော်သေး၊ ဟယ် . . . မထူးပါ ... ဒီအတိုင်းပဲ ဘုရားကို ရည်မှန်းကန်တော့ အိပ်ရတော့မှာပဲ''

လူရဲက ဘုရားဝတ်ပြုပြီးနောက် ဖျာကြမ်းပေါ်လှဲလျက် ...ိုးဟောင်းပတ်ထားသည့် ခေါင်းအုံးကို အုံးလိုက်ရာ ခရီးပန်း ...သဖြင့် ချက်ချင်းဆိုသလို အိပ်ပျော်သွားပါတော့၏။

သူ မည်မျှအိပ်ပျော်သွားသည်မသိ။ အိပ်မက်ထဲတွင် သူ့ဖခင် ...ခ်ထုပ်ကြီးကိုတွေ့ရသည်။

မှုးဝေယိုင်ထိုးနေသော သူ့ဖခင်က သူ့ကို လက်ညှိုး ...ခေါက်ခေါက်ထိုးကာ တစ်စုံတစ်ရာ အော်ဟစ်ပြောလျက်ရှိ၏။

''မိန်းမယုတ်ရဲ့သား၊ မင်းဟာ မိန်းမယုတ်ရဲ့သား။ မင်း ရဲ့အမေဟာ ပရလောကသူ . . . သိရဲ့လား။ သူဟာ လူမဟုတ်ဘူး။ သူ့ကို ငါ ကယ်တင်ထားတာ။ သူက ငါ့အပေါ် သစ္စာဖောက်တယ်၊

ဘဘုန်းကြီး ဦးဆန်းရှိန်ကြောင့် သူ့ကို ငါ ကယ်တင်ခွင့်ရ တာ။ ခုတော့ . . . သရဲမ၊ တစ္ဆေမ၊ နာနာဘာဝမက ငါ့အပေါ် သစ္စာဖောက်သွားတယ်။ သင်းကို ငါမုန်းတယ်၊ မုန်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုစကားများကို သူငယ်စဉ်ကတည်းက ကြားခဲ့ရခြင်းဖြစ်သည်။ အဖေမူးလာတိုင်း သူ့ကို ထိုသို့ပြောခဲ့၏။ ငယ်စဉ်ကတော့ ထိုစကားများကို သူ နားမလည်ခဲ့ချေ။

အရွယ်ရောက်ပြီး သိတတ်လာတော့လည်း အနီ စကားတို့၏ အဓိပ္ပာယ်ကိုမမေးဝံ့ခဲ့၊ မမေးဖြစ်ခဲ့။ အဖေက မမူးလျှင် စကားလုံးဝမပြောသဖြင့် မမေးဖြစ်ခဲ့ခြင်းဖြစ်သည်။ မူးသည့်အခါမှာလည်း ထိုစကားတို့၏ အဓိပ္ပာယ်ကို ရှင်းမပြခဲ့ချေ။

နောက်တော့ အဖေက အမေ့ကို စိတ်နာပြီး ပြောချင်ရာပြောခြင်းဟုသာ သူ မှတ်ယူခဲ့သည်။

အမေကလည်းအမေပင် နို့စို့အရွယ် သူ့ကို မိခင်စိတ်မဲ့စွာ ထားရစ်ခဲ့ပြီး ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

သူ အရွယ်ရောက် သိတတ်စတွင် ကြားသိရသည်က သူတို့နေသည့်မြို့ငယ် ရန်ကုန်မြို့မှ အာမခံကုမ္ပဏီကြီးတစ်ခု၏ ကိုယ်စားလှယ်ဖြစ်သူ ကိုသောင်းမြင့်ဆိုသည့် ကြာကူရိလူကြီးနှင့် လိုက်ပြေးသွားသည်ဟု။

အမေမရှိကတည်းက အဖေက ယစ်ထုပ်ကြီး စဖြစ်ခဲ့





သည်ဟု ကြားသိရသည်။

မည်သို့ဖြစ်စေ၊ အဖေ အရက်အလွန်အကျွံ မူးလာတိုင်း သူ့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ အမေ့ကို နာနာကျည်းကျည်း ပြောလေသည့်စကားတို့ကို သူ မကြာခဏ ကြားခဲ့ရသည်။

ကြားရဖန်များတော့ သူ့ရင်ထဲ နားထဲ စွဲထင်နေကာ တစ်ခါတစ်ရံ အိပ်မက်ထဲမှာပင် ကြားလာရခြင်းဖြစ်၏။

ယခုညမှာလည်း အဖေက လက်ညှိုးငေါက်ငေါက်ထိုး ကာ သူ့ကိုပြောလျက်ရှိသည်။

နောက်ဆုံး သူနားမခံသာသဖြင့် ရွာဘက်ဆီသို့ လှည့်ထွက်ခဲ့၏။

အဖေက မလျှော့။ သူ့နောက်က လိုက်လာပြီး သူ့ကို အော်ဟစ်ပြောဆဲ။

ခဏနေတော့ ရွာသချိုင်းသို့ရောက်လာသည်။

သူက စိတ်ညစ်ညစ်ဖြင့် ရွာသချိုင်းကို ဖြတ်ဝင်ခဲ့၏။ထိုစဉ် သချိုင်းရှိ ဂူတစ်လုံးပေါ် မားမားကြီးထိုင်နေသည့် ရော့



www.burmeseclassic.com

www.burmeseclassic.com



လူရိပ်မည်းမည်းကြီးက သူ့ဆီ လျှောက်လာသည်။

သူက ထိတ်လန့်တကြားဖြင့် ထိုလူမည်းမည်းကြီးကို ကြည့်လျက်ရှိစဉ် ယင်းလူရိပ်မည်းကြီးက သူ့ကို ကျော်ဖြတ်သွားကာ သချိုင်းအဝတွင် ခါးထောက် ရပ်နေလိုက်၏။

ထိုအခါ အဖေသည် သချိုင်းအဝမှ မဝင့်ဝံ့တော့ဟန် ဖြင့် ညှိုးငယ်သောဟန်ဖြင့် သူ့ကို လှမ်းလို့သာ ကြည့်နေတော့သည်။

အဖေ၏ ညှိုးလျှလျှဟန်ပန်ကိုကြည့်ကာ လူရဲ စိတ် မကောင်းများစွာဖြစ်ရသည်။

တကယ်တော့ အဖေသည် ဖနီးမယား၏ သစ္စာဖောက် မှုကို ရင်နင့်အောင်ခံခဲ့ရသူ။

အဖေက ထာဝရ ကြေကွဲနေသူ။ ထို့ကြောင့် အဖေ့ကို သူသနားသည်။ ယခုလို လူမည်းကြီးကိုကြောက်ပြီး အဖေ ညှိုး လျှစွာ ရပ်ကျန်ခဲ့တာကို တွေ့ရတော့လည်း သူ စိတ်မကောင်း ဖြစ်ရသည်။

အဖေ့ကို ရင်ထဲနင့်အောင် သူ သနားသွားရာက ငယ် ငယ်တုန်းကလို သူ ရှိုက်လိုက်မိ၏။





ယင်းသို့ နင့်နင့်သီးသီး ရှိုက်လိုက်သဖြင့် သူ ဖျတ်ခနဲ နိုး လာရတော့သည်။

ထိုသို့နိုးလာသည့်တိုင် အဖေကိုသနားသော စိတ်က ရင်ထဲ ဆွေးဆွေးမြေ့မြေ့ ကျန်ရစ်ဆဲ။

သူက မှန်အိမ်မီးရောင်မှိန်မှိန်လေးဖြင့် တဲအမိုး ထန်း လက် ဆန်းရွက်တို့ကို ငေးကြောင်ကြည့်နေမိသည်။

ထိုအိပ်မက်မျိုးမက်သည့်အခါ ဖြစ်နေကျအတိုင်း သူ မျက်စိကြောင်လျက်ရှိတော့၏။

ထိုစဉ် ရွာဘက်ဆီမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူသံကို သူ ကြားရသည်။

"ဝူး အူ အူ အူ"

မှန်အိမ်မီးက မီးစာကုန်ဆီခမ်းဖြစ်ကာ အလင်းဖျော့ သည်ထက် ဖျော့လာခဲ့ပြီ။

ယင်းအခိုက် ဝါးကြမ်းခင်းပေါ် လူးလိမ့်သည်။ မြိုးမြိုး မြှက်ချက် အသံသဲ့သဲ့နှင့်အတူ စကားပြောသံသဲ့သဲ့ တဲအတွင်း ခန်းထဲမှ ထွက်ပေါ်လာသည်ကို လူရဲကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းထဲမှ ဒေါ်မမြကလေးနှင့် ဦးဝင်းကြည်တို့

အချီအချပြောသံပင်။

"ရှင့်ကြောင့်ခက်တယ် သိလား"

"တော်ပါကွာ ... ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းရဲ့သား

ချမ်းသာပေးရမှာပဲ။ တတ်နိုင်ရင် ငါက သူ့ကို ရွာအဝအထိ လိုက်

ပို့ချင်တာ။ နယ်ကျော်မရလို့ သိရဲ့လား"

"အဲဒီကောင်လေးက ဆာနေတာရှင့်"

"ဘာပဲဖြစ်ဖြစ် ... သူ့ကို မင်း ဘာမှမကျွေးရဘူး။ ငါ့သူ

ငယ်ချင်းရဲ့သားကို ငါ ချမ်းသာပေးရမယ်"

လူရဲသည် ကြားနေရသည့်စကားသံ၏အဓိပ္ပာယ်တို့ကို

နားမလည်ချေ။

"သူ ... သူတို့ ... ဘာတွေပြောနေပါလိမ့်"

တွေးရင်းချာချာလည်လာပြီး နောက်ဆုံး အိပ်ပျော်သွား

ပါတော့၏။

❑❑❑



သံသေဒဖသို့

ခရီးပန်းခြင်းကြောင့် လူရဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်

...ရာ တစ်ကိုယ်လုံး ပူနွေးလာမှ ဖျတ်ခနဲ လန့်နိုးလာတော့ သည်။

"ဟင် ... ငါ ... ငါ ... ဘယ်ရောက်နေပါလိမ့်"

သူက ကပျာကသီ လူးလဲထပြီး ဝန်းကျင်ကို ကျီးကန်း

...င်းမျှောက်ကြည့်လိုက်သည်။

"ဟာ ... ငါ ... ငါ ... ညက လယ်တဲပေါ်မှာ အိပ်ခဲ့

...ယ်။ ဘယ်လိုဖြစ်တာလဲ"

လူရဲ အံ့ဩနားမလည်နိုင်အောင် ဖြစ်သွားရ၏။ ညက



www.burmeseclassic.com

www.burmeseclassic.com



သူ လယ်တဲတစ်လုံးပေါ်တွင် အိပ်ခဲ့ခြင်းဖြစ်သည်။ ယနေ့မနက် သူနိုးလာတော့ တိုင်ငုပ်တချို့ ကျိုးတိုးကျဲတဲ ယိုင်တချို့ တော တချို့နှင့်။ ယင်းတိုင်ငုပ်တို တိုင်ဆွေးတို့ကြားမှ မြက်ခြောက်ပင် အပေါ် သူ လဲလျောင်းအိပ်ပျော်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရတော့

"အင်း . . . အဲ . . . အဲဒါ . . . ဘယ်လိုဖြစ်တာပါလိမ့်"

လူရဲက သူရောက်ရှိနေသည့် ကုန်းမြင့်လေးပေါ် ထန်းပင်သုံးပင်ကို မော့ကြည့်လိုက်သည်။

"ဟုတ်ပါတယ် . . . ဒီတောင်ကုန်းပေါ်မှာပါ။ ဒီတောင်ကုန်း ပေါ်က လယ်တဲသုံးတဲထဲက . . . ဦး . . . ဦးဝင်းကြည်ရဲ့တဲပေါ်မှာ ငါ အိပ်နေခဲ့တာပါ။ ခု ဘယ်လိုဖြစ်ပါလိမ့်"

သူ တွေးရင်း တစ်စုံတစ်ရာကို သတိရ မိတော့ လ ဖျတ်သွားကာ ခုန်ထလိုက်မိတော့သည်။

"ဟာ . . . ဦး . . . ဦးဝင်းကြည်တို့ဟာ လူ လူမှဟုတ်ရဲ့ လား။ ည . . . ညက . . . ဒီပြင်တဲတွေက ကလေးငိုသံတွေရော မိန်းမတွေရဲ့စကားသံတွေပါ ငါကြားရပါတယ်။ ခု တစ်ယောက် မရှိတော့ဘူး။ လယ်တဲတွေလည်း မရှိတော့ဘူး။ လယ်တဲတွေ





နေရာမှာ တိုင်ငုပ်၊ တိုင်ဆွေးတွေပဲ ရှိပါတော့လား"

"ဘုရား . . . ဘုရား။ ည . . . ညက ဦးဝင်းကြည်တို့ဆို တာ ကျတ်တွေနဲ့တူတယ်။ ဟုတ်တယ် . . . သူ . . . သူတို့ဟာ လူ . . . လူမဖြစ်နိုင်ဘူး"

လူရဲမှာ သတ္တိနည်းလှသူမဟုတ်သော်လည်း နာနာဘာဝ တို့နှင့်ပတ်သက်ပြီး ပထမဦးဆုံး တွေ့ကြုံရသည့်ဖြစ်ရပ်ဆန်းမို့ အံ့ဩထိတ်လန့်ကာ ကျောရိုးထဲ စိမ့်ခနဲအေးသွားပြီးလျှင် နံဘေးမှ တောပိုးအိတ်ကို ကောက်ဆွဲလျက် တောင်ကုန်းမြင့်လေးပေါ်မှ ဆင်း ပြေးခဲ့တော့၏။

လူရဲက ကျတ်တီးကုန်းမြေကို လှည့်ကြည့်လှည့်ကြည့် ထုပ်ရင်း ဟိုအဝေးဆီမှာ တွေ့နေရသည့် ရွာလေးဆီသို့ သုတ် ခြေတင်လာခဲ့၏။

ထိုသို့ ခပ်သုတ်သုတ်လျှောက်ရင်း ညက တစ်ရေးနိုးတွင် ကြုံတွေ့ခဲ့ရသည့် ဦးဝင်းကြည်နှင့် ဒေါ်မမြကလေးတို့၏စကားတို့ကို ပြန်လည်ကြားယောင်လာပြီး ထိုစကားတို့၏အဓိပ္ပာယ်ကို ရှင်းရှင်း လင်းလင်း နားလည်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ညတုန်းက ဒေါ်မမြကလေးက ငါ့ကို ညစာကျွေးဖို့ ကြိုးစားတော့ ဦးဝင်းကြည်က ကန့်ကွက်ခဲ့တာဟာ ကျတ်တွေကျွေးတဲ့ အပင်းအဆိပ်တွေ ငါစားမိမှာစိုးလို့ ကန့်ကွက်ခဲ့တာကိုး . . .၊

ဦးဝင်းကြည်ဟာ ကျတ်ဖြစ်နေပေမယ့် ငါ့အဖေရဲ့ ငယ်သူငယ်ချင်းဖြစ်နေလို့ သူငယ်ချင်းရဲ့သားဖြစ်တဲ့ ငါ့ကို ကာကွယ်ပေးခဲ့ရှာတာပဲ . . .၊

ငါသာ ဒေါ်မမြကလေးကျွေးတဲ့ အပင်းအဆိပ်တွေကို တကယ့်ညစာ ဟင်းကောင်းကျွေးကောင်းထင်ပြီး အားရပါးရစားမိရင် ဘယ်လိုဒုက္ခဆိုးနဲ့ ကြုံရမလဲ မသိဘူး . . .၊

ဒါကြောင့် . . . ဦးဝင်းကြည်က ပြောခဲ့တာပဲ။ ငါ့သူငယ်ချင်းရဲ့သားကို ချမ်းသာပေးလိုက်ပါလို့ သူ ဒါကြောင့် ပြောခဲ့တာပဲကိုး"

တွေးရင်း လှရဲက ကျောချမ်းသွားရသလို ဦးဝင်းကြည်ကိုလည်း ကျေးဇူးအတင်ကြီးတင်မိလေ၏။

"ငါ့အဖေရဲ့သူငယ်ချင်း ဦးဝင်းကြည်ဟာ သေပြီး ကျတ်





ဖြစ်နေရှာတာပဲဖြစ်မယ်"

လှရဲသည် ရိုးပြတ်လယ်ကွက်တို့ကို ကျော်ဖြတ်ရင်း ချောင်းကမ်းစပ်သို့ ရောက်ရှိသွားပါတော့၏။

"ဟာ . . . ရှေ့မှာ ချောင်းကြီးခံနေတာပဲ၊ အင်း . . . ဒါဟာ သံသေချောင်းပဲဖြစ်ရမယ်"

ဟုတ်ပါသည်။ သံသေချောင်းက သံသေဒဖတောင်ခြေမှ ချောင်းဖျားခံကာ သံသေတောထဲမှ စီးဆင်းလာပြီး သံသေချောင်းရွာကို ပတ်ခွေလျက် ပင်းချောင်းထဲ စီးဝင်နေခြင်းဖြစ်၏။

မင်းချောင်းမှတစ်ဆင့် ဧရာဝတီမြစ်ထဲ စီးဝင်သွားခြင်းဖြစ်သည်။

"အင်း . . . ဒီသံသေချောင်းကို ဘယ်လိုဖြတ်ရပါ့"

ထိုစဉ် ရွာဘက်ဆီမှ လာဟန်တူသည့် မိန်းမကြီးသုံးဦးနှင့် ယောက်ျားတစ်ယောက်တို့သည် တောင်းများ၊ ခြင်းတောင်းများကို ရွက်ပိုးလျက် တစ်ဖက်ချောင်းစပ်မှ ရေထဲဆင်းလာသည်ကို လှမ်းတွေ့ရ၏။

"သြော် . . . ရေက လူ့ခါးလောက်ပဲရှိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



နွေဘက် ချောင်းရေခမ်းခြောက်သဖြင့် အချို့နေရာတို့၌ ပေါင်လယ်ခန့်သာ ရေနက်သည်ကို တွေ့ရလေသည်။

ရွာဘက်မှလာသည့်လူစုသည် လူရဲရပ်နေရာနှင့် ကိုက် ငါးဆယ်ခန့်အကွာ စားလွယ်ခုတ်လောက်မှနေ၍ ဖြတ်သန်းလာ နေကြခြင်းဖြစ်၏။

"အင်း . . . ချောင်းရေက တိမ်တိမ်လေးပဲ။ ရေထဲက ဖြတ် သွားမှ"

လူရဲက ဘောင်းဘီရှည်၏အနားပင် မခေါက်တော့ဘဲ ဖိနပ်ချွတ်ကာ ကျောပိုးအိတ်လွယ်လျက် ရေထဲဆင်းချလိုက်တော့ သည်။

ချောင်းရေပြင်၏အချို့နေရာတို့တွင် ရေက ခါးစောင်း လောက်အထိ နက်သော်လည်း များသောအားဖြင့် ပေါင်လယ် ခန့်သာ နက်သဖြင့် လူရဲသည် သံသေချောင်းကို လွယ်ကူစွာ ဖြတ်သန်းနိုင်ခဲ့ချေပြီ။

သူက တစ်ဖက်ချောင်းကမ်းပါးပေါ်တက်အပြီးတွင် ခဏ ထိုင်နားလိုက်၏။





ချောင်းရေပြင်ပင် မျက်နှာသစ်၊ ပလုတ်ကျင်းပြီး ဖြစ်သဖြင့် ဗူးထဲမှ ရေအနည်းငယ်မော့သောက်ပြီးနောက် ကျောပိုး အိတ်ထဲတွင် ကျန်သေးသည့် တစ်ထုပ်တည်းသော ကောက်ညှင်း ထုပ်ကို ဖြည်စားလိုက်သည်။

ဟာနေသည့်ဝမ်းဗိုက် အတန်အသင့်ပြည့်သွားပြီး အမော ပြေသွားမှ ရွာဘက်ဆီ ခရီးဆက်လေ၏။

ရိုးပြတ်လယ်ကွင်းတို့ကို ဖြတ်ကျော်လာပြီးသည့်နောက် ရွာသချိုင်းကို ဖြတ်ရသေးသည်။

ရွာသချိုင်းက လယ်ကွင်းတို့၏အလယ် ဆူးချုံများပေါက် ရောက်နေသည့် ကုန်းမြင့်လေးပေါ်မှာ တည်ရှိပြီး ယင်းသချိုင်း ကုန်းပေါ်တွင် လက်ပံပင်ကြီးတစ်ပင်သာ အရိုးပြိုင်းပြိုင်းနှင့် ထီးထီးမားမား ပေါက်ရောက်လျက်ရှိပြီး ဇရပ်တစ်ဆောင်ပင် မရှိချေ။

အုတ်ဂူဟောင်းသုံးလုံးနှင့် ခပ်လတ်လတ်အုတ်ဂူတစ်လုံး ကိုသာ တွေ့ရပြီး မြေပုံမို့မို့သုံးလေးဆယ်ပေါ်မှ မှတ်တိုင်တို့မှာ သိုင်တချို့ မတ်တချို့ဖြင့် ခြောက်သွေ့စွာ တည်ရှိနေပါ၏။

နေက အတန်မြင့်တက်လာပြီး လေက ဟူးဟူးရားရား



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်လာသဖြင့် သချိုင်းကုန်းမှ ဆူးချုံများနှင့် မြက်ရိုင်းတို့က တရှဲရှဲအော်မြည်လျက် ယိမ်းထိုးလှုပ်ရှားသွားကြလေသည်။

လက်ကျန်လက်ပံပွင့်နီနီအချို့ကလည်း လေအဝှေ့ဝယ် တဝဲဝဲလည်လျက် မြေပြင်ပေါ် ခုန်ဆင်းလျက် ရှိကြလေ၏။

လူရဲက ခြောက်ကပ်တိတ်ဆိတ်နေသည့် သချိုင်းကုန်း ကို ကျော်ဖြတ်ပြီးနောက် လှည်းလမ်းကြောင်းတစ်ခုအတိုင်း ဆက် လက်လျှောက်လှမ်းလာရာ ကြိခတ်ဝါးစည်းရိုး ဖြစ်ကတက်ဆန် ခတ်ထားသည့် သံသေချောင်းရွာအစပ်သို့ ရောက်သွားပါတော့သည်။

သူက ရွာလယ်လမ်းအတိုင်း ဝင်လာခဲ့ပြီး လမ်းဘေး ဝဲယာမှ ခြံဝိုင်းများနှင့် တဲသာသာအိမ်တို့ကို ငေးကြည့်လာခဲ့၏။

ရွာသူရွာသားအချို့ကလည်း သူတို့၏အိမ်ခြံဝိုင်းများပေါ်မှ လည်းကောင်း၊ ကဲလားတံခါးထောက်ဖွင့်ထားသည့် ပြတင်းများမှ လည်းကောင်း၊ ဖိနပ်ချွတ်အိမ်ရှေ့ဆင့်တို့အပေါ်မှလည်းကောင်း၊ နွားတဲများအထဲမှလည်းကောင်း လုပ်လက်စအလုပ်တို့ကို ရပ်တန့် ရင်း မျက်နှာစိမ်းဖြစ်သည့် လူရဲကို ဆိတ်ငြိမ်စွာ အကဲခတ်ကြည့် နေကြလေသည်။





ကလေးအချို့ကမူ ရွာလယ်လမ်းတွင် ပြေးလွှား ဆော့ ကစားနေကြရာမှ ကစားပွဲတို့ကိုရပ်ပြီး လူရဲကို စူးစမ်းသလို မျက်စိအပေါင်းသားဖြင့် ကြည့်နေကြလေ၏။

ပြင်ပမှ လူသူအရောက်အပေါက်နည်းလှသည့် သူတို့၏ သံသေချောင်းရွာလေးဆီ ရုပ်ရည်သားနားသန့်ပြန့်ပြီး ဝတ်စား ဆင်ယင်ထားသည့်ကလည်း မြို့သားလူရည်သန့်ပုံ အထင်းသားပေါ်လွင် နေသော လူရဲကို အထူးအဆန်းသဖွယ် အကဲခတ်ကြည့်နေကြ ခြင်းဖြစ်ပေ၏။

အချို့ကလေးသုံးလေးယောက်က လူရဲနောက်မှ မသိ မသာ လိုက်လာကြလေသည်။

လူရဲက ကျောပိုးအိတ်ထဲမှ သကြားလုံးနှင့်ချောကလက် ထုပ်ဆောင့် လက်တစ်ဆုပ်ကိုထုတ်ယူပြီး သူ့နောက်လိုက်လာသည့် ကလေးသုံးယောက်ကို ဝေငှပေးလိုက်၏။

"ရော့ ... ရော့ ... သကြားလုံးစားကြ"

"ရော့ ... ဒါက ချောကလက်၊ စားကြည့် ... စားလို့ အရမ်းကောင်းတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့က မဝံ့မရဲယူပြီး သကြားလုံးနှင့်ချောကလ တို့ကို စားကာ လူရဲအနားသို့ အရဲကိုးကာ တိုးလာကြ၏။ စောက မျက်မှောင်ကုတ်လျက် ရှုတည်တည်ဖြစ်နေသည့် ကု တို့၏ မျက်နှာက ပြုံးပြုံးရယ်ရယ်ဖြစ်လာကြသည်။

"အ . . . အစ်ကိုက ကျုပ်တို့ရွာကို အလည်လာတာ ဗျ။ ဘယ်သူ့ဆီလာတာလဲ"

အရွယ်အကြီးဆုံးကောင်လေးညွန့်လှိုင်က ချောကလက် ကို နှစ်ခြိုက်စွာမြုံ့ရင်း လူရဲကို မေးလာသည်။

"ငါ့ရဲ့ဘကြီးနဲ့ ကြီးဒေါ်တို့ဆီလာတာကွ။ ဦးစိုးဝင်း ဒေါ်ပြားတဲ့။ မင်းတို့သိလား"

"အာ . . . အဲ့ဒီဦးစိုးဝင်းနဲ့ ဒေါ်ကြီးဒေါ်ပြားတို့ သေသွား ဖြင့် ကြာပြီဗျ။ ကျုပ် သုံးနှစ်သားလောက်ကတည်းကဗျ"

"ဩော် . . . ဟုတ်လား၊ ဒါဖြင့် ဦးဝင်းကြည်နဲ့ ဒေါ်မ ကလေးတို့ လင်မယားကိုရော သိကြသလားကွ"

"ဩော် . . . ဖင်ပြွန်းကုန်းက လယ်တဲမှာနေတဲ့ ဦးထေ ဝင်းကြည်တို့လင်မယားကိုပြောတာ မဟုတ်လား။ သူတို့လည်း ရွာမှ





ပ်ရောဂါဖြစ်တုန်းက ဆုံးသွားတယ်လို့ ကျုပ်ရဲ့အဘ ပြောဖူး ယ်ဗျ"

လူရဲမှာ သူတွေးထားသည့်အတိုင်း မှန်နေသဖြင့် ပြုံး ကိုက်မိ၏။

"အဲဒါဆို ရွာဦးကျောင်းဆရာတော် ဦးဆန်းရှိန်ရော ရှိသေး ့ မဟုတ်လား"

"ဆရာတော်ကြီးလား ရှိတယ်၊ ရွာဦးကျောင်းမှာ ရှိတယ်"

"ရွာဦးကျောင်းက ဘယ်မှာလဲကွ"

"လာ . . . လာ . . . ကျုပ်လိုက်ပြမယ် အစ်ကို"

ကလေးတစ်သိုက်က တက်တက်ကြွကြွဖြင့် ရွာဦးဘုန်း တော်ကြီးကျောင်းရှိရာ ရွာအရှေ့ပိုင်းသို့ ခေါ်သွားကြတော့၏။

ရွာဦးဘုန်းတော်ကြီးကျောင်းက ရွာလယ်လမ်းအတိုင်း ရွာအရှေ့ဖျားသို့ ထွက်ခဲ့ပြီး လယ်နှစ်ကွက်ခြားခန့်အကွာမှာရှိ သည်။ ခြေတံရှည်သစ်သားကျောင်းဖြစ်ပြီး အမိုးကို သွပ်မိုးထား ကာ ဘုရားဆောင်က ဘုံသုံးဆင့်ပြသာဒ်နှင့်ဖြစ်၏။

ကျောင်းဝင်းပတ်ပတ်လည်တွင် ထနောင်းပင်နှင့် တမာ



www.burmeseclassic.com

www.burmeseclassic.com



ပင်တို့ စိုက်ထားသည်။

ကျောင်း၏ခေါင်းရင်းကိုက်နှစ်ဆယ်ခန့်အကွာ၌

အတော်ခမ်းနေပြီဖြစ်သော ရေကန်ငယ်တစ်ကန်ရှိ၏။

ကျောင်းကအတန်ကြီးမားသော်လည်း အတော်

ဟောင်းလျက်ရှိချေပြီ။ အမိုးသွပ်ပြားများဆိုလျှင် ဟောင်းနွမ်း

အနားစွန်းတို့လန်သည့် သွပ်လန်နေသည်။

"ကျောင်းမှာ ဆရာတော်ကြီးနဲ့ ကိုရင်ကြီးနှစ်ပါးပဲ

တယ်ဗျ။ ကပ္ပိယကြီးဦးခင်ဇော်ကတော့ ကျောင်းဘေးက ဆွမ်း

ဆောင် ထပ်ခိုးပေါ်မှာနေတယ် အစ်ကိုရဲ့"

ကလေးတို့က ကျောင်းဝင်းအဝအထိလိုက်ပို့ပြီး ရွာထဲ

ပြေးလွှားခုန်ပေါက်လျက် ပြန်ဝင်သွားကြတော့၏။

လူရဲက ဖိနပ်ချွတ်ကိုင်လျက် ကျောင်းဝင်းထဲဝင်လာ

သည်။

ကျောင်းပေါ်ရောက်သည်နှင့် ဘုရားဆောင်ရှေ့၌

ပက်လက်ကုလားထိုင်၌ထိုင်နေသော ဘုန်းကြီးအိုကြီးကိုတွေ့ရ

"အင်း . . . ဒါ ကျောင်းထိုင်ဆရာတော်ကြီး ဦးဆန်းရှိန်





ဖြစ်ရမယ်"

ကိုရင်ကြီးနှစ်ပါးကိုမူ မတွေ့ရချေ။ ဆွမ်းခံချိန်မို့ ရွာထဲ

ဆွမ်းခံထွက်နေသည်ထင်၏။

ဆရာတော်ကြီးက မျက်ခုံးမွေးဖြူဖြူကြီးများကို မှုန်ကုန်

လျက် ခါးကို ရှေ့သို့ကိုင်းကာ လူရဲကို စူးစူးစိုက်စိုက်ကြည့်သည်။

"ဟဲ့ . . . ဒကာလေးက ဘယ်သူတုံး"

"တပည့်တော်ရဲ့နာမည်က လူရဲပါ ဘုရား။ မြေလတ်မြို့

လေး မြို့သားကပါ ဘုရား။ ဒီသံသေချောင်းရွာဟာ တပည့်တော်ရဲ့

မိဘများ ချက်မြှုပ်ရွာပါ ဘုရား။ မိဘများကတော့ မရှိတော့ပါဘူး။

တပည့်တော်ရဲ့ဖခင်ကြီး မကွယ်လွန်ခင်က သူ့ရဲ့ဇာတိရွာကို သွားဖြစ်

အောင်သွားပါဆိုလို့ တပည့်တော်လာခဲ့တာပါ ဘုရား"

"ရော် . . . ဒကာလေးရဲ့မိဘများက ဘယ်သူတွေများလဲ

ကွဲ့။ ဘုန်းကြီးက ဒီရွာကျောင်းမှာ သီတင်းသုံးလာတာ ဝါသုံးဆယ်

ကျော်ခဲ့ပြီမို့ ရွာသူရွာသား အဟောင်းအသစ် မသိသူမရှိဘူးကွဲ့"

"တင်ပါ့ဘုရား။ တပည့်တော်ရဲ့ဖခင်ကတော့ ဦးမျိုးတင့်ပါ

ဘုရား။ အမေကတော့ ဒေါ်မြသင်းကြည်ပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်ကြီး ဦးဆန်းရှိန်က ကျောင်းမျက်နှာကြက်ကိုမော့ကြည့်ပြီး စဉ်းစားနေ၏။

"အဖေနဲ့အမေဟာ ဒီရွာကနေ ထွက်ခွာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိပါပြီ ဘုရား"

ဘုန်းကြီးအိုကြီးက လူရွဲ၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီးနောက် –

"ရော် ... ဒကာလေးရဲ့အဖေက မျိုးတင့်လား။ ဟို ... ခြေမကြီးကြီးနဲ့ကောင် မဟုတ်လား"

"တင် ... တင်ပါ့ဘုရား။ တပည့်တော်ရဲ့အဖေဟာ ခြေတွေ ထူးထူးခြားခြားကြီးနေတာတော့ ဟုတ်ပါတယ် ဘုရား။ ငယ်နာမည်က ခြေမကြီးလို့ သိရပါတယ် ဘုရား"

"သြော် ... ဟုတ်ပြီ ဟုတ်ပြီ။ အင်း ... ဒါထက် မျိုးတင့်မရှိတော့ဘူးပေါ့ ဟုတ်လား ဒကာလေး"

"တင့်ပါ့ဘုရား ... အဖေ ပြီးခဲ့တဲ့နှစ်ကပဲ ဆုံးပါတယ်ဘုရား"

"သြော် ... ဖြစ်ရလေကွယ်။ အသက်ရှိလှ လေးဆယ်





ကျော်ပေါ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ့တပည့်ဒကာလေး ဘာကြောင့်ဆုံးပါးသွားရတာလဲကွဲ့"

"အဖေက အရက် တအားသောက်ပါတယ် ဘုရား။ အဲဒီအရက်ကြောင့်ပဲ အသည်းကျွမ်းပြီးသေရတာပါ ဘုရား"

"ရော် ... ငါ့တပည့် မျိုးတင့်ဟာ လူကောင်း လေးပါ။ ဒီရွာမှာနေတုန်းက ထန်းရည်တောင် မသောက်ပါဘူး။ ဘယ့်နှယ်အရက်သမားဖြစ်သွားရတာတုံး"

"တင်ပ့ါဘုရား ... တပည့်တော်ရဲ့အမေဟာ တပည့်တော်လေးနှစ်သားအရွယ်မှာ နောက်ယောကျ်ားနောက် လိုက်ပြေးသွားပါတယ် ဘုရား။ အဲဒီမှာတင် အဖေဟာ စိတ်ထိခိုက်ပြီး အရက်ကို နေ့တိုင်း သောက်ရာက ရောဂါစွဲကပ်သေရတာပါ ဘုရား"

လူရွဲ၏လျှောက်ထားချက်ကို ကြားရသည်တွင် ဘုန်းကြီးအိုကြီးမှာ လွန်စွာအံ့ဩသွားပုံရကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဘယ်လို ... ဘယ်လို ... မြသင်းကြည်က နောက်ယောကျ်ားနောက် လိုက်ပြေးတယ် ဟုတ်လား ... ဒကာလေး"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ . . . ဟုတ်ပါတယ် ဘုန်းဘုန်း။ ရန်ကုန်က အသင်္ အာမခံကုမ္ပဏီက ကိုယ်စားလှယ် ကိုသောင်းမြင့်နဲ့ လိုက်ပြေးသွား တာတဲ့ ဘုရား။ အဖေနဲ့ မြို့က လူတွေပြောပြလို့ တပည့်တော် သိခဲ့ရတာပါ။ တပည့်တော်က အဲဒီအချိန်က ကလေးဆိုတော့ ဘာ မှမသိခဲ့ရပါဘူး ဘုရား"

ဆရာတော်ကြီးက ခေါင်းကို ခပ်ဖြည်းဖြည်းခါသည်။

"အင်း . . . မိုက်လိုက်တဲ့ကလေးမပါလား။ ကိုယ့်ဘဝကိုယ် မသိလေခြင်း။ မသိလေခြင်း"

အတန်ကြာမျှ တိတ်ဆိတ်သွားပြီးနောက် ဘုန်းတော် ကြီးက ချောင်းတစ်ချက်ဟန့်သည်။ ပြီးမှ မေးမြန်းတော်မူ၏။

"ဒါထက် . . . ဒကာလေးရဲ့အဖေက ဒကာလေးကို ဘာ ဖြစ်လို့ ဒီရွာဆီ လာခိုင်းခဲ့တာလဲကွဲ့"

"တင်ပါ့ဘုရား . . . အဖေရဲ့အစ်ကိုနဲ့အစ်မကို သွားတွေ့ပါ လို့ မှာခဲ့ပါတယ် ဘုရား။ အဖေက ရွာကထွက်ခဲ့ကတည်းက ရွာကို ပြန်မလာဖြစ်တာနဲ့ ပတ်သက်ပြီး သူ့အစ်ကိုနဲ့အစ်မကြီးတို့ကို ခွင့်လွှတ်ဖို့ တောင်းပန်ခိုင်းလိုက်ပါတယ် ဘုရား။ ပြီးတော့"





"အေး . . . ပြီးတော့ ဘာတဲ့လဲ၊ လျှောက်တင်လေကွယ်"

"ဒီလိုပါ ဘုရား . . . တပည့်တော်ရဲ့အမေဟာ ခိုးရာလိုက် သွားတဲ့အချိန်မှာ စာတစ်စောင်နဲ့အတူ ဟောဒီအပ်လေးသုံးချောင်း ကို ဒီကော်ဘူးလေးထဲ ထည့်ထားခဲ့ပါတယ် ဘုန်းဘုန်း"

လူရဲက ပြောပြောဆိုဆိုဖြင့် ကျောပိုးအိတ်ထဲမှ လေး ထောင့် ကော်ဘူးနီနီလေးကို ထုတ်ယူလိုက်ကာ ဘူးအဖုံးကို ဖွင့်လိုက်သည်တွင် ဘူးထဲရှိ ဂွမ်းဖြူဖြူလေးအပေါ်၌ အပ်လေး သုံးချောင်းကို တွေ့ရလေ၏။

ယင်းအပ်လေးတို့မှာ တစ်လက်မခန့်သာရှည်ပြီး နဖား ပေါက်မပါချေ။

"အမေက စာထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့–

သူ ဘယ်လိုမှနေလို့မဖြစ်လို့ ထွက်သွားပြီ။ ဘယ်တော့မှ ပြန်မလာတော့ဘူး။ သူ့ရဲ့လက်ဝတ်လက်စားတွေ ထားခဲ့တယ်။ အဲဒါတွေ ထုခွဲပြီးရင်းနှီးစားသောက်ပါလို့ . . . ရေးထားခဲ့တဲ့အပြင် သူထားခဲ့တဲ့ အပ်သုံးချောင်းကို ကျေးရွာရှင်ဆရာတော် ဦးဆန်းရှိန် ဆီ ပေးဖြစ်အောင်ပေးပေးပါလို့ ရေးထားခဲ့ပါတယ် ဘုန်းဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက လူ့ရဲ ဆက်ကပ်လိုက်သည့် ကော်ဘူး နီနီလေးကို လှမ်းယူလိုက်ကာ အပ်လေးများကို သေသေချာချာ ကြည့်တော်မူ၏။

ထို့နောက် ဆရာတော်ကြီးက လူ့ရဲ၏မျက်နှာကို စူးစူး စိုက်စိုက်ကြည့်လိုက်သည်။

"နေပါဦး ဒကာလေးရဲ့ ... ဒီအပ်သုံးချောင်းကို ဒကာမလေး မြသင်းကြည် ဘယ်အချိန်က ပေးခဲ့တာလဲကွဲ့"

"အဖေပြောတာတော့ အမေပျောက်သွားတဲ့နေ့ကပဲ အမေ့အိပ်ရာခေါင်းအုံးပေါ်မှာ စာနဲ့အတူတွေ့တာတဲ့ ဘုရား။ လက်ကိုင်ပဝါနဲ့ထုပ်ထားတဲ့ အမေ့ရဲ့လက်ဝတ်လက်စားရတနာထည် အထုပ်ကိုပါ တွေ့ရတာတဲ့ ဘုရား"

"ဒါဆို ဟောဒီအပ်တွေရကတည်းက ဒကာလေးရဲ့ အဖေက ဘုန်းကြီးကို ဘာဖြစ်လို့ လာမပေးတာတဲ့လဲကွဲ့"

"အဲ ... အဲဒီတုန်းကတော့ အမေ လင်ငယ်နောက်လိုက် ပြေးတဲ့သတင်းက တစ်မြို့လုံး ပျံ့နေပြီး အဖေကလည်း ရှက်လွန်းလို့ အရက်ချည်း ဖိသောက်နေတာနဲ့ ဘုန်းဘုန်းဆီ မပို့ဖြစ်တာ





ပါတယ် ဘုရား။ ဒါပေမဲ့ ... အဲဒီအပ်တွေကိုတော့ ဗီရိုထဲမှာ မှတ်မှတ်ရရ သိမ်းထားခဲ့တယ်တဲ့ ဘုရား။ အဖေဟာ သေခါနီးမှ အဲဒီအပ်တွေကို သတိရပြီး တပည့်တော်ကို ပို့ခိုင်းခဲ့တာဘုရား။ ဘဘုန်းဘုန်းကိုလည်း ကန်တော့လိုက်ကြောင်း လျှောက်တင်ပေးပါလို့ ပြောသွားပါတယ် ဘုရား"

"ရော် ... ကျွတ်ကျွတ် ... ဖြစ်ရလေ။ ဒီအပ်တွေကို အဲဒီတုန်းကသာ လာပေးခဲ့ရင် တစ်မျိုးကြံလို့ရသေးရဲ့။ ခုတော့ နှောင်းကုန်ပြီပေါ့လေ"

"ဘယ် ... ဘယ်လိုလွန်ကုန်တာလဲ ဘုရား"

"အိမ်း ... နောက်တော့ အခါသင့်ရင် ပြောပြပါ့မယ်ကွယ်။ အခု ဘုန်းကြီးပြောနိုင်တာကတော့ ဒကာလေးရဲ့မိခင် မြသင်းကြည်ဟာ လင်ငယ်နောက်လိုက်ပြေးခဲ့တာ ဘယ်လိုမှ မဟုတ်ဘူး ဆိုတာပဲကွဲ့"

"ဗျာ ... ဘယ် ... ဘယ်လိုပါလဲ ဘုရား"

လူ့ရဲက အံ့အားသင့်စွာ မေးလျှောက်လိုက်သည်။

"ခုအချိန်မှာ ဘုန်းကြီးပြောနိုင်တာကတော့ ဒကာမလေး



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြည်ဟာ လင်ငယ်နောက်လိုက်ပြေးတာ လုံးဝ မဖြစ်နိုင်ဘူးကွဲ့။ သူ့ခမျာ ဘယ်လိုအန္တရာယ်မျိုးကျရောက်သွားသလဲ မသိနိုင်ပါဘူးကွယ်''

''ဒါ ... ဒါဆို ... အမေက သေ သေသွားတာလား ဘုန်းဘုန်း''

ဆရာတော်ကြီးက ဦးခေါင်းတော်ကို ခပ်ဖြည်းဖြည်း ရမ်းတော်မူသည်။

''အိမ်း ... သေသွားတယ်လို့တော့ ဘုန်းကြီးမထင်ဘူး ဒါပေမဲ့ ... တစ်ခုသေချာတာကတော့ ဒီအပ်လေးတွေကို ဒကာလေးရဲ့အဖေ တွေ့ပြီးတဲ့အချိန်ကစပြီး ဒကာမလေး မြသင်းကြည်ဟာ ဒကာလေးတို့ သားအဖရဲ့ဆီ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး ဆိုတာပဲကွဲ့''

လူရဲက ခေါင်းကိုသာ တွင်တွင်ကုတ်လိုက်မိတော့၏။

''တပည့်တော်တော့ ဘာမှကိုနားမလည်နိုင်တော့ပါဘူး ဘုရား''

''အေးလကွယ် ... အခြေအနေပေးတဲ့တစ်ချိန်ကျ





…တည်ပေမပေါ့။ ဘုန်းကြီးကတော့ လောကီရေးရာကိစ္စတွေကို …ယ် မပြောချင်တော့ဘူး။ ဇာဲ ကဲ ... ဒကာလေးရဲ့ ကြီးဒေါ်နဲ့ …ကြီးတို့ကိုလည်း ဘုန်းကြီး ကောင်းကောင်းသိပါတယ်။ သူတို့ …ည်း ဆုံးပါးသွားကြပြီဆိုတော့ ဒကာလေး ဒီရွာမှာရှိတုန်း ဘယ်သူ့ …မှာ တည်းမလဲ။ တည်းခိုစရာမရှိရင်လည်း ဒီကျောင်းမှာပဲ တည်း …ပါကွယ်။ ဘုန်းကြီး ခွင့်ပြုပါတယ်''

''ကျေးဇူးကြီးလှပါတယ် ဘုရား။ လောလောဆယ်တော့ …န်းဘုန်းရဲ့ကျောင်းမှာပဲ တည်းခွင့်ပြုပါဘုရား''

''အေး ... တည်းပါကွယ်။ ကိုရင်ကြီးအုန်းခိုင်တို့ ဆွမ်းခံ… ပြန်လာရင် ဒကာလေးအတွက် အိပ်ရာနေရာ စီစဉ်ခိုင်းလိုက်ပါ့ …ယ်။ လောလောဆယ် ဗိုက်ဆာရင် အောက်က ဆွမ်းချက်ဆောင် …ီ သွားပြီး ကပ္ပိယကြီးဆီမှာ ဟင်းပေါင်းတော့ရှိမှာပဲ။ ဟင်းပေါင်းနဲ့ …မင်းစားပေရော့''

''တင်ပါ့ဘုရား''

''အေး ... သွား သွား။ ဆွမ်းချက်ဆောင်ကို သွား၊ အဲဒီ …ပ္ပိယကြီးကို ဘုန်းကြီးဆီ လွှတ်လိုက်''



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား"

လူရဲလည်း ဆရာတော်ကြီးအားဝတ်ချကာ ကျော အိတ်ကို ကျောင်းတိုင်တစ်တိုင်၌ မှီထောင်ထားလိုက်ပြီးလျှ ကျောင်းအောက်သို့ ဆင်းလာခဲ့ပါတော့၏။

သူ၏အတွေးထဲမှာမူ နားမလည်ခြင်းများစွာဖြင့် ရှ ယှက်ခတ်နေပါတော့သတည်း။

❑

သံသေချောင်းရွာလေးဝယ် နှစ်ရက်ခန့်နေလိုက်သည်နှင့် ရဲသည် ရွာသူရွာသားအတော်များများနှင့် ရင်းနှီးခင်မင်သွားပါ တော့၏။

အထူးသဖြင့် ဒေါ်ပြားနှင့် ဦးစိုးဝင်း (တာတီး) တို့၏တူဟု ဆိုလိုက်ကြကတည်းက ရွာလူကြီးဦးအောင်သိန်း က လူရဲကို တူ သားတစ်ယောက်နှယ် ခင်မင်ရင်းနှီးစွာ ဆက်ဆံကြလေသည်။

လူရဲ၏ဖခင် ခြေမကြီးဦးမျိုးတင့်နှင့် ရင်းနှီးသည့် ငယ်သူ ငယ်ချင်းများဖြစ်ကြသော ဦးမြဝင်း (ရေဆင်)၊ ဦးလှမျိုးမြင့် (တော

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်း) တို့ကဆို သူတို့အိမ်သို့ လူရဲကို ညစာဖိတ်ကျွေး
လူရဲ၏ဖခင် ဦးမျိုးတင့်၏အကြောင်းများကို မေးမြန်းကြလေသည်

"ငါတို့ရဲ့သူငယ်ချင်း ခြေမကြီးမျိုးတင့်ဟာ အင်မတ
သဘောကောင်းပြီး ရိုးတဲ့အေးတဲ့ ကောင်ကြီးပါကွာ။ ဘယ်လို
ပြီး ကဖော်သမား ယစ်ထုပ်ကြီးဖြစ်သွားရတာလဲ ငါ့တွေးရယ်"

"အမေ့ကြောင့်ပေါ့ဗျာ၊ အမေ သစ္စာမရှိလို့ပေါ့"

"နေပါဦး . . . မင်းရဲ့အမေနာမည်က ဘယ်သူ"

"ဒေါ်မြသင်းကြည်ပါ"

"သူက ဘယ်ရွာကလဲ မင်းတို့နေတဲ့မြို့ကို မင်းအဖေ
ရောက်ပြီမှ ယူလိုက်တဲ့မြို့သူလား။ နာမည်က အတော်လှတာပဲ"

"မဟုတ်ဘူး ဦးလေးမြဝင်း။ အမေက ဒီသံသေချောင်း
ရွာသူလို့ အဖေက ပြောတယ်။ ဒီရွာမှာပဲ ညားပြီး ဒီရွာကနေ
နှစ်ဦးသဘောတူ ထွက်ခဲ့ကြတာတဲ့"

"ဘယ်က ဟုတ်ရမှာလဲကွာ။ မင်းအဖေရဲ့ရည်းစားက
နွဲ့ရီကွ။ ရွာအလယ်ပိုင်းက ကုန်စုံဆိုင်ပိုင်ရှင် မနွဲ့ရီသိရဲ့လား
မျိုးတင့်နဲ့နွဲ့ရီတို့ သမီးရည်းစားဖြစ်နေတာကို အဲဒီတုန်းက တစ်ရွာလုံး





သိတယ်။ နောက်တော့ ဘယ်လိုဖြစ်တယ်မသိဘူး။ မင်းရဲ့ အဖေ
မျိုးတင့်က နွဲ့ရီကိုပစ်ပြီး ရွာက ထွက်သွားတယ်။ အဲဒီကတည်းက
မျိုးတင့်ရဲ့သတင်းအစအန ပျောက်သွားခဲ့တာပဲ"

"ဟင် . . . ဒါဆို ကျွန်တော့်အမေက ဒီရွာသူမဟုတ်ဘူး
ပေါ့"

"အေး . . . ဒီရွာမှာ မြသင်းကြည်ဆိုတဲ့နာမည်နဲ့ မိန်း
ကလေး ဘယ်တုန်းကမှ မရှိဖူးဘူး"

"အဖေကပြောတော့ အမေဟာ သူလိုပဲ သံသေချောင်း
သူလို့ ပြောတယ်ဗျ"

"ငါတို့က မင်းအဖေရဲ့သူငယ်ချင်းတွေပါ။ အဲဒီတုန်းက
ငါတို့ဟာ ကာလသားတွေပဲ။ ရွာမှာ အိမ်ခြေက တစ်ရာလောက်
ရှိတဲ့ဟာ။ ကာလသမီးမှန်သမျှ ရွာသူအပျိုချောမှန်သမျှ ငါတို့
သိတာမရှိဘူး။ မြသင်းကြည်ဆိုတာ မရှိပါဘူးကွဲ့"

"ဟုတ်ကဲ့ . . . ဦးလှမျိုးမြင့် (တောကျိုးကန်း) ကလည်း
ဒီအတိုင်း ပြောပါတယ်ခင်ဗျ"

"ဒါထက် . . . မင်းရဲ့အမေက ဘယ်လိုရုပ်ရည်မျိုးလဲ"



www.burmeseclassic.com

"ကျွန်တော်က ငယ်တော့ မမှတ်မိဘူး။ အဖေ တစ်
တလေ အမူးလွန်တဲ့အခါပြောတာတော့ တော်တော်လှတယ်ပြော
တာပဲ။ အသားလေးက ဖွေးဥနေတာပဲတဲ့"

"အဲဒါပဲကွ ... ငါတို့ရွာမှာ ဘယ်မိန်းမအသားဖြူတာ
တွေ့သလဲ။ ယောက်ျားမိန်းမအားလုံး အသားမည်း အသားည
ကြတာချည်းပဲ။ အညာရွာစစ်စစ်ကိုးကွ။ ရွာရိုးကိုးပေါက်လျှော
ပြီး မင်း လိုက်ကြည့်၊ အသားဖြူတဲ့မိန်းကလေးတွေ့ရင် ငါ့ပါးသ
လာရိုက်လှည့်"

"အာ ... ဦးလေးကလည်း မရိုက်ရဲပါဘူးဗျာ။ ဒါ
ကျွန်တော့်အမေကျ ဘာဖြစ်လို့ အသားဖြူရတာတဲ့လဲ။ အဖေ
အမေ့ကို နာကြည်းနေတာ မဖြူဘဲနဲ့ ဖြူတယ်လို့ပြောမှာမဟု
ဘူး။ ဖြူတာမှ ဖွေးဥနေအောင်ဖြူတာတဲ့။ အမေ ရေသောက်
လည်ချောင်းကနေ ရေတွေဆင်းသွားတာတောင် မြင်ရတယ်တဲ့
အမေ့ရဲ့အသားက ဖြူပြီးကြည်နေတာတဲ့"

"အေးကွာ ... မင်းတောင် အသားအတော်ဖြူတာပဲ။ မ
အမေ ဖြူတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ မင်းအဖေက အသားညို



"ဟုတ်ပါတယ်"

"မင်းအမေရဲ့ဓာတ်ပုံတွေ ဘာတွေ မမြင်ဖူးဘူးလားကွ။
င်းတို့မြို့မှာက ဓာတ်ပုံရိုက်လို့ရတာပဲဟာ"

"အမေ့ဓာတ်ပုံအားလုံးကို အဖေက စိတ်နာပြီး မီးရှို့
ိုက်တယ်တဲ့ဗျ။ ကျွန်တော်ကြည့်ဖို့ ဓာတ်ပုံတစ်ပုံတောင် မကျန်
ခဲ့ပါဘူးဗျာ"

"ကောင်းရောပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့အမေဟာ
ဒီရွာက မဟုတ်တာတော့ သေချာတယ်ကွ"

လူရဲအတွက်တော့ အရာရာသည် ပဟေဠိသာဖြစ်နေ
တော့၏။

လူ၏သဘာဝအရ မသိရသည်ကို ပိုလို့သိချင်လာ၏။
ကွယ်ဝှက်ထားသည့်အရာကို ပိုမြင်ချင်ကြသည်ချည်း။ သည်
တော့လည်း သူ့အမေနှင့်ပတ်သက်၍ တိတိပပသိရအောင် စုံစမ်း
ရန် လူရဲ ဆုံးဖြတ်လိုက်တော့သည်။

"ငါ့အမေရဲ့အကြောင်း မသိရမချင်း ငါ ဒီရွာက မပြန်
ဘူး။ အမေဟာ ဘယ်သူလဲ၊ အဖေက ပြောတော့ ဒီသံသေချောင်း

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကတဲ့။ ဒီရွာကလူတွေပြောတော့လည်း အမေဟာ ဒီရွာ[illegible] မဟုတ်ဘူးတဲ့ . . .၊

ပြီးတော့ ဆရာတော်ကြီး ဦးဆန်းရှိန်က အမိန့်ရှိတာ[illegible] လည်း တစ်မျိုးကြီးဖြစ်နေတယ်။ ဘာတဲ့ . . . အဲဒီအဝ်သုံးချောင်း[illegible] အဲဒီတုန်းကသာ ပေးရင် တစ်မျိုးကြီးလို့ရသေးတယ်တဲ့။ အဲဒီစကား[illegible] ဟာ အတော်ဆန်းတဲ့စကားပဲ . . .၊

ဒါ့အပြင် အမေဟာ လင်ငယ်နောက်လိုက်တာ လုံး[illegible] မဖြစ်နိုင်ဘူးလို့ ဆရာတော်ကြီးက အမိန့်ရှိသေးတယ်။ ဆရာ တော်ကြီးဟာ အမေ့အကြောင်းကိုသိလို့ အမေ့ကို ကောင်းကောင်း သိလို့ အဲဒီလို အဝ်ချမတ်ချပြောနိုင်တာပဲ ဖြစ်မယ် . . .၊

ခက်တာက ဆရာတော်ကြီးဟာ အဲဒီနောက်ပိုင်း အမေ နဲ့ပတ်သက်ပြီး လုံးဝမပြောတော့တာပဲ။ သက်တော်ကလည်း ကြီးပြီ ဆိုတော့ တရားဘာဝနာပဲ အချိန်ရသ၍ အားထုတ်ချင်ပုံရတယ်။ လောကီကိစ္စတွေမှာ ဝင်မပါချင်တော့ဘူး ထင်ပါရဲ့"

"ဆရာတော်ကြီးကိုတော့ အမေ့အကြောင်း မေးဖို့ မလွယ် ဘူး။ ဒီတော့ . . . ငါ့ဘာသာပဲ မရ,ရအောင် စုံစမ်းရတော့မှာပဲ"

ခု နှစ် စဉ် ကြယ် တာ ပေ



ဤသို့ဖြင့် လူရဲသည် သူ့ဆုံးဖြတ်ချက်နှင့်သူ မိခင်ဖြစ် သူ ဒေါ်မြသင်းကြည်၏အကြောင်း စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် တစ်နေ့တစ်နေ့ ရွာထဲမှ လူတကာနှင့်မိတ်ဖွဲ့၊ အိမ်တကာလည်ကာ သူ့မိခင်နှင့်ပတ်သက်ပြီး သတင်းအစ ရလိုရငြား ကြံစည် ကြိုးစား နေ[illegible]က် ရှိပါတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောမိန်းမချော

တစ်နေ့မနက်မှာတော့ လှုရဲသည် သူ့ဖခင် လူပျိုဘဝက သမီးရည်းစားဖြစ်ခဲ့သည်ဆိုသော ဒေါ်နွဲ့ရီကို လေ့လာရန် ရွာလယ် ပိုင်းမှ တစ်ခုတည်းသော ကုန်စုံဆိုင်ဆီ သွားခဲ့လေသည်။

ဒေါ်နွဲ့ရီ၏ကုန်စုံဆိုင်က ခြံပိုင်းထဲမှာ သုံးပင်နှစ်ခန်း ပျဉ် ထောင်အိမ်ရှေ့၌ ရှေ့သို့ အဖီဆွဲချကာ ဆိုင်ခင်းထားခြင်း ဖြစ်သ

သူရောက်သွားတော့ ဆိုင်ခုံဝယ် အသားညိုချော မိန်း ကလေးတစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။

"ဆေးပေါ့လိပ် လိုချင်လို့ပါ"





"ဪ . . . ဟုတ်ကဲ့အစ်ကို၊ ဆေးပေါ့လိပ်တွေက ဒီမှာ ပါ"

လှုရဲက ဆေးပေါ့လိပ်ရွေးရင်း ကောင်မလေးကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ကောင်မလေးက အသားညိုစိမ့်စိမ့်လေးဖြင့် မျက်ဝန်း လှလှ၊ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း နှုတ်ခမ်းလေးတို့က နီထွေးနေပြီး အနီးကပ်ကြည့်မှ အတော်ချောမောသော မိန်းကလေး ဖြစ်ကြောင်း သတိမူမိပြီး လှုရဲ ရင်ပင်ခုန်သွားရ၏။

"အင်း . . . အတော်ချောတဲ့ကောင်မလေးပါလား။ ဒါ ကြောင့် ရှေးလူကြီးတွေက အသားဖြူ မြင်းတစ်ပြေး၊ အသားညို လက်တစ်ကမ်းလို့ ဆိုခဲ့တာပဲ ဖြစ်မယ်။ အသားဖြူတဲ့ မချောလေး တွေက အဝေးကကြည့်ရင်ပဲ လှတာ၊ အနီးကပ် အကြည့်မခံဘူး။ အနီးကပ်ကြည့်ရင် သူလေးရဲ့အလှဟာ လျော့သွားပြီး မျက်နှာပေါ်မှာ အပြစ်အနာအဆာတွေ ပေါ်လာတော့တာပဲ။ နှာခေါင်း ပွရတာနဲ့၊ နှာတံ ပြားရတာနဲ့၊ ပါးစပ် မောက်ရတာနဲ့၊ မေးတိုရတာနဲ့"

"အသားညိုတဲ့မိန်းကလေးတွေ တကယ်လှရင် ချောရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲကြည့်ကြည့် အကြည့်ခံတယ်။ အနီးကပ်ကြည့်လေ လှ လေပဲ''

လူရဲက သူ့အတွေးနှင့်သူ ကောင်မလေးကမ်းပေးသည့် နတ်သမီး မီးခြစ်ကိုခြစ်ကာ ပါးစပ်၌ ခဲထားသော ဆေးပေါ့လိပ်ကို မီးညှိသည်။

''အို အစ်ကို . . . ဆေးလိပ်က ပြောင်းပြန်ကြီး''

''ဟိုက်''

ကောင်မလေး သတိပေးမှ ဆေးပေါ့လိပ်ကို ထိပ်ဘက်မှ ခဲပြီး အစီခံဘက်ကို မီးညှိနေမိမှန်း သတိပြုမိသည်။

လူရဲက ရှက်ကိုးရှက်ကန်းနှင့် ဟက်ခနဲရယ်လိုက်သည်။

''အဟဲ . . . အတွေးလွန်သွားတာနဲ့ ဆေးလိပ်ကို ဘက်မှားညှိမိတယ်''

နဖူးပြေပြေလေးပေါ် ဆံမြိတ်လေးချကာ ကျစ်ဆံမြီး နှစ်ချောင်းကို ပခုံးနှစ်ဖက်ရှေ့၌ ချထားသည့် မိန်းမချောလေးက ပြုံးလိုက်ပြီး သူ့ကိုမေးသည်။

''အစ်ကိုက ဘာတွေအတွေးလွန်နေလို့လဲရှင့်''





''သြော် . . . အဟဲ . . . ဘာရယ်မဟုတ်ပါဘူး။ ဒီရွာသူ သားတွေဟာ အသားညိုပေမယ့် ချောတယ်လို့ တွေးမိလို့ပါ''

ကောင်မလေးက ပြုံးလျက်မှ သူ့ကို မျက်စောင်းခဲသည်။

သူမ မျက်စောင်းခဲလိုက်ဟန်လေးက ချစ်စရာကောင်း ရှိသည်ဟု လူရဲတွေးလိုက်မိပြန်၏။

''ဒါထက် . . . ဒီကညီမက . . . ဒေါ် . . . ဒေါ်နွဲ့ရီရဲ့သမီး များလား''

''ဟုတ်ပါ့ရှင် . . . အစ်ကိုက မြို့ကလာတဲ့ညွှန့်သည် ဟုတ်လား။ ကိုလူရဲဆိုတာလေ''

လူရဲ အံ့သြသွားသည်။

''ဟင် . . . ညီမက အစ်ကို့နာမည်တောင်သိနေပါလား''

''သိတာပေါ့။ ခွာညိုတို့ရွာကို မြို့ကညွှန့်သည်လာခဲတယ် ရှင့်။ တစ်နှစ်နေလို့ တစ်ယောက်မလာဘူး။ ရွာနီးချုပ်စပ်ကပဲ လာ ကြတယ်။ ဒီတော့ မြို့က ညွှန့်သည်ရောက်ပြီဆို တစ်ရွာလုံး ချက်ချင်း သတင်းပျံ့သွားတာပဲလေ။ ပြီးတော့ . . . မြို့ကလာတဲ့သူဆိုရင် တစ်ရွာလုံးက အထင်တကြီး ကြည့်ကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဖြစ်ရလေဟု လူရဲတွေးရင်း ချောင်ကျလှသည့် ရွာလေး အပေါ် ကရုဏာသက်သွားမိ၏။

"အစ်ကိုက ဦးမျိုးတင့်ရဲ့သားဆို"

"ဟုတ်တယ် . . . ခွာညိုက အဖေ့ကိုသိလို့လား"

"မသိပါဘူး . . . အမေ ပြောလို့သိတာ"

"ဩော် . . . ဒါထက် ခွာညို့အမေရော"

"ရှိတယ်၊ နောက်ဖေးမှာ ဟင်းချက်နေတယ်"

"ခွာညိုတို့က မအေတစ်ခု သမီးတစ်ခု မဟုတ်လား"

"ဟုတ်တယ်လေ၊ အံမယ် . . . အစ်ကိုက ခွာညိုတို့ သား အမိအကြောင်း သိနေပါလား"

"သိဆို . . . ခွာညိုရဲ့အမေ ဒေါ်နွဲ့ရီနဲ့ အစ်ကိုရဲ့အဖေ ဟာ ငယ်ရည်စားတွေလို့ ဒီရွာကလူတွေ ပြောကြတယ်လေ"

ခွာညိုမျက်လုံးလေးများ ဝိုင်းစက်ဖြစ်သွားသည်။ ညိုစိမ့် စိမ့်ပါးပြင်လေးနှစ်ဖက်ပေါ်သို့ ရှက်သွေးလေး ဖြန်းသွား၏။ သူမက မျက်စောင်းလေး ခဲလိုက်ပြန်သည်။





"ကြည့်စမ်း . . . ဒါကြောင့် အစ်ကိုက အစ်ကို့အဖေရဲ့ ငယ်ရည်းစားကို လေ့လာမလို့ ဆေးလိပ်ဝယ်ဟန်ဆောင်ပြီး လာ ခဲ့တာပေါ့လေ"

လူရဲ ရှက်ရယ်ရယ်မိပြန်သည်။

"အဟဲ . . . ဟုတ်တယ်ခွာညို၊ ခွာညိုရဲ့အမေကိုတော့ သွားမပြောနဲ့နော်"

"အံမယ် . . . ပြောလို့ဖြစ်မလား။ ခွာညိုအမေက အစ်ကို့ အဖေ ဦးမျိုးတင့်ကို စိတ်သိပ်နာနေတာရှင့် သိလား"

"အင်း . . . စိတ်နာမယ်ဆိုလည်း နာသင့်ပါတယ်လေ"

"ဟုတ်တယ် . . . အမေ့မှာ အပြစ်မရှိဘဲ ပစ်သွားလို့တဲ့။ ဦးမျိုးတင့်တစ်ယောက် သေမှန်းရှင်မှန်းတောင် မသိရဘူးတဲ့။ ခုရက် ပိုင်းအတွင်း ရွာကို အစ်ကိုရောက်လာမှ အကြောင်းစုံသိရတာတဲ့"

"ညီမရဲ့အမေ ဒေါ်နွဲ့လေးနွဲ့ရီဟာ အစ်ကို့ရဲ့အမေ ဒေါ် မြသင်းကြည်ကို သိမှာပေါ့နော်"

"အို . . . ဘယ်သိမှာလဲ အစ်ကိုရဲ့။ အစ်ကို့ရဲ့အဖေ ဦးမျိုး တင့် အိမ်ထောင်ကျပြီး သားတစ်ယောက်ရတာတောင် အစ်ကို ဒီရွာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ သိတာပါဆို"

"အစ်ကို့ရဲ့အမေ ဒေါ်မြသင်းကြည်က ဒီရွာသူ မဟုတ် ဘူးပေါ့"

"အမေက မဟုတ်ဘူးလို့ ပြောတယ်"

လူရဲ စိတ်မောသွားရပြန်သည်။

သို့ဖြင့် ခွာညိုကိုနှုတ်ဆက်ပြီး လူရဲ ရွာအပြင်သို့ ထွက် လာခဲ့သည်။

သူက ရွာတောင်ပိုင်းရှိ မန်ကျည်းပင်ကြီး၏အရိပ်မှာခို ရင်း ရိုးပြတ်လယ်ကွင်းကို ဖြတ်တိုက်လာသည့် လေအား တစ်ဝ ရှူကာ စိတ်ပင်ပန်းသမျှကို ဖြေလျှော့ရန် ကြိုးစားလိုက်သည်။

"အမေဟာ ဒီရွာကမဟုတ်တာတော့ သေချာနေပြီ။ ဒါဆို အမေဟာ ဘယ်ကလဲ ... ဘယ်ကလဲ"

သူ့အတွေးတို့ ချာချာလည်လျက် ရှိတော့၏။

လူရဲက အတန်ကြာ မန်ကျည်းမြစ်ဆုံပေါ်ဝယ် ထိုင်လျက် ဘော်တော်ကြာကြာ ငိုင်နေရာမှ ရိုးပြတ်လယ်တောတို့၏ ဟိုအဝေး မှ တောင်ခြေတောအုပ်ဆီ လှမ်းမျှော်ကြည့်နေပြီးနောက် တောစပ်ဆီ





ရန် စိတ်ကူးရလာသဖြင့် ထိုင်နေရာမှ ထလိုက်လေသည်။

သူက ရိုးပြတ်လယ်ကွင်းတို့ကို ဖြတ်လျှောက်ခဲ့ပြီးနောက် ာစပ်အနီးသို့ ရောက်သွားသည်တွင် မြင့်မားလှသည့် ကြခတ်ရုံ တို့ကြား၌ ဘုရားစေတီဟောင်းလေးတစ်ဆူကို မမျှော်လင့်ဘဲ နဲ တွေ့ရလေ၏။

"ဟော ... စေတီလေးတစ်ဆူပါလား"

စေတီက စေတီဟောင်းလေးဖြစ်ပုံရသည်။ သို့သော် ထုံး ဖွေးသုတ်ထားသဖြင့် (ထုံးသင်္ကန်းကပ်လှူထားသဖြင့်) သပ္ပာယ် သည်။

ရွာနှင့် အတော်အလှမ်းဝေးရာအရပ်မို့ ဝန်းကျင်က တိတ် ဆိတ်လျက် ရှိပြီး လေအဝှေ့ဝယ် စေတီ၏ထီးတော်မှ ဆည်းလည်း လှုပ်ခတ်ကာ ဆည်းလည်းသံ တချွင်ချွင်က သာယာနာပျော်ဖွယ် ည်လျက် ရှိပေသည်။

တောပန်းတို့ကလည်း စေတီပတ်လည်မှ အုတ်ပရဝဏ် ပြင်ဘက်တွင် ရောင်စုံဖူးပွင့်လျက်ရှိရာ တောပန်းရောင်စုံတို့ ာက်ခံပြုလျက် စေတီဖြူဖြူလေးက သပ်ပယ်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ဖိနပ်ချွတ်ကာ အုတ်ပရဝဏ်ထဲ လှမ်းဝင် တစ်စုံတစ်ဦး လှဲကျင်းထားသဖြင့် ရှင်းပြောင်နေသော ရင် ထက်တွင် ထိုင်လိုက်လျက် ဘုရားဝတ်ပြုလိုက်လေသည်။

ကျေးငှက်သာရကာလေးများ၏ တီတီတာတာလေး ငြ သံနှင့် ဆည်းလည်းသံတချွင်ချွင်တို့ဖြင့် ငြိမ်းချမ်းသာယာလှ ဝန်းကျင်ကြောင့် ဘုရားအာရုံပြုရသည်မှာ စိတ်ချမ်းမြေ့လှပေ

လူရဲက ဘုရားကိုအာရုံပြုကန်တော့ပြီးလျှင် ပြုခဲ့ ကုသိုလ်အဖို့ဘာဂကို ကွယ်လွန်ခဲ့ပြီးဖြစ်သည့် ဖခင်ကြီးနှင့် အ ဝယ်တယ်ဆီ ရောက်နေမှန်းမသိ သေသလားရှင်သလားမသိရ မိခင်ကြီးတို့အား ရည်မှန်းကာ အမျှအတန်း ပေးဝေလိုက်တော့သ

"အဖေနဲ့အမေရေ ... အမျှ အမျှ အမျှ"

"သာဓု သာဓု သာဓု"

ထို့နောက် သူက ထိုင်ရာမှထပြီး စေတီကို လက်ယာ လှည့်ပတ်လာရာ ရာဟုထောင့်ဆီအရောက်တွင် မမျှော်လင့်ဆေ မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာ ခြေလှမ်း တုံ့ ရပ်တန့်သွားရတော့၏။





သူတွေ့ရသည်က ရှန်သားအဖြူအင်္ကျီလက်ရှည်ကို ချိတ် ထဘီအစိမ်းရောင်ဖန့်ဖန့်လေးနှင့် တွဲဝတ်ထားပြီး တစ်ပတ်လျှို ဆံထုံးလေးထုံးထားသည့် မိန်းကလေးတစ်ဦးက ကျုံ့ကျုံ့လေး ထိုင် လျက် ဘုရားဝတ်ပြုနေသည်ကို ဖြစ်ပါ၏။

ဖြူဖွေးလှပကျော့ရှင်းသည့် မိန်းမပျိုလေးကို ဘေးတိုက် မြင်နေရပြီး လက်အုပ်ချီထားသည့် သူမ၏လက်ချောင်းဖြူဖြူနုနု လေးတို့တွင် အကြောစိမ်းစိမ်းလေးများကိုပင် မြင်နေရလေသည်။

သူ ဤဒေသသို့ရောက်ကတည်းက ဤသို့ ဖြူဖွေးလှပ သော မိန်းကလေးမျိုးကို မတွေ့ဖူးသေးချေ။

ဤမျှ ချောင်ကျပြီး ခေါင်လှသည့်ရွာလေးတွင် ဤမျှ နန်းဆန်ဆန် ကျော့ရှင်းလှသည့် လှပျိုဖြူမျိုးကို တွေ့ရသည်မှာ ဆယ့်နိုင်ဖွယ်ပင်။

သူက သူမနှင့် ခပ်လှမ်းလှမ်း လေးငါးကိုက်အကွာမှာပင် ရပ်လိုက်ပြီး ငေးကြည့်နေမိခြင်းဖြစ်သည်။

မိန်းမပျိုလေးက မျက်လွှာတို့ကိုမှိတ်လျက် ဘုရားအာရုံ ပြုနေရာမှ ညင်သာစွာ ဦးချကန်တော့လိုက်ပြီးနောက် ပခုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခြုံလွှားထားသည့် ဇာပဝါဖြူဖြူလေးကို ပြင်လိုက်ရင်း လူရဲဘက်သို့ ခပ်ဖြည်းဖြည်း လှည့်ကြည့်လာလေ၏။

သူမက သူ့ကိုမော့ကြည့်ရင်း ခပ်ပြုံးပြုံးလေး ပြုံးလိုက်၏။

လူရဲကမူ သူမကို မှင်တက်မိ ငေးကြောင်လို့သာ ကြည့်နေမိတော့သည်။

အမျိုးသမီးက လူရဲကို ပြုံးကြည့်ရင်း ထိုင်ရာမှ ဖြည်းညင်းစွာထရပ်လိုက်ပြီး သူ့အနီးသို့ သုံးလေးလှမ်း တိုးလာခဲ့၏။

ပြီးမှ ရပ်လိုက်ကာ . . .

"မင်းက ဘယ်သူလဲ၊ ဟောဒီနားက ရွာကလား"

ဟု . . . ချိုသာအေးမြသော အသံလေးဖြင့် မေးလိုက်လေသည်။

လူရဲက လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးမှ ဖြေလိုက်လေ၏။

"ဟုတ်ပါတယ်၊ အဲ . . . မဟုတ်ပါဘူး။ ကျွန်တော်က မြေလတ်မြို့လေး မြိုင်သာကပါ။ ဒီနားက သံသေချောင်းရွာဆီ လာလည်တာပါ"

သူမက မျက်ခုံးလေးပင့်လျက် သူ့ကို ကြည့်သည်။





"မင်းက မြိုင်သာက ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ။ မြိုင်သာမြို့လေးဟာ ဒီနေရာက နှိုင်းနှစ်ရာကျော်လောက် ဝေးပါတယ်။ ဟို . . . မမက မြိုင်သာကို သိလို့လား"

"အင်း . . . သိတယ်ပဲဆိုပါတော့၊ ဒါထက် မင်းရဲ့နာမည်က ဘယ်သူလဲ၊ မြိုင်သာကနေ ဒီကို ဘာကိစ္စနဲ့လာတာလဲ။ အလည်သာလာတာလား စီးပွားရေးအရ ကုန်စည်ကူးသန်းဖို့လာတာလား"

"ကျွန်တော့်ရဲ့နာမည်က လူရဲပါခင်ဗျ။ ဒီရွာဟာ ကျွန်တော့်မိဘများရဲ့ဇာတိချက်မြှုပ်ရွာမို့ မနှစ်ကပဲ ဆုံးပါးသွားတဲ့ ကျွန်တော့်ရဲ့အဖေ ဆန္ဒပြုထားတဲ့အတိုင်း ဒီရွာကို ကျွန်တော် လာလည်တာပါ"

"သြော် . . . သံသေချောင်းရွာဟာ မင်းရဲ့မိဘတွေရွာတဲ့သား။ မင်းရဲ့မိဘတွေက ဘယ်သူတွေများလဲကွဲ့"

"အဖေ့နာမည်က ဦးမျိုးတင့်ပါ။ အမေက ဒေါ်မြသင်းကြည်ပါ။ ဒါထက် . . . မမကရော ဘယ်သူလဲခင်ဗျ။ သံသေချောင်းရွာကို ကျွန်တော်ရောက်လာတာ ငါးရက်လောက် ရှိပြီ။ မမကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မတွေ့ဖူးဘူး။ မမက ဘယ်အိမ်မှာနေတာလဲ''

သူမက သူ့မေးခွန်းကို စိတ်ဝင်စားပုံမရဘဲ သူ့ကိုသာ စူးစူးစိုက်စိုက်ကြည့်လိုက်၏။

''မင်းရဲ့အဖေက ဦးမျိုးတင့်၊ ပြီးတော့ . . . သေသွားပြီ ဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျ''

သူမက သူ့ထံမှအကြည့်ကို လွှဲလိုက်ပြီး ရိုးပြတ်လယ်ကွင်းများဆီ ငေးရီကြည့်လိုက်၏။ ပြီးမှ သူ့ဘက်သို့လှည့်ကြည့်ကာ တည်ငြိမ်စွာမေးသည်။

''သူ ဘယ်လိုဖြစ်လို့ သေသွားတာလဲ''

''အဖေလား . . . အဖေက အရက်ချိုးဗျ။ ဒီလိုဗျာ ရွာက လူအချို့ကိုတော့ ကျွန်တော် ပြောပြီးပါပြီ။ ကျွန်တော့်ရဲ့အမေက ကျွန်တော် လေးနှစ်သားလောက်မှာ အိမ်ထောင်ရေးဖောက်ပြန်ပြီး မြို့သားကနေ ထွက်သွားတယ်။ အဖေဟာ အမေ့စိတ်နဲ့ အရက်ကို နေ့နေ့ညည သောက်ရာက အသည်းကျွမ်းပြီး သေသွားတယ်''

သူမက စိတ်မကောင်းဟန်ဖြင့် မျက်လွှာချလိုက်ပြီး





ဘီးရင်ပြင်ကို ငေးစိုက်ကြည့်နေလိုက်၏။

''စိတ်မကောင်းစရာပါလား။ အင်း . . . လောကီလူ့ဘဝမှာ ဆိုးတွေဟာ ဖြစ်တတ်စမြဲပဲလေ။ တွေ့ကြဆုံကြမယ်၊ ပြီးတော့ ကွကြမယ်၊ ချစ်ကြခင်ကြ သံယောဇဉ်တွယ်ကြမယ်။ ပြီးတော့ ကြ၊ နာကြည်းကြ၊ လွမ်းကြ ဆွေးကြ အသည်းကွဲကြရမယ်။ လောကမှာ ကျင်လည်နေသရွေ့ ဒီလို ဒုက္ခတွေကြုံရမှာပဲလေ''

အသက်ငယ်ငယ်လေးဖြင့် တရားသံဝေဂစကားများ နေသည့် မိန်းမချောလေးကို ငေးကြည့်ရင်း လူရဲ ပြုံးလိုက်

''ဒါထက် . . . မမရဲ့နာမည်က ဘယ်သူလဲခင်ဗျ''

သူမက သက်ပြင်းလေးမသိမသာ ရှိုက်လိုက်ပြီးမှ ဖြေ သည်။

''မြ . . . မြသန္တာပါ''

''အင်း . . . ကျွန်တော့်အမေရဲ့နာမည်က ဒေါ်မြသင်းကြည်။ လိုနာမည်မျိုးပဲ။ ဒါထက် မမက ရွာဘယ်အပိုင်းမှာ နေတာ ဗျ''



www.burmeseclassic.com

www.burmeseclassic.com



“ဘာလုပ်ဖို့ မေးတာလဲ။ မင်းက အိမ်လာလည်မလို့လား[illegible]”

“အဲ ... လာလည်ခွင့်ရမယ်ဆိုရင် လာလည်ချင်တာ[illegible] ဗျာ”

“တို့ရဲ့အိမ်ကို လာမလည်ပါနဲ့။ တို့ရဲ့အစ်ကိုကြီးက [illegible] ရှုပ်ယှက်ယှက်မကြိုက်ဘူး။ ကဲ ကဲ ... မင်း ဘုရားဖူးပြီးပြီ မဟုတ်[illegible] လား။ ပြန်တော့လေ”

“မမရော ပြန်မယ်မဟုတ်လား။ လာလေ ... အတူပြန်[illegible] မယ်”

“တို့က ရွာကိုမပြန်သေးပါဘူး။ ဒီဘုရားမှာ ခဏနေဦး[illegible] မယ်။ မင်းပြန်နှင့်ပါ”

“ဒီနေရာက ရွာနဲ့ဝေးတယ် မမရဲ့။ မမအတွက် အန္တရာယ် ရှိတယ်။ မမတစ်ယောက်တည်း မနေခဲ့ပါနဲ့။ ကျွန်တော်တို့ အတူ ပြန်ကြရအောင်ပါ”

သူမက လက်ကလေးပိုက်လျက် မျက်နှာထား တည် တည်လေးဖြင့် ငြင်းသည်။

“မင်း ပြန်နှင့်ပါ။ တို့အတွက် ဘာမှမပူနဲ့။ တို့က ဒီဘုရားကို





[illegible]သည်နေ့တိုင်းလာနေကျ။ ကဲ ... သွား ... သွားတော့”

လူရဲက မြသန္တာကို စိတ်မချဖြစ်နေ၏။

သည်မျှ မွေ့ရာ ကာ လှချင်တိုင်းလှနေသည့် ပျိုမြူချောလေး [illegible]တစ်ဦးတည်း လူသူပြတ်လပ်သည့်အရပ်မှာ သူ မထားခဲ့နိုင် ဖြစ်နေ [illegible]၏။

“လာပါ မမရယ် ... တစ်ခါတည်း ပြန်လိုက်ခဲ့ပါ”

“ဒီမှာ ... မင်း ငါနဲ့ထပ်မတွေ့ချင်ဘူးလား”

“ဟာ ... တွေ့ချင်တာပေါ့ မမရဲ့”

“အေး ... ထပ်တွေ့ချင်သေးတယ်ဆိုရင် မင်းဘာသာ [illegible]ပေတော့”

သူမ၏အသံက တိုးလျသော်လည်း ပြတ်သားလှသည်။ လူရဲက သူမကို ငေးကြည့်နေပြီးမှ ခေါင်းညိတ်လိုက် [illegible]သည်။

“ကောင်းပါပြီ မမ ... ကျွန်တော် ပြန်ပါ့မယ်။ မမကိုပဲ [illegible]ထပ်တွေ့ပါရစေ”

ပြောပြီး စေတီပရဝဏ်ထဲမှ သူထွက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ပရဝဏ်အပြင်ဘက်တွင် ဖိနပ်စီးပြီး ထွက်ခွာသွားမည်ပြုစဉ် မြသန္တာက လှမ်းပြောလိုက်လေသည်။

"ဒီမှာ မောင်လူရဲ ... မင်း ငါနဲ့ထပ်တွေ့ချင်ရင် ရွာထဲမှာ လိုက်မရှာနဲ့။ လာမယ့်ကြာသပတေးနေ့မှာ ဒီစေတီကိုပဲ ထပ်လာခဲ့"

လူရဲက လည်ပြန်လှည့်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့"

"ပြီးတော့ ... ငါနဲ့ ခုလိုတွေ့တဲ့အကြောင်း ရွာက ဘယ်သူ့ကိုမှ ပြန်ပြောမပြနဲ့။ ပြန်ပြောရင်တော့ ငါနဲ့ ထပ်တွေ့ရတော့မှာ မဟုတ်ဘူးလို့ မှတ်လိုက်"

လူရဲက သူမကို နားမလည်နိုင်စွာ ငေးကြည့်နေပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

"ကဲ ... သွားတော့"

"ဟုတ်ကဲ့"

လူရဲက သူမကို အတန်ကြာစိုက်ငေးကြည့်နေပြီးမှ ခပ်ဖြည်းဖြည်း လှည့်ထွက်ခဲ့လေသည်။





သူက လေတို့ ဟူးဟူးလျှားလျှားတိုက်ခတ်နေသည့် ရိုး...တ်လယ်ကွင်းတို့ကို ဖြတ်သန်းပြန်လာရင်း ရှေးဟောင်းစေတီ...တွင် တစ်ဦးတည်း ကျန်ရစ်ခဲ့သည့် မြသန္တာဆိုသော မိန်းမ...လေးအား စိတ်မချနိုင်ဖြစ်နေရလေသည်။

"သူက ငါ့ထက်ကြီးလှမှ နှစ်နှစ်သုံးနှစ်ပေါ့။ ရွယ်တူ...ာက်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါကို မင်းနဲ့ငါနဲ့ ပြောတယ်။ ...မြှတော့ အတော်ရတဲ့အမျိုးသမီးပဲ"

ဘာကြောင့်မှန်းမသိ မြသန္တာဆိုသော မိန်းမချောလေးကို ...တွေ့တွေ့ချင်းမှာပင် သံယောဇဉ်ငြိတွယ်သလို ဖြစ်သွားရ၏။

သို့သော် ... ထိုသံယောဇဉ်က အဖြူရောင်သက်သက် ...ပေ၏။

မြသန္တာ၏ တုလွတ်ကင်းအောင်လှသည့် မျက်နှာချော...လေးကို ငေးကြည့်နေမိစဉ်က အသားညိုချောမလေး ခွာညို...ကြည့်မိတုန်းကလို ရင်က ခုန်မလာပါချေ။

ထိုသို့ ရင်မခုန်လာသော်လည်း ရင်ထဲဝယ် သံယောဇဉ်...င်းတို့ကမူ ရှိပ်ရှိပ်ထခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ မမ မြသန္တာကို မြင်မြင်ချင်း ခင်တယ် သံယောဇဉ်ဖြစ်မိတယ်။ ဒါပေမဲ့ စိတ်ထဲမှာ သူ့ကိုကြောက်နေသလို အလိုလို ရှိသေးလေးစားနေသလိုပဲ။ ဘာကြောင့်များ အဲဒီ ဖြစ်နေရပါလိမ့်၊ ဖြစ်နေရပါလိမ့်"

❑❑❑

## အခန်း (၂)

ပုံပြင်ထဲကမြသန္တာ

တောထဲမှစံအိမ်ကြီး

သံသယအမြှုး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပုံပြင်ထဲက မြသန္တာ

လူရဲက တောစပ်မှစေတီလေးတွင် မြသန္တာဆိုသော မိန်းမချောလေးနှင့် တွေ့ဆုံခဲ့ရပုံကို ကပ္ပိယကြီးဦးခင်ဖော်အား ပြန်ပြောပြသော်လည်း ကပ္ပိယကြီးဦးခင်ဖော်က ယုံကြည်ခြင်းမရှိချေ။

"လူရဲ မင်းပြောတဲ့မိန်းကလေးမျိုး ဒီသံသေချောင်းရွာမှာ မရှိနိုင်ဘူးဟ။ ကျုပ်က ရွာထဲ သုံးလေးရက်ခြားတစ်ခါ ဆန်ခံထွက်နေတာ ဒီသံသေချောင်းရွာဆီ ဒီရက်ပိုင်းအတွင်း ဘယ်မြို့သူမှ အလည်လာတယ်လို့လည်း မကြားမိပါဘူး"



www.burmeseclassic.com

"ဩော် . . . ကပ္ပိယကြီးကလည်း မြသန္တာဟာ ဒီရွာက မဟုတ်ရင် ရှာနီးချုပ်စပ်ရွာက ဖြစ်ချင်ဖြစ်မှာပေါ့ဗျ"

"မဖြစ်နိုင်ဘူးကွ။ ငါတို့အရပ်ဒေသက ရွာသူရွာသား တွေဟာ အသားညိုတွေ၊ အသားမည်းတွေပဲကွ။ ငါတို့ဒေသသား စစ်စစ်ဆိုရင် အသားဖြူတဲ့သူမရှိဘူး။ အသားရောင်လတ်သူ တော် ခပ်ရှားရှားရယ်။ ရှာနီးချုပ်စပ် ရွာတွေက ရွာသူတွေထဲ မှာလည်း မင်းပြောသလောက် ဖြူဖွေးနေတဲ့ မိန်းမမျိုး မတွေ့ဖူးဘူးကွ အဲဒီအမျိုးသမီးရဲ့အသားရောင်က နှင်းနှစ်ရောင်လို ဖွေးဥနေတယ်ဆို"

"ဟုတ်တယ် ကပ္ပိယကြီးရဲ့။ အသားအရေက ဖွေးနေပြီး ကြည်နေတာပဲဗျ။ လည်ပင်းမှာအဆို အကြောစိမ်းစိမ်းလေးတွေ ကိုတောင် မြင်နေရတယ်"

"ဩော် . . . ဒါဆို ရေကြည်သောက်ရင် မြင်ရမလောက် ပင်ဆိုတဲ့ပုံစံမျိုးပေါ့ ဟုတ်လား"

"ဟုတ်ပ . . . ကပ္ပိယကြီးရာ"

ကပ္ပိယကြီးဦးခင်ဇော်က ဖိုဆွဲနေရင်းမှ မိန့်မိန့်ကြီး ပြုံး လိုက်ပြီး –





"အေး . . . ဒါဆို အဲဒီအမျိုးသမီးဟာ နတ်မိသဏ္ဌာန်၊ သူဟာနှုတ်မှူ၊ နှင်းရန်မပြု၊ မိုးအောက်သူတွင်၊ ဇမ္ဗူမြင်းစံ၊ ရွှေပွက် ရှိ မိုးတံရိုးဆစ် ပြေပြစ်ချောမော၊ မြကြောစိမ်းစိမ်း ရှိန်းရှိန်းစိုစို သည်ကိုယ်၌ဆိုတဲ့ ဥမ္မာဒန္တီပျို့ထဲက ဥမ္မာဒန္တီရဲ့ အလှမျိုးပေါ့ကွ ဟုတ်လား"

"ဟုတ်လိမ့်မယ်ဗျ"

ကပ္ပိယကြီး ဦးခင်ဇော်က မီးဖိုထဲမှ ရဲရဲတောက်နေသည့် ကို တစ်ချက်ကဲကြည့်လိုက်ပြီးနောက် သံညှပ်ဖြင့်ညှပ်ကာ အနေအထားကို အသာပြင်သည်။

လူရဲ ဘုန်းကြီးကျောင်း ဆွမ်းစားဆောင်၏ ခြေရင်း ဘက်၌ ဆွဲယ်ထားသည့် ကပ္ပိယကြီးဦးခင်ဇော်၏ဖိုရုံထဲတွင် ဖင်ထိုင်ခုံ လေးဖြင့် ထိုင်လျက် ကပ္ပိယကြီးနှင့် စကားလက်ဆုံကျနေခြင်း သည်။

ကပ္ပိယကြီးက ဖိုကို အချက်မှန်မှန်ဆွဲနေသဖြင့် ဖားဖိုကြီး သည် တရှူးရှူး တရှဲရှဲအော်မြည်လျက်ရှိလေ၏။

"လူရဲရယ် . . . မင်းပြောလို့သာ ကြားရတယ်။ အဲဒီအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကို မင်းတွေ့ခဲ့ရတယ်ဆိုတာ ငါတော့ မယုံလှဘူးကွ''

''အာ . . . ကပ္ပိယကြီးကလည်း ကျွန်တော်က မဟုတ်

ပြောပါ့မလားဗျ''

''ကျုပ်က မောင်ရင်လေး အဲဒီတောစပ်ဘက်က

ဟောင်းစေတီလေးကို သွားဖူးရင်း စိတ်ကူးယဉ်ပြီး လျှောက်ပြော

နေသလားလို့''

''မဟုတ်ရပါဘူးဗျာ။ ကျွန်တော် လက်တွေ့တကယ်

တွေ့ခဲ့ရတာပါဗျ။ သူနဲ့ စကားတောင်ပြောဖြစ်ခဲ့သေးတာ

ကပ္ပိယကြီးရဲ့''

''အေးပါကွာ . . . ထားပါတော့ ဒီလောက်လှတဲ့ ချော

မိန်းမပျိုနဲ့ တွေ့ရ၊ ပြောရ၊ ဆိုရတော့ မင်းရင်တွေ မခုန်ဘူးလား

သူ့ကို စွဲမက်မသွားဘူးလား''

လူရဲက ခေါင်းကို တွင်တွင်ခါယမ်းသည်။

''ဟင့်အင်း . . . ကျွန်တော့်မှာ အဲဒီလိုစိတ်မျိုး မဖြစ်ပေါ်

ဘူးဗျ။ စိတ်တော့လှုပ်ရှားသွားတယ်။ ဒါပေမဲ့ . . . အဲဒီလို စိတ်လှု

ရှားတာက ဘယ်လိုပြောမလဲ။ ဖိုနဲ့မဆိုတဲ့အနေအထားမျိုး





စိတ်လှုပ်ရှားတာမျိုး မဟုတ်ဘူး ကပ္ပိယကြီးရဲ့။ လှသူပြတ်လပ်တဲ့

နေရာမျိုးမှာ ထူးထူးခြားခြား တွေ့လိုက်ရတဲ့အတွက် အံ့ဩပြီး

စိတ်လှုပ်ရှားသွားရတာမျိုးပဲ''

''ဩော် . . . ဒါဆို တဏှာပေမနဲ့ယှဉ်တဲ့ တပ်မက်စိတ်မျိုး

နည်းနည်းမှ မဖြစ်ပေါ်ဘူးဆိုပါတော့''

''အသေအချာပါပဲ ကပ္ပိယကြီးရယ်''

''အင်း . . . မောင်ရင်လေးရဲ့အဖြစ်က မယုံနိုင်စရာမှာ ထပ်

ပြီး မယုံနိုင်စရာဖြစ်နေပါလား ဟရို့ . . . ဟား ဟား ဟား''

ကပ္ပိယကြီးဦးခင်ဇော်သည် လူရဲ၏စကားကို လက်ခံယုံ

ကြည်ပုံမရဘဲ လှောင်ရယ်ရယ်လျက်ရှိတော့၏။

''ကပ္ပိယကြီး ယုံချင်ယုံ မယုံချင်နေ ကျွန်တော်ကတော့

အဲဒီမြသန္တာဆိုတဲ့ အမျိုးသမီးချောချောကို တကယ်တွေ့ခဲ့၊ စကား

ပြောခဲ့ရတာဗျ။ သူ့ကို ငေးကြည့်ရင်း ရင်ထဲမှာ ခံစားချက်တစ်မျိုး

ဖြစ်ပေါ်လာတယ်ဗျ။ ဘယ်လိုခံစားချက်မှန်း မသိဘူး။ စော်ကား

ချင်မှာချင်တဲ့စိတ်မျိုးတော့ မဟုတ်ဘူး။ လေးစားချစ်ခင်တဲ့ စိတ်မျိုးပဲ

ဖြစ်ပေါ်လာတယ် ကပ္ပိယကြီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက သဘာဝမကျတာ၊ ယုတ္တိမတန်တာ"

ကပ္ပိယကြီးဦးခင်ဇော်က နှုတ်ခမ်းထူထူကြီးတို့ကို မဲ့ရွဲ့ကာ ပြောလိုက်ပြီးနောက် ဖားဖိုကိုသာ ဖိဆွဲနေတော့၏။

လူရဲလည်း ဆက်ပြောနေလျှင် အကျိုးထူးမည်မဟုတ် တော့သဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။

သူက တင်ပါး၌ပေနေသည့် ဖုတ်မှုန့်တို့ကို လက်ဖြင့် ပုတ်ခါရင်း ကပ္ပိကြီးကို စောင်းငဲ့ကြည့်ကာ မခံချိ မခံသာလေသံ ဖြင့် ပြောလိုက်၏။

"အေးပေါ့ဗျာ . . . တစ်နေ့တော့ ကပ္ပိယကြီးကို လက်ဖွေ ပြရသေးတာပေါ့။ တစ်ခုရှိတာက မမြသန္တာက သူနဲ့တွေ့တာ ဘယ်သူ့မှမပြောပါနဲ့လို့ မှာထားတယ်ဗျ။ ကျွန်တော်က ကပ္ပိယ ကြီးဟာ ရွာရိုးကိုးပေါက် လျှောက်သွားနေတော့ သူ့ကိုသိနိုင်တယ် ထင်ပြီး မေးကြည့်မိတာပါဗျာ"

"အေးပါ . . . အဲဒီတော့ မင်းသိသွားပြီမဟုတ်လား။ အဲ မြသန္တာဆိုတဲ့မိန်းမက တကယ်မရှိဘူး။ မင်းဟာ ဒီရွာဆီအလာမှာ ကျတ်မိသားစုတွေနဲ့တွေ့ပြီး အတွင်းစိတ်က ချောက်ချားသွေးပျက်





သွားတာ ဖြစ်မယ်ကွ။ ဒါကြောင့်လည်း စိတ်ထဲ ထင်ချင်ရာထင် မြင်ချင်ရာမြင်နေတာပေါ့"

"တော်ပါတော့ဗျာ . . . ကပ္ပိယကကြီးက ကျွန်တော် ထင် ချင်ရာထင် မြင်ချင်ရာမြင်ပြီး ပေါက်ကရလျှောက်ပြောနေတယ်လို့ လည်း စွပ်စွဲနေတော့တာကိုး။ ဘုရားစူးရစေရဲ့ တကယ်တွေ့ခဲ့ တာ ကဲပါဗျာ . . . အဲဒါတွေထားလိုက်ပါတော့ အရေးကြီးတာက မမြတ်သန္တာနဲ့ ကျွန်တော်တို့ တွေ့တဲ့အကြောင်း ဘယ်သူ့မှ လျှောက်မပြောနဲ့နော် ကပ္ပိယကြီး"

ကပ္ပိယကြီးဦးခင်ဇော်က ခါးပုံစထဲမှ ကွမ်းတစ်ရာထုတ် စားလိုက်ရင်း လေးလေးပင်ပင် ကတိပြု၏။

"စိတ်ချပါကွာ . . . ငါ ဘယ်သူ့မှ မပြောပါဘူး။ ပြောလည်း ဘယ်သူမှယုံမှာ မဟုတ်ဘူး။ ငါပဲ အရူးဖြစ်မှာ . . . ဟဲ ဟဲ ဟဲ"

လူရဲ ခေါင်းရမ်းလျက် ဖိုရုံထဲမှ ထွက်ခဲ့တော့၏။

❏



www.burmeseclassic.com

www.burmeseclassic.com

အစကတော့ ဆွေမျိုးသားချင်းမရှိတော့သည့် သံသောချောင်းရွာလေးတွင် လေးငါးရက်ခန့်သာနေမည်ဟု လူ့ရဲ စိတ်ကူးထားခဲ့၏။

ယခုတော့ မြသန္တာဆိုသော မိန်းမချောနှင့် တွေ့ပြီးသည့်နောက်ပိုင်း လူ့ရဲသည် သံသောချောင်းရွာမှ မခွာနိုင်အောင် ဖြစ်နေရတော့သည်။

သူက မြသန္တာကို ထပ်တွေ့ချင်နေသည်။

''အင်း . . . ငါ မမြသန္တာကို ထပ်တွေ့ချင်တယ်။ သူက





သူ့ရဲ့မွေးနေ့ဖြစ်တဲ့ ကြာသပတေးနေ့မှာမှ စေတီလေးဆီလာပြီး ကုသိုလ်ကောင်းမှုပြုတာတဲ့။ အဲဒီတော့ လာမယ့်ကြာသပတေးနေ့အထိ စောင့်ကြည့်ရမယ်''

သို့ဖြင့် လူ့ရဲမှာ သံသောချောင်းရွာလေးတွင် သောင်တင်နေတော့၏။

''ကြာသပတေးနေ့ရောက်ဖို့ လေးရက်တောင်လိုသေးတာပဲ။ ပျင်းလိုက်တာ၊ ရွာထဲ သွားလည်ဦးမှပဲ''

နောက်တစ်နေ့ နေ့ခင်းမှာပင် လူ့ရဲတစ်ယောက် ရွာထဲသို့ လျှောက်သွားခဲ့တော့၏။

သူက သောက်နေကျ စီးကရက်ကုန်သွားသဖြင့် ခွာညိုတို့ဆိုင်တွင် ရလိုရငြား ရွာလယ်ပိုင်းဆီ ဦးတည်လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

''ဟော . . . အစ်ကိုပါလား။ ဘာတွေအလိုမကျဖြစ်လာသလဲ၊ မျက်နှာကြီးက သုန်မှုန်လို့''

ခွာညိုက ဆိုင်ထဲသို့ လှမ်းဝင်လာသည့် လူ့ရဲကို မြင်သည်နှင့် ပြုံးပြီး ရင်းရင်းနှီးနှီး ကြိုဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်နက်စီးကရက် လာဝယ်တာ ခွာညိုရဲ့"

ခွာညို၏မျက်ဝန်းအစုံ ဝိုင်းခနဲဖြစ်သွားသည်။ ပြီးမှ ရယ်ချင်ပက်ကျိဖြင့် ပြောသည်။

"အို ... အစ်ကိုကလည်း မြို့နဲ့အလှမ်းဝေးလှတဲ့ ဒီလိုနေရာမျိုးမှာ ဘယ်က စီးကရက်ရှိမှာလဲ။ ခွာညိုတို့ရွာမှာ စီးကရက် သောက်သူမရှိဘူး အစ်ကိုရဲ့"

"ဩော် ... အင်းလေ၊ ဒါဆိုလည်း ဖက်ကြမ်းတစ်လိပ် လောက်ရောင်းပါကွာ"

ခွာညိုက ဆေးလိပ်လှမ်းပေးရင်း လေးတိလေးကန်ဖြစ် နေသည့် လူရဲကို အကဲခတ်ကြည့်လျက် သက်ပြင်းလေး ရှိုက် လိုက်မိတော့၏။

"အစ်ကို ဒီရွာမှာနေရတာ မပျော်ဘူးလားဟင်၊ မျက်နှာ လည်း မကောင်းသလိုပဲ"

လူရဲက သူမ လှမ်းပေးသည့် ဖက်ကြမ်းဆေးလိပ်ကို လှမ်းယူလိုက်ပြီးနောက် ကြေးမီးခြစ် ခြစ်ကာ မီးညှိသည်။ သူက သုံးလေးဖွာလောက် ရှိုက်ဖွာလိုက်ပြီးမှ ငြင်းချက်ထုတ်၏။





"ဒီရွာမှာနေရတာ မပျော်လို့မဟုတ်ပါဘူး ခွာညိုရယ်။ စိတ်ထဲမှာ ဇဝေဇဝါဖြစ်စရာကိစ္စလေးရှိနေလို့ အဲဒီကိစ္စဆီ စိတ် ရောက်နေတာနဲ့ တွေတွေငေးငေး ဖြစ်နေမိတာပါ"

ထိုအချိန်တွင် ဈေးဝယ်သူနှစ်ဦးသုံးဦး ရောက်လာသဖြင့် စကားပြတ်သွားကြသည်။

ပြီးမှ လူရဲက စကားဆက်လေ၏။

"အစကတော့ ဒီရွာမှာ လေးငါးရက်လောက်ပဲနေမယ်လို့ စိတ်ကူးတာပဲ ခွာညိုရဲ့။ ဒါပေမဲ့ ... အကြောင်းထူးတစ်ခုရှိတာနဲ့ ဆော်တော်တော်ကြာအောင် နေရမလိုဖြစ်နေတယ်"

ခွာညိုက ရွှန်းလက်စွာပြုံးလိုက်သည်။

"နေပေါ့အစ်ကိုရဲ့၊ အစ်ကို့မှာ နောက်ပိုင်းရှင်းရင် နောက် ဆံတင်းစရာမရှိရင် ခွာညိုတို့ရွာလေးမှာ အစ်ကိုပျော်သလောက် နေပေါ့။ ဒါထက် ... အစ်ကို စောစောကပြောတဲ့ အကြောင်းထူး ဆိုတာ ဘာလဲဟင်။ ခွာညို့ကို ပြောပြနိုင်ရင် ပြောပြပါလား"

လူရဲက ခေါင်းရမ်းသည်။

"ခုတော့ ဘာမှပြောလို့မဖြစ်သေးဘူး ခွာညို။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ရလာတဲ့အခါကျမှ လုံးစေ့ပတ်စေ့ ပြောပြပါ့မယ်”

ခွာညိုက မျက်စောင်းလေးခဲကာ အပြစ်တင်စကားဆို သည်။

“ဟွန်း . . . အစ်ကိုတို့ကတော့ လျှို့ပြီ”

လူရဲသည် ခွာညိုတို့ဆိုင်တွင် ဆေးလိပ်မှအစ လိုအပ် တာလေးများ မကြာခဏ လာလာဝယ်ရင်း ခွာညိုနှင့် တော် တော်လေး ရင်းနှီးလာခဲ့ပြီဖြစ်၏။

“ဒါထက် ခွာညို . . . ဒီရွာမှာ မြသန္တာဆိုတဲ့အမျိုးသမီး ရှိသလားဟင်။ အဲဒီနာမည်ရော ကြားဖူးသလား”

“ဟင့်အင်း . . . ဒီရွာမှာ အဲဒီနာမည်မျိုးနဲ့ မရှိပါဘူး။ ကြား လည်း မကြားဖူးဘူး။ ဘာဖြစ်လို့လဲဟင်”

“အဲ . . . ဘာမှမဖြစ်ပါဘူး။ ဒီရွာမှာများ ရှိသလားလို့ပါ”

“မြသန္တာ . . . မြသန္တာ”

ခွာညိုက ထိုနာမည်ကို သံယောင်လိုက်ကာ ခပ်တိုးတိုး ဖွဖွ ရေရွတ်လိုက်လေသည်။ ယင်းသို့ ရေရွတ်ရင်း တစ်စုံတစ်ရာ ကို သတိရလိုက်ဟန်ဖြင့် မျက်မှောင်လေး အတွန့်ချိုးလိုက်လေသည်။





“အင်း . . . နေပါဦး။ အဲဒီနာမည်ကို တစ်နေရာရာမှာ ကြားဖူးသလိုပဲ”

လူရဲ လိုက်ခနဲ ဝမ်းသာသွားသည်။

“ဟင် . . . မြသန္တာဆိုတဲ့နာမည်ကို ကြားဖူးတယ်ဟုတ် လား။ ဘယ် . . . ဘယ်မှာကြားဖူးတာလဲ ခွာညို၊ ဘယ်တုန်းက ကြားဖူးတာလဲ”

ပျာပျာသလဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည့်လူရဲကို ခွာညိုက အဖြစ်သည်းရန်ကောဟု၍ မျက်စောင်းလေးခဲလိုက်လေ သည်။

“နေပါဦး . . . မလောနဲ့။ ခွာညို စဉ်းစားပါရစေဦး”

“ဪ . . . အေး အေး . . . စဉ်းစား စဉ်းစား”

ခွာညိုက ဈေးဆိုင်ခုံပေါ်တွင်ထိုင်ရင်း ခေါင်းကလေး မော့ကာ မေးစေ့လေးကို လက်ညိုးလေးတစ်ချောင်းဖြင့် ထောက် လျက် စဉ်းစားသလို လုပ်နေ၏။

လူရဲက ဈေးဆိုင်ခုံ၏ရှေ့မျက်စောင်းထိုးရှိ ခုံတန်းလျား လေးပေါ် ထိုင်လျက်မှ အသားညိုချောမလေး ခွာညို၏မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ကြီးစွာဖြင့် ငေးမောကြည့်နေသည်။

ထိုသို့ ငေးကြည့်ရင်း ညိုစိမ့်စိမ့်လေးဖြင့် လှပနေသည့် ခွာညို၏အလှကို သူ မှတ်မှတ်ထင်ထင် သတိပြုမိသွားသည်။

"အင်း . . . ခွာညိုဟာ အတော်လှတဲ့ မိန်းကလေးပါလား"

ထိုစဉ် ဈေးဝယ်သူများရောက်လာသဖြင့် ခွာညိုမှာ ဈေး ထရောင်းနေရလေသည်။

ဈေးဝယ်သူများလိုအပ်သမျှကို သွက်သွက်လက်လက် ချိန်တွယ်ထုပ်ပိုးရောင်းချနေသည့် ခွာညို၏လှုပ်ရှားမှုတို့ကို အမှတ်မထင် လိုက်ငေးကြည့်နေရင်း ဘာကြောင့်မှန်းမသိ လှူရဲ့ ရင်က တသိမ့်သိမ့်ခုန်လာလေသည်။

"ဟင် . . . ခွာညိုကိုကြည့်ရင်း ငါ ဘာဖြစ်လို့ ရင်ခုန်လာရပါလိမ့်"

"အင်း . . . မမြသန္တာကို အနီးကပ်သေသေချာချာကြည့်ခွင့်ရတုန်းက ငါ ဒီလိုမျိုးရင်မခုန်မိပါဘူး။ ဘာ . . . ဘာကြောင့် အဲဒီလို ကွာခြားနေပါလိမ့်"

ခွာညိုက ပဒုမ္မာပွင့်ရိုက်လက်ပြတ်အင်္ကျီ သခွားစေ့





အရောင်လေးကို မာစလိုက်လုံချည်ပြောင် အညိုရောင်လေးနှင့် တွဲဖက်ဝတ်ထားလေသည်။ အဖျားနား၌ ဖဲကြိုးအဝါရောင်လေး များ ညှပ်ထားသည့် ဖွတ်မြီးထိုးဆံပင်နှစ်ခွကို ကျောဘက်၌ ချထားသော ခွာညို၏မျက်နှာဖူးဖူးလေးမှ နဖူးပြေပြေလေးအပေါ် ဆံမြိတ်လေးများ အိုကရှိ ဝဲကျနေပာန်က ချစ်စဖွယ်နုပျိုလှပ လွန်းနေသည်ပဲ။

တကယ်ဆို အနီအသားညိုချောမလေးထက် မြသန္တာက နုန်းဆန်ဆန် အထက်တန်းကျကျဖြင့် အများကြီး ပိုမိုလှပချော မောသော်လည်း မြသန္တာထက် ခွာညိုက သူ၏စိတ်နှလုံးကို ဘာကြောင့် ပိုမိုဆွဲဆောင်နိုင်မှန်းမသိ။

သို့သော် မြသန္တာကို ထပ်မံတွေ့မြင်လိုစိတ်ကလည်း မြင်းပြနေဆဲဖြစ်သည်။

သူ တွေငေးနေဆဲမှာပင် ခွာညိုက ဈေးဝယ်သူတို့ ရှင်းသွားပြီဖြစ်သဖြင့် ဈေးဆိုင်ခုံပေါ်မှဆင်းလာကာ သူ့နံဘေး ခုံတန်းလျားပေါ်တွင် လာထိုင်သည်။

"အစ်ကိုလူရဲ . . . ဈေးရောင်းရင်းနဲ့ စဉ်းစားမိသွားပြီ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဩော် . . . ဘာရမှာလဲ၊ မြသန္တာဆိုတဲ့နာမည်ကို ဘယ်တုန်းက ကြားဖူးပါလိမ့်ဆိုတာကိုလေ"

"ဩော် . . . အေး . . . ပြောပါဦး ခွာညို၊ ဘယ်တုန်းက ဘယ်နေရာမှာ ကြားဖူးတာလဲဟင်"

"ဒီလိုအစ်ကိုရဲ့ . . . ဒီရွာရဲ့ ဟိုးမြောက်ဘက်ဆုံးက ခြိုင်း ထဲမှာ တဲလေးတစ်လုံးရှိတယ်။ အဲဒီတဲလေးမှာ အဘွားမင်းဖုံနေခဲ့ တယ်။ အဘွားမင်းဖုံက သူ့ခြံနောက်ပိုင်းက မြေကွက်လပ်ထဲမှာ ရာသီပေါ်သီးနှံလေးတွေစိုက်ပြီး တစ်ယောက်တည်း အေးအေးလူလူ နေခဲ့တာ ခွာညိုတို့ ငယ်ငယ်ကလေးဘ၀ကတည်းကပဲ . . .၊

အဘွားမင်းဖုံက အပျိုကြီး။ သားထောက်သမီးခံမရှိဘူး။ သဘောအရမ်းကောင်းတယ်။ ကလေးတွေကို ချစ်တတ်တယ်။ သူ့ခြံကကျယ်တော့ ခွာညိုတို့ ကလေးဘ၀ကဆို အဲဒီခြံထဲမှာ တစ်နေကုန် သွားဆော့ကြတာပဲ။ ဆော့လို့မောရင် အဘွားမင်းဖုံက သူ့ခြံထွက်၊ မာလကာသီး၊ နာနတ်သီး၊ သဘော်သီးမှည့်တွေ ခွဲ ကျွေးတယ်။ ပြီးတော့ . . . နေ့ခင်းဘက်ကျရင် တဲရှေ့က မန်ကျည်း





ပင်အောက်မှာ ဖျာကြမ်းကြီးခင်းပြီး ကလေးတွေကို စုထိုင်ခိုင်း တယ်။ အဲဒီမှာ ပုံပြင်တွေ နေ့တိုင်းလိုလို ပြောပြခဲ့တယ် အစ်ကို ရဲ့"

"အင်း . . . ဆိုပါဦး"

"တစ်နေ့မှာတော့ ဘွားမင်းဖုံက ပုံပြင်တစ်ပုဒ် ပြောပြ ခဲ့တယ်။ ဒါပေမဲ့ . . . အဲဒါက တကယ့်အဖြစ်အပျက်ပဲ။ ဘွားမင်းဖုံ ပြောတာက ရွာမြောက်ဘက်က သံသေဒဇတောအုပ်ထဲမှာ ရှေး ခေတ်ဘုရင်တစ်ပါး မြှုပ်နှံထားတဲ့သိုက်ရှိတယ်တဲ့။ အဲဒီသိုက်ကို စောင့်တဲ့ ဥစ္စာစောင့်မောင်နှမ သုံးယောက်ရှိပြီး အကြီးဆုံးအစ်ကို က သိုက်ချုပ်တဲ့။ သူ့နာမည်တော့ မေ့သွားပြီ။ အဲဒီသိုက်ချုပ် အစ်ကိုရဲ့အောက်က ညီမနှစ်ယောက်ဟာ ဥစ္စာစောင့်မလေးတွေ ရှိပြီး သူတို့ရဲ့နာမည်တွေက မြနန္ဒာနဲ့ မြသန္တာတဲ့ အစ်ကိုရဲ့"

လူရဲက ညိုချောမလေး၏မျက်နှာကို ငေးစိုက်ကြည့်ရင်း စိတ်ဝင်စားစွာ နားထောင်လျက်ရှိလေသည်။

"မြနန္ဒာနဲ့ . . . မြသန္တာ . . . ဟုတ်လား ခွာညို"

"အင်း . . . ဟုတ်တယ်အစ်ကိုရဲ့။ အဲဒီ ဥစ္စာစောင့်ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



ထဲက ညီမဖြစ်သူ မြသန္တာဟာ သိုက်ထဲမှာပဲ နှစ်ပေါင်းများ
နေရတာကို ငြီးငွေ့လာတာနဲ့ တစ်နေ့မှာတော့ လူ့ပြည်ဆီ ခဏ
သွားခွင့်ပြုဖို့ အစ်ကိုဖြစ်သူ သိုက်ချုပ်ဆီမှာ ခွင့်တောင်းတယ်
. . . ၊

အစ်ကိုဖြစ်သူ သိုက်ချုပ်ကလည်း ခွင့်မပြုဘူးတဲ့။ ဒါပေ
. . . ဥစ္စာစောင့်မလေး မြသန္တာက သူ့ကိုလူ့ပြည်ဆီ ခဏ အလည်
သွားဖို့ ပူဆာမြဲ ပူဆာနေသတဲ့ . . . ၊

ကြာတော့ အစ်ကိုဖြစ်သူ သိုက်ချုပ်က ခွင့်ပြုလိုက်
တယ်တဲ့။ ဒါပေမဲ့ . . . လူ့ပြည်ဆီ နှစ် (၂၀) ပဲ သွားခွင့်ပြုလိုက်တ
တဲ့ . . . ၊

အဲဒီ ဥစ္စာစောင့်မလေး မြသန္တာဟာ လူ့ပြည်ရောက်
သွားတဲ့အခါ ချစ်သူတွေ့သွားတယ်တဲ့။ အဲဒီလိုချစ်သူတွေ့သွား
ဥစ္စာစောင့်မလေး မြသန္တာဟာ အစ်ကိုနဲ့အစ်မရှိရာသိုက်ဆီ မပြ
ချင်တော့ဘူးတဲ့။ ဒါကြောင့် သူ့ချစ်သူနဲ့အတူ ဝေးရာဆီ ထွက်ပြေ
သွားတာ ပြန်ကိုမလာတော့ဘူးတဲ့ . . . ၊

မြသန္တာရဲ့အစ်ကို သိုက်ချုပ်က အရမ်းဒေါသထွက်ပြီ





ညီမအငယ်ကို နေ့တိုင်း ကြိမ်စကြာနဲ့ရိုက်ရိုက်ခေါ်နေတယ်တဲ့။
ဘက် လူခြေတိတ်ချိန်ဆိုရင် ကြိမ်စကြာရိုက်သံကို အဲဒီမြောက်
တောအုပ်ဘက်ကနေ ကြားရတတ်တယ်လို့ ဘွားမင်းဖဲက
ပြောတယ်အစ်ကိုရဲ့ . . . ၊

ဘွားမင်းဖဲက ဘာပြောသလဲဆိုတော့ ကလေးတို့ ညဥ့်
နက်သန်းခေါင်ယံကျော်ချိန်မှာ အိပ်လို့မပျော်ရင် နားစွင့်ကြည့်ကြတဲ့
မြောက်ပိုင်း တောအုပ်ဘက်ဆီက ကြိမ်စကြာနဲ့ရိုက်သံကို ကြား
ရမယ်တဲ့ . . . ၊

ဘွားမင်းဖဲက အဲဒီပုံပြင်လေးပြောပြတော့ ခွာညီတို့လည်း
ညဥ့်သန်းခေါင်ယံအထိ မအိပ်ဘဲ စောင့်နားထောင်ကြည့်ကြ
တယ်သိလား။ ဒါပေမဲ့ . . . ကြိမ်စကြာရိုက်သံကို တစ်ခါမှ မကြားမိ
ဘူး အစ်ကိုရယ်”

“ဒါဆို . . . အဲဒီပုံပြင်ထဲက မြသန္တာဟာ သိုက်ကို ပြန်
ရောက်သွားသလား။ သူ့ချစ်သူနဲ့ရော ပြန်ပေါင်းရရဲ့လား”

“အဲဒါတော့မသိဘူး အစ်ကိုရဲ့။ ဘွားမင်းဖဲက ဥစ္စာ
စောင့်မလေး မြသန္တာကိုပြန်ခေါ်တဲ့ ကြိမ်စကြာရိုက်သံကို နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြလို့သာ ပြောတယ်။ ဘာမှ ထပ်မပြောတော့ဘူး။ ခွာည
တို့လည်း မမေးမိတော့ဘူး . . .၊

အဲဒီနောက် ခွာညိုတို့ အသက်ဆယ်နှစ်လောက်မှာ
ဘွားမင်းဖဲဟာ ကွယ်လွန်သွားတယ် အစ်ကိုရဲ့"

"ဩော် . . . ဟုတ်လား"

"အင်း . . . အဲဒီတုန်းက မြသန္တာဆိုတဲ့ နာမည်လေး
ကြားခဲ့ဖူးတာပါပဲ အစ်ကို"

လူရဲမှာ တွေတွေဝေဝေ ဖြစ်သွားရတော့၏။

ထိုစဉ် ခွာညို၏မိခင် ဒေါ်နွဲ့ရီသည် အိမ်နောက်ဖေ
မီးဖိုဆောင်ထဲမှ ချက်ပြုတ်ပြီး၍ အိမ်ရှေ့ဧည့်ဆိုင်ဆီထွက်လာ
လူရဲလည်း ပြောလက်စ စကားကိုဖြတ်ပြီး အိမ်ဝိုင်းထဲမှ ထွက်
တော့၏။

ထိုနေ့က ရွာလယ်မှသည် တည်းခိုရာ ဘုန်းတော်ကြီး
ကျောင်းဆီ ပြန်လာသည့်လမ်းတွင် ခွာညိုပြောခဲ့သည့်ပုံပြင်ထေ
ကို ပြန်လည်ကြားယောင်လျက်သာ ရှိပါတော့၏။

"ခွာညိုပြောခဲ့တဲ့ ဥစ္စာစောင့်မလေး မြသန္တာဟာ





တွေ့ခဲ့ရတဲ့ မမြသန္တာနဲ့ ဘယ်လိုမှ ပတ်သက်ပုံမရပါဘူး။ သူကြား
ခဲ့ပုံပြင်က ကြာလှပြီပဲ"

"ငါတွေ့ခဲ့ရတဲ့ မမြသန္တာက အသက်နှစ်ဆယ်ကျော်
စိတ်လောက်ပဲရှိတယ်။ နာမည်ချင်းတူသွားတာပဲ ဖြစ်ရမယ်"

မည်သို့ဖြစ်စေ နောက်ရက်များတွင် လူရဲသည် ချစ်စဖွယ်
သားညိုချောမလေး ခွာညိုကို ရင်မှန်စွာ သတိရလျက် ရှိသလို
သန္တာကိုလည်း နေ့စဉ်မပြတ် သတိရလျက် ရှိလေ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# တောထဲမှစံအိမ်ကြီး

ကြာသပတေးနေ့နံနက်စောစောမှာပင် ရွာမြောက်ဘက်ရှိ သံသေဒဇတောစပ်သို့ မြူနှင်းမှုန်ထုဖွေးဖွေးကို ဖြတ်သန်းကာ လျှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားလိုက်၏။

မြသန္တာကို တွေ့မှတွေ့ရပါ့မလားဟူသော စိုးရိမ်စိတ်ကြောင့် သူ စိတ်စောလျက် ရှိသည်။

မြူနှင်းမှုန်ဖွေးဖွေးတို့ ဖုံးလွှမ်းထားသည့် ချုံနွယ်ပိတ် ပေါင်းတို့ကြားမှ ကွေ့ပိုက်ဖြတ်သန်းကာ ရှေးဟောင်းစေတီလေး ဆီ လျှောက်လာခိုက်ဝယ် ဘုရားပရဝုဏ်ဆီမှ တံမြက်စည်းလှဲသံ





ရွဲရွဲကို ကြားနေရလေသည်။

"ဟင် ... ဘုရားပရဝုဏ်ထဲမှာ ဘယ်သူ တံမြက်စည်း လှဲနေပါလိမ့်"

မြူနှင်းတို့ ထူထပ်စွာကျနေသဖြင့် ဝန်းကျင်တွင် ရှေ့နောက်ဝဲယာသို့ ဆယ်ပေခန့်ထက် သဲကွဲစွာ ပိုမမြင်ရချေ။

သူ ဘုရားပရဝုဏ်ထဲ ခြေလှမ်းဝင်လာမှ ဖြူလွလွ အရိပ်တစ်ရိပ်က တံမြက်စည်းလှဲလျက်ရှိသည်ကို တွေ့ရတော့သည်။

"မမမြသန္တာ"

အဖြူရောင်ဇာအကျႌရင်စေ့လက်ရှည်လေးနှင့် ချိတ်ထဘီအဖြူလေးကို လိုက်ဖက်စွာ ဝတ်စားထားသည့် မြသန္တာက သူ့ကို လှည့်ကြည့်ပြီး ပြုံးလိုက်၏။

"မမမြသန္တာ ဘုရားပရဝုဏ် သန့်ရှင်းရေးလုပ်ပြီး ကုသိုလ်ယူနေတာလား။ ကျွန်တော်လည်း မမမြသန္တာနဲ့အတူ ကုသိုလ်ယူပါရစေ။ တံမြက်စည်း ကျွန်တော့်ကိုပေးလေ"

"ကောင်းတာပေါ့ မောင်လေးရယ်။ ကုသိုလ်ကောင်းမှုပြုဆယ်ဆိုတာ ကောင်းတာပေါ့။ တံမြက်စည်းတော့ မမပဲ လှည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ့မယ်ကွယ်။ မောင်လေးမှာ မီးခြစ်ပါလားကွဲ့"

"ဟုတ်ကဲ့ . . . ပါပါတယ် မမ"

"အေး . . . အဲဒါဆို ဟောဟိုမှာ မမလှည်းပြီးပုံထားတဲ့ သစ်ရွက်ခြောက်အမှိုက်တွေကို မီးရှို့လိုက်လေ ဟုတ်လား"

"ဟုတ်ကဲ့ မမ"

လှရဲက ဘုရားပရဝုဏ် အပြင်ဘက်၌ပုံထားသည့် သစ်ရွက်ခြောက်ပုံအား အင်္ကျီအိတ်ကပ်ထဲမှ ကြေးမီးခြစ်ကို ထုတ်ခြစ်ကာ မီးရှို့တော့၏။

မီးပုံက မီးတောက်တက်လာသည်တွင် ဝန်းကျင်ဝယ် အနွေးဓာတ်လေးရလာသည်။

မြသန္တာက နောက်ထပ် သစ်ရွက်ခြောက်များ လှည်းကျင်းလာပြီး မီးပုံဝယ် စလောင်းစာအားဖြည့်လိုက်၏။

ပြီးတော့ သူမက တံမြက်စည်းကို ခပ်လှမ်းလှမ်းမှ နံရံချိုတွင် သွားထောင်ထားလိုက်ပြီးနောက် မီးပုံဘေးတွင် ဆောင့်ကြောင့်လေးလာထိုင်ကာ လက်ဖဝါးနုနုလေးတို့ကို ပြန့်လျက် မီးလှုံလေသည်။





မီးပုံမှ မီးညွန့်မီးစွယ်လေးများနှင့် မီးခိုးငွေ့ဖြူဖြူတို့ကြား မျက်နှာချင်းဆိုင်တွင် မြင်နေရသော မြသန္တာ၏မျက်နှာရှင်းရှင်းလေးကို ငေးကြည့်ရင်း လှရဲ၏ရင်၌ ကြည်နူးဆွတ်ပျံ့မှုရသင်မျိုးခံစားနေရလေသည်။

ခေါင်းလေးငုံ့ထားရာမှ မော့လာသည့် မြသန္တာက သူ့ကို မျက်မောင်လေးအတွန့်ချိုးကြည့်လိုက်ပြီးနောက် –

"ဟေး မောင်လေး . . . မမကို ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲ"

ဟု ဆည်းလည်းသံနယ် သာယာလှသည့် အသံလေးဖြင့် မေးလိုက်လေသည်။

လှရဲကပြုံးရင်းဖြေသည်။

"မမရယ် . . . ကျွန်တော်လေ ဘာကြောင့်မှန်းမသိဘူး မမရဲ့မျက်နှာကိုမြင်နေရရင် ရင်ထဲမှာ အေးမြနေတာပဲ"

မြသန္တာက ရွှန်းလဲ့လဲ့မျက်ဝန်းများဖြင့် သူ့ကို အတန် ကြာစိုက်ကြည့်နေပြီးမှ သိမ်မွေ့စွာ ပြုံးလိုက်ပြီး ခပ်တိုးတိုး ပြောသည်။

"ဟုတ်တယ် . . . မမလည်း မောင်လေးရဲ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာ ရင်ထဲမှာ အရမ်းအေးမြနေတာပဲ။ စောစောက တံမြက် စည်းလှည်းရင်း မောင်လေး လာမှ လာပါ့မလားလို့ မမ နေမိသေးတာ။ မောင်လေးကို တွေ့ရမှ ရင်ထဲ အေးသွားတော တယ်''

''ဪ... ဒါထက် မမက ဘယ်မှာနေတာလဲဟင် ကျွန်တော် စုံစမ်းကြည့်တော့ မမဟာ သံသေချောင်းရွာမှာလည်း မနေဘူးလို့ သိရတယ်။ ဘယ်ရွာမှာနေပြီး ဒီဘုရားလေးဆီ လာ လာနေတာလဲဟင်''

လူရဲ၏အမေးစကားကြောင့် မြသန္တာ၏မျက်နှာလေးမှာ တည်တည်ငြိမ်ငြိမ်လေး ဖြစ်သွားလေသည်။ သူမက နှင်းဆွေ ဖြူဖြူတို့အကြားသို့ လုံးထွေးလွင့်ပျံ့ ဝင်ရောက်သွားကြသော မီးခိုးငွေ့ဖြူဖြူတို့ကို ငေးမောကြည့်လိုက်ပြီးနောက် သက်ပြင်းေ ချလိုက်လေသည်။

''မမဟာ သံသေချောင်းရွာကပါ။ သံသေချောင်းရွာမှာ နေခဲ့ဖူးပါတယ်။ သံသေချောင်းရွာမှာ မနေချင်တော့လို့ ရွာထဲ မ တော့တာပါ။ မမက အခု ဒီသံသေဒဇတောထဲက အိမ်မှာ





နေတယ်''

စေတီလေးရှိရာ ကုန်းမြင့်လေး၏တစ်ဖက်ရှိ တောညို့ညို့ကို လှမ်းကြည့်ရင်း လူရဲ အံ့အားသင့်သွားလေသည်။

''ဟင်... မမက ဒီတောထဲမှာနေတယ် ဟုတ်လား။ အဲဒီထဲမှာ အိမ်ရှိသလား''

မြသန္တာကပြုံးလိုက်သည်။

''ရှိတာပေါ့... မောင်လေး လိုက်လည်ချင်လို့လား''

''အာ... လိုက်လည်လို့ရရင် လိုက်လည်ချင်တာပေါ့ မမရဲ့''

''ကဲ... ဒါဆိုလာ လိုက်ခဲ့''

မြသန္တာက ဖိတ်ခေါ်ပြီးနောက် ထိုင်ရာမှအသာထသည်။ ပြီး သူမက စေတီလေးကို ဦးညွတ်ကန်တော့လိုက်သည်။

ပြီးမှ ဘုရားပရဝုဏ်ကို ကျော့ပတ်ကာ တောအုပ်ညို့ညို့ဆီသို့ ခပ်ဖြည်းဖြည်း လှမ်းလျှောက်သွားရာ လူရဲလည်း စေတီကို ကပျာကသီရှိခိုးပြီးနောက် သူမနောက်သို့ ခပ်သုတ်သုတ် လိုက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူမတို့က ချုံနွယ်တို့ကြားမှ ကွေ့ပတ်လျှောက် လှမ်းလာကြသည်။

နှင်းတို့က မိုးလင်းမှ ပိုကျသည်ထက်ကျလာကာ ဝန်း ကျင် အရပ်ရှစ်မျက်နှာတစ်ခွင်လုံး ဖွေးဖွေးလှုပ်လျက်ရှိတော့၏။ ရှေ့တ နှစ်ကိုက် သုံးကိုက်ထက် ပိုမမြင်ရချေ။

လူရဲက မြသန္တာ၏နောက်မှ ခပ်မဆိတ်ပင် လိုက်ပါသွား သည်။ သူမထံမှ လွင့်ပျံ့လာသည့် မွှေးရနံ့တစ်မျိုးက နှင်းရနံ့တို့ နှင့်အတူ သူ့ရင်ကို အေးမြလန်းဆတ်စေသည်။

သံသေဒဇတောထဲသို့ အတန်ငယ်ဝင်ရောက်သွားပြီး သည်တွင် စုလစ်မွန်းချွန်တို့ဖြင့် တည်ဆောက်ထားသော မှေး ဆန်သည့် နှစ်ထပ် အိမ်မည်းမည်းကြီးတစ်လုံးကို လူရဲ တွေ့ရ၏။

အဖြူရောင်ဆေးသုတ်ထားသည့် စိန်တောင်များ၊ စုလစ် မွန်းချွန်များကြောင့် အိမ်ကြီးက ဘုန်းကြီးကျောင်းကြီးလိုလို နန်း တော်ကြီးလိုလို ဖြစ်နေသည်ဟု လူရဲ တွေးလိုက်မိသည်။

"မောင်လေး … လာ"

မြသန္တာက လူရဲ၏လက်ဖျားလေးကို ဆွဲကိုင်ပြီး အိမ်ကြီး၏





ဆင်ဝင်အောက်ဆီ လျှောက်လှမ်းသွားသည်။ နှင်းတို့အနည်းငယ် ကျဲသွားစပြုပြီမို့ အိမ်ကြီး၏ဝန်းကျင်မှ ရောင်စုံပန်းရုံများ၊ ပန်းချုံများ ကို မှုန်ပြီးဖွယ် တွေ့ရပြီး နှင်းဆမ်းသည့် လေပြည်ထဲတွင် မွှေးရနံ့ ပေါင်းစုံက ချိုမြိန်စွာ စီးမျောလျက် ရှိသည်။

သူ့လက်ကို ဖွဖွညင်သာ ဆုပ်ကိုင်ထားသည့် မြသန္တာ၏ လက်ဖဝါးလေးက နူးညံ့ပြီး နွေးထွေးလျက်ရှိ၏။

ထိုလက်ဖဝါးလေး၏ နူးညံ့နွေးထွေးမှုက သူ့လက်ဖျားမှ သည် လက်မောင်း လက်ရုံးသို့ စီးဝင်လျက်ရှိရာမှ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို နွေးထွေးမှုက စီးပြန့်သွားသည်ဟုထင်ရသည်။

ယင်းနွေးထွေးမှုက သူ့ရင်ကိုပါ နွေးထွေးစေပြီး လုံခြုံမှု အသိတစ်ခုကို ပေးစွမ်းသည့်နှယ် လူရဲ ခံစားလာရ၏။

ဆင်ဝင်ကြီးအောက်တွင် လွန်စွာ အသားမည်းနက်ပြီး အရပ်ဆိုးဆိုး ဝဝဖိုင့်ဖိုင့်လူကြီးတစ်ဦးက လူရဲကို မျက်မှောင်ကြီး ကြုတ်လျက် ရှုတည်တည်ကြီး စိုက်ကြည့်နေသည်။

ချမ်းအေးလှသည့်အချိန်ဝယ် ထိုလူကြီး၏ ခန္ဓာကိုယ် အပေါ်ပိုင်းမှာ ဗလာကျင်းလျက်ရှိပြီး မှိုမောက်သောရင်ဘတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ထိုးကွင်းမင်ကြောင်တို့ကို တွေ့ရသည်။

ထိုလူကြီးက ပုခိုးကွက်တုံးကြီးကို ခါးတောင်းကျိုက် ထားပြီး သူ့လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ဖားဖားကြီးရပ်ရာမှ လူရဲတို့အနီးသို့ ရောက်လာတော့ မြသန္တာအား ဦးညွှတ် လိုက်လျက် ဘေးသို့ဖယ်ပေးလိုက်၏။

မြသန္တာက ကျောက်သလင်းဖြူလှေကားထစ်များ နင်းတက်လာခဲ့ပြီး ဖွင့်ဟနေသည့် တံခါးဝမှ အိမ်ကြီးထဲသို့ လူရဲ ခေါ်သွားသည်။

စံအိမ်ကြီး၏ညှိခန်းဆောင်ကြီးထဲတွင် လှပသောမှိုင်း ကော်ဇောကြီးများကို ညှိဆောင်နှင့်အပြည့် ခင်းထားပြီး ကနုတ်ဖော်ထားသော နောက်မှီလက်ရန်းတို့ပါသည့် ကျွန်းထိုင် ကြီးများကို လှပစွာ ခင်းကျင်းထားသည်။

ပန်းကနုတ်ဘောင်ခတ် ကျွန်းမှန်ဗီရိုကြီးများအထဲတွင် ငွေတကောင်းများ ငွေဖလား၊ ငွေခွက်များ အစီအရီထည့်ထား ရှေးဟောင်းပစ္စည်းပြခန်းကြီးထဲ ရောက်နေသလား ထင်မှတ်ရ

မှန်ပြတင်းတို့ကိုပိတ်ထားပြီး ကတ္တီပါလိုက်ကာကြီးများ





ထားသဖြင့် ညှိခန်းဆောင်ကြီးမှာ မှောင်ရိပ်တို့သမ်းနေသော်လည်း ကျောက်ဖန်မီးအိမ်ငယ်များကို ထွန်းညှိထားဆဲမို့ နွေးထွေးစွာ လင်း လင်းလျက် ရှိသည်။

လူရဲမှာ ဝေးလံသီခေါင်သော ရွာဇနပုဒ်လေးအနီးရှိ တောအုပ်ထဲမှ အိမ်ကြီးတစ်လုံးထဲ ရောက်နေရသည်နှင့်မတူဘဲ ကုန်မြို့ရှိ လူကုံထံများ နေထိုင်သည့် ဘောင်ထရီလမ်း၊ ဒါမီယာလမ်းတို့ထဲမှ မြန်မာသူဌေးအိမ်ကြီးထဲ ရောက်နေရ သည်ဟု ထင်မြင်လာမိတော့၏။

"ထိုင်လေ ... မောင်လေး"

မြသန္တာက သူ့ကို ကျွန်းထိုင်ခုံကြီးတစ်လုံးတွင် ထိုင်ခိုင်း လိုက်ပြီး သူ့ရှေ့ရှိ ကျွန်းစားပွဲပုလေးပေါ်မှ ယွန်းအုပ်ကြီး၏အဖုံး ကို အသာမဖွင့်လိုက်လေသည်။

ယွန်းအုပ်ကြီးထဲတွင် အခွံနွာသင်ထားသည့် သစ်သီး များစုံကို တွေ့ရ၏။

မြသန္တာက လူရဲနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံပေးတွင် အသာထိုင်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ... သစ်သီးစားဦး"

ဟု ပြုံးလျက် လောကွတ်ပြုလိုက်သည်။

"ဒီမှာတော့ မမတို့က သစ်သီး သစ်ဥပဲစားတယ်။ ဒါ ကြောင့် ငါ့မောင်ကို ညှော်ခံကျွေးမွေးစရာ သီးနှံပဲ ရှိတယ်ကွဲ့၊ စားဦး"

"ဟုတ်ကဲ့"

လူရဲက သူမကျေနပ်စေရန် ယွန်းအုပ်ကြီးထဲမှ စပျစ်သီး တို့ကို ခြွေယူကာ စားလိုက်ရာ စပျစ်သီးတို့က ချိုမြလျက် ရင် အေးသွားစေလေ၏။

"ကဲ ... မမရဲ့အိမ်ကို လိုက်လည်ရလို့ ကျေနပ်ပြီလား ဟင်"

လူရဲက ရွှန်းလဲ့လဲ့မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်ရင်း မေးရှာသည်။ မြသန္တာကို ခေါင်းညိတ်ပြလိုက်ရ၏။

"ကျေနပ်ပါတယ် မမရဲ့။ ဒါထက် ဒီစံအိမ်ကြီးထဲမှာ မမ ဘယ်သူနဲ့နေတာလဲဟင်"

"အစ်ကိုတွေ အစ်မတွေနဲ့နေတာပေ့ါ။ သူတို့က ခုအချိန် ဆို အိမ်ပေါ်ထပ်မှာ ဘုရားဝတ်ပြုနေပြီလေ"





လူရဲက ညှော်ခန်းဆောင်ကြီး၏ထောင့်မှ ကျွန်းလှေကား ကြီးကို လှမ်းကြည့်လိုက်မိ၏။

"ကဲ မောင်လေး ... ခဏထိုင်ဦးနော်။ မောင်လေးကို လက်ဆောင်တစ်ခုပေးလိုက်ချင်လို့"

ပြောပြောဆိုဆိုဖြင့် မြသန္တာက ထိုင်ရာမှထရပ်လိုက်ပြီး အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးအတိုင်း တက်သွားရာ အိမ် အောက်ထပ်ညှော်ခန်းဆောင်ကြီးထဲတွင် လူရဲတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ခဏအကြာတွင် မြသန္တာက အောက်ထပ်သို့ ပြန်ဆင်း လာ၏။ သူမ၏လက်ထဲတွင် တစ်ထွာခန့်အမြင့်ရှိ ကျောက်စိမ်း ပန်းပုရုပ်တုလေးပါလာသည်။

မြသန္တာက လူရဲနှင့် မျက်နှာချင်းဆိုင်ရှိထိုင်ခုံတွင် ပြန် ထိုင်လိုက်ပြီး လက်ထဲမှ ပန်းပုရုပ်တုလေးကို လှမ်းပေးလိုက်သည်။

"ရော့ ... မောင်လေး။ ဒါ ... မမရဲ့လက်ဆောင်။ ဒီရုပ် တုလေးဟာ မမရဲ့ကိုယ်စားလို့ မှတ်လိုက် ဟုတ်လား"

လူရဲက လှမ်းယူလိုက်ပြီး ကျောက်စိမ်းပန်းပုရုပ်တုလေးကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ကြည့်လိုက်လေသည်။

စိမ်းမြကာ အရည်လဲ့နေသည့် ကျောက်စိမ်းသား

ထုဆစ်ထားသည့် မင်းသမီးဝန်းပုရုပ်တုလေးမှာ ခေါင်းဆောင်း စိ

ထိုင်မသိမ်းအင်္ကျီ ဇလာထဘီတို့ဖြင့် အချိုးအဆစ်ကျနှ လှပလှသည်

"မမရယ် . . . ဒီရုပ်တုလေးက လှလိုက်တာနော်။ ဒီရုပ်

လေးက ကျောက်စိမ်းရုပ်တုလေးဆိုတော့ တန်ဖိုးလည်း ကြီးမှာ

ဗျ။ ဒါ . . . ကျွန်တော့်ကို လက်ဆောင်ပေးတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ မောင်လေးရဲ့။ သဘောရောကျရဲ့လား"

လူရဲက ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို သေသေ

ချာချာကြည့်ပြီးနောက် –

"သဘောကျတာပေါ့ မမရယ်။ ဒီကျောက်စိမ်းမင်းသမီး

ရုပ်တုလေးရဲ့မျက်နှာကျပုံဟာ မမနဲ့ တော်တော်တူဟာပဲနော်"

ဟုပြောရင်း ရုပ်တုလေးကို ရင်ဘတ်၌ကပ်ထားလျက်မှ

မြသန္တာ၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ –

"ဒီကျောက်စိမ်းမင်းသမီးရုပ်တုလေးကို ကျွန်တော် တစ်

သက်လုံး မြတ်မြတ်နိုးနိုး သိမ်းထားမယ် မမ။ ဒီရုပ်တုလေးဟာ





မမရဲ့ကိုယ်ပွား ကိုယ်စားအဖြစ် ကျွန်တော် ထာဝရသိမ်းထားပါ့

မယ်"

မြသန္တာက လူရဲ၏မျက်နှာကို ရွှန်းလဲ့သောမျက်ဝန်းများ

ဖြင့် စိုက်ကြည့်ရင်း ခပ်တိုးတိုးဖွဖွ ပြောသည်။

"ဟုတ်တယ် မောင်လေး၊ အဲဒါ မမရဲ့ကိုယ်စား ကိုယ်

ပွားပဲ ဒီမင်းသမီးရုပ်တုလေးကို တွေ့တိုင်း မြင်တိုင်း မမကို

သတိရနိုင်ပါစေကွယ်"

"စိတ်ချပါ မမရယ်။ ကျွန်တော် အမြဲသတိရနေမှာပါဗျာ"

မြသန္တာက ခေါင်းကို ဖြည်းညင်းစွာညိတ်ကာ ပြုံးလျက်

ပြောသည်။

"ကဲ မောင်လေး . . . မမရဲ့အိမ်ကို လာလည်ရပြီးပြီ၊ လက်

ဆောင်လည်း ရပြီးပြီဆိုတော့ ပြန်ဦးနော်"

"ဟုတ်ကဲ့ မမ"

လူရဲ ထိုင်ရာမှ ထရပ်လိုက်သည်။ မြသန္တာလည်း ထရပ်

လိုက်ပြီး သူနှင့်အတူ အိမ်ရှေ့တံခါးပေါက်ဆီ လျှောက်လှမ်းသွား

သည်။



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့ဆင်ဝင်အောက်ရောက်တော့ လူဝဝမည်းမည်းကြီးကို မတွေ့ရတော့ချေ။

အပြင်ဘက်တွင် နှင်းဖြူဖြူတို့က သိပ်သည်းစွာ ရောက်နေဆဲဖြစ်သည်။ ဆောင်းလေပြည်ထဲ လွင့်မျောပါလာ သည့် ပန်းရောင်စုံတို့၏ ရနံ့မွှေးမွှေးက လူရဲ၏ရင်ကို အေးမြထုံသင်းသွားစေ၏။

ရောင်စုံပန်းချုံ ပန်းရုံတို့၏ အဆုံးသပ်နေရာသည် စံအိမ်ကြီး၏ ခြံနယ်နိမိတ်စွန်ဖြစ်ပါလိမ့်မည်။

ထိုနေရာရောက်တော့ မြသန္တာက ရပ်လိုက်ပြီး လူရဲ၏ လှည့်ကြည့်သည်။ သူမ၏မျက်ဝန်းတို့ထဲတွင် မျက်ရည်ကြည်တို့ ရွှန်းလဲ့နေပြီး ကော့ညွတ်သောမျက်တောင်ကြီးများကို တဖျပ်ဖျပ် ခတ်လျက်မှ သူ့ကို ငေးရီကြည့်လျက်ရှိ၏။

"မောင်လေး"

"ဗျာ"

"မင်းကို မမ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ မင်း ရော တစ်နေ့နေ့ကျရင် မမကို မေ့သွားမှာလား"





"မမေ့ပါဘူး မမရယ်။ အချိန်တိုလေးအတွင်းမှာ မမနဲ့ ခဲ့ရပေမယ့် ဘာဖြစ်လို့လည်းမသိဘူး မမကို ကျွန်တော် အချိန် ပြီး သတိရနေတယ်။ အဲဒီလို သတိရတိုင်းလည်း ရင်ထဲမှာ မြပြီး လွမ်းသလိုခံစားရတယ် မမရယ်"

"အဲဒီလိုလွမ်းရင် အလွမ်းဖြေရအောင် အဲဒီကျောက်စိမ်း ရုပ်တုလေးကို ပေးထားတာပေါ့ မောင်လေးရဲ့။ ကဲ ... မောင်လေး သွားတော့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ မမ၊ နောက်အပတ် ကြာသပတေးနေ့ကျရင် ဘုရားလေးကနေ မောင်လေးစောင့်နေမှာနော်"

"အေးပါကွယ် ... အေးပါ၊ ဪ ... ဒါထက် မမနဲ့ တွေ့တဲ့အကြောင်း၊ မမရဲ့အိမ်ဆီ လိုက်လည်တဲ့အကြောင်း၊ ကျောက်စိမ်းရုပ်တုလေး လက်ဆောင်ရတဲ့အကြောင်း ဘယ်သူ့မှ ပြောနဲ့နော် မောင်လေး"

"ဟုတ်ကဲ့ပါ ... မပြောပါဘူး မမရဲ့"

"ကဲ ကဲ ... မောင်လေး သွားတော့နော်"

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



မြသန္တာက အဝါရောင် ပန်းချုံနံဘေးတွင် ရပ်လျ
ကျန်ရစ်၏။ လူရဲက သူမကို လက်ပြပြီးလှည့်ထွက်ခဲ့သည်။

ခပ်လှမ်းလှမ်းရောက်မှ သူနောက်သို့ လှည့်ကြည့်လို
သည်။ နှင်းဖာပဝါပါးပါးက ကြားမှာ ကာဆီးထားသဖြင့် သူမ
ခပ်ဝါးဝါးသာ မြင်ရတော့၏။

လူရဲက လက်ဝှေ့ယမ်းပြလိုက်ပြီးမှ ဆက်လက်လျှ
ထွက်လာခဲ့သည်။ သူ တောအုပ်အစပ်ဆီ လျှောက်လာခဲ့စဉ်မှာ
နှင်းဖြူတို့က လျင်မြန်စွာ ပါးလျားကျဲပါးသွားခဲ့ပြီ။

လူရဲ တောစပ်ကထွက်လာပြီး ရှေးဟောင်းဘုရားလေး
ရောက်လာတော့ စေတီလေး၏ခြေရင်းတွင် တင်ပျဉ်ခွေထိုင်လျ
ပုတီးစိပ်နေသည့် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦးကို တွေ
သည်။

မုတ်ဆိတ်ကျင်စွယ်များရော မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး
ပါ ဖွေးဖွေးဖြူလျက်ရှိသည့် အဘိုးအို၏ ရုပ်အဆင်းက ကြည်လ
သန့်ရှင်းကာ ကြည်ညိုဖွယ် ဥပမိနှင့်ပြည့်စုံလှချေ၏။

မျက်ခွံတို့ကိုမှိတ်လျက် အာရုံပြုကာ ပုတီးစိပ်နေသည်





ဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီးနောက် လူရဲသည် စေတီလေး
ကျောခိုင်းကာ သံသေချောင်းရွာဘက်ဆီ လျှောက်လှမ်းလာခဲ့
သည်။ စေတီလေး၏ထီးတော်မှ ဆည်းလည်းသံတချွင်ချွင်က
ပြည်ထဲတွင် ဝဲလွင့်ကျန်ရစ်ခဲ့ချေ၏။

လူရဲက ကျောက်စိမ်းနတ်သမီးရုပ်တုလေးကို ရင်ဝယ်
မြတ်နိုးနိုး ထွေးပိုက်ရင်း ရွာတံခါးဝမှ လှမ်းဝင်ခဲ့လေသည်။

နံနက်စောသေးသဖြင့် ရွာလယ်လမ်းတစ်လျှောက် လူသူ
လျက်ရှိ၏။

ရိတ်သိမ်းပြီးစ လယ်ကွက်တွေထဲ ကောက်သင်းကောက်
ည့် ကောက်စိုက်သမတစ်စုက စကားဖောင်လောက်အောင်
ာကြရင်း သူ့ကိုလှည့်ကြည့် လှည့်ကြည့်လုပ်သွားကြသည်။

သူကမူ ခေါင်းငိုက်စိုက်ချလျက် ကျောက်စိမ်းမင်းသမီး
တုလေးကို ရင်ဝယ်ပိုက်ရင်း ရွာတောင်ဘက်ဆီ လျှောက်လှမ်း
ာခဲ့လေသည်။ ပြီးတော့ . . . ရွာတောင်ဘက်တံခါးဝမှထွက်ကာ
ရှင်ဦးဆန်းရှိန်၏ကျောင်းဆီ ဖြည်းလေးစွာ လျှောက်လှမ်း
ာခဲ့ပါတော့သတည်း။

◻



www.burmeseclassic.com

www.burmeseclassic.com

လူရဲသည် မြသန္တာက သေသေချာချာမှာထား...
မြသန္တာနှင့် ထပ်မံတွေ့သည့်အကြောင်း မြသန္တာတို့အိမ်သို့ လို...
လည်ဖြစ်သည့်အကြောင်းနှင့် မြသန္တာထံမှ ကျောက်စိမ်းမင်း...
ရှပ်တုလေး လက်ဆောင်ရသည့်အကြောင်းတို့ကို ကပ္ပိယ...
ဦးခင်ဇော်အား မပြောဖြစ်ခဲ့ချေ။

သူက ဘုန်းတော်ကြီးကျောင်း၏ဝေယျာဝစ္စတို့ကို ကပ္ပိ...
ကြီးနှင့်အတူ ဝိုင်းကူလုပ်ရင်း ဘုန်းတော်ကြီး ဦးဆန်းရှိန်၏ကျောင်း...
ပင် ဆက်လက်သောင်တင်နေခဲ့သည်။





"လူရဲ . . . မင်း ရန်ကုန်မပြန်သေးဘူးလားကွ။ အဲဒီလိုပြော
...မင်းကို ပြန်စေချင်လို့ ပြောတာ မဟုတ်ဘူးနော်။ ရန်ကုန်လို
...မြို့တော်ကြီးမှာ မင်းအတွက် စီးပွားရေးလုပ်ငန်းတစ်ခုခုရှိမှာပါ။
... ဒီကျောင်းမှာ ထင်းခွဲ၊ ရေခပ်နဲ့ အကြမ်းပတမ်းတွေလုပ်ရင်း
...နှိပ်ဖြုန်းနေသလားလို့ပါ"

ကပ္ပိယကြီးဦးခင်ဇော်က ကုက္ကိုသားပေါက်ခြမ်း ထင်းတို့ကို
...ခင်းကြီးဖြင့် အားပါးတရ ပေါက်ခွဲနေသည့် လူရဲကိုကြည့်ရင်း
...မြန်းလိုက်ခြင်းဖြစ်သည်။

"ရန်ကုန်က စူရတီဈေးကြီး (ယခု သိမ်ကြီးဈေး) မှာ
ကျွန်တော့်သူငယ်ချင်းနဲ့အတူ နှစ်ချုပ်နဲ့ ဆိုင်ခန်းငှားပြီး သားရေအိတ်
...ရောင်းတဲ့ဆိုင် ဖွင့်ထားတယ်။ ကျွန်တော်မရှိလည်း ကျွန်တော့်သူငယ်
...ချင်းတစ်ယောက်တည်း ရောင်းရေးဝယ်တာ အဆင်ပြေပါတယ်
ကပ္ပိယကြီးရဲ့"

"အေးပါ . . . မင်းက မြိုင်သာမြို့ကနေ ရန်ကုန်မြို့ကြီး
...ပေါ်တက်၊ ဈေးဆိုင်ဖွင့်ပြီး ဇိမ်နဲ့နေမှာပေါ့။ အဲဒီလိုလူမျိုးက
ဒီလိုခေါင်ကျလှတဲ့ ရွာလေးမှာလာပြီး အပင်ပန်း အဆင်းရဲခံနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ ၊ . . . ငါတော့ နားမလည် နိုင်အောင် ဖြစ်နေလို့ပဲကွ"

"ကျွန်တော့်အဖေရဲ့ ချက်မြှုပ်အရပ်မို့ လာနေတာပါ... ပြီးတော့ . . . ရွာလေးက အေးချမ်းတယ်လေ။ ရန်ကုန်မှာက ... လယ်တိုက်ခန်းနဲ့နေရတာ ကျဉ်းကျဉ်းကျုတ်ကျုတ် လူက ရှုပ်... ဒီမှာလို အသက်ရှူမဝဘူးဗျ။ ဟင်းသီးဟင်းရွက်လည်း ဒီမှာ... ကိုင်းသီးနှံလတ်လတ်ဆတ်ဆတ်ကို မစားရဘူးဗျ။ ထမင်းတော... ဒီကျမှ စားကောင်းတာ"

"အေး . . . ဟုတ်မယ်ကွ။ မင်း ငါတို့ကျောင်းရောက်စ... ဖြူရော်ရော် ပိန်ပါးပါးလေးရယ်။ ခု နှစ်ပတ်သုံးပတ်လော... အတွင်းမှာ လူက ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာတယ်ကွ"

"အဲဒါကြောင့် ကျွန်တော်က ဒီသောင်ယံက မခွာရ... နိုင်တယ် ဖြစ်နေရတာဗျ" •

ဤတွင် ကပ္ပိယကြီးဦးခင်ဇော်က သူတစ်လုည့် ထင်း... ပေါက်ရန် လူ့ရဲ၏လက်ထဲမှ ရဲတင်းကြီးကို လှဲယူလိုက်လေသည်...

ပြီး . . . သူက ထင်းများကို တခွမ်းခွမ်းဖြင့် ပေါက်ခွဲရင်း... ပြုံးလျက် ပြောသည်။





"လူ့ရဲရယ် . . . မင်း ဒီ သံသေချောင်းရွာက မပြန်နိုင်... ဘာဟာ ရွာရဲ့အေးချမ်းလှပမှုကြောင့်တင် မကပါဘူးကွာ။ ရွာလယ် ...နှစ်စုံဆိုင်လေးမှာဝင် စကားဖောင်ဖွဲ့ပြီး ဆိုင်ပိုင်ရှင်ရဲ့သမီးလေး ...ညိုကို ပိုးပန်းရင်း သံယောဇဉ်ငြိတွယ်နေတယ် မဟုတ်လားကွ"

"ဟင် . . . ကပ္ပိယကြီးက အဲဒီအကြောင်းတွေ ဘယ်လို ...ထိ သိနေတာလဲဗျ"

"ဟင်း ဟင်း . . . မင်း အဲဒီရွာလယ်ဈေးဆိုင်မှာ စကား ...ဆောင်ဖွဲ့နေတာကို တွေ့တဲ့သူက ရွာထဲမှာ အများကြီးရယ်။ ဘာပဲ ...ဖြစ်ဖြစ် မင်းတို့ရဲ့လှုပ်ရှားမှု စကားပြောဆိုမှုတွေဟာ သံယောဇဉ် ...ငြိတွယ်နေတာကို ပြနေတယ်လို့ ပြောကြတဲ့သူတွေ ရှိနေတယ်ကွ။ ...အဲဒီတော့ . . . မင်း ဘာငြင်းချင်သေးသလဲ . . . ဟဲ ဟဲ ဟဲ"

"ထားပါတော့ဗျာ။ မှန်တာပြောရရင် ဒီရွာလေးရောက်မှ ...ကျွန်တော့်မှာ သံယောဇဉ်ငြိတွယ်စရာတွေ့သွားရပြီး ခုလို ကြန့် ...ကြာနေတာ အမှန်ပဲဗျ။ ဒါပေမဲ့ . . . အဲဒီ သံယောဇဉ်ငြိတွယ်မိသူဟာ ...ညိုတော့မဟုတ်ဘူး ကပ္ပိယကြီးရေ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးဦးခင်ဇော်က အံ့သြသလို ဖြစ်သွားရသည်။ သူ့ရင်ဝယ် မရှင်းမရှင်းဖြစ်သွားသော်လည်း လူရဲကို ထပ်မေးလည်း ထို့ထက်ပိုပြောမည်မဟုတ်သဖြင့် ထပ်မမေးတော့ချေ။

သို့သော် သူက လူရဲ၏လှုပ်ရှားမှုမှန်သမျှကို တိတ်တဆိတ်လိုက်လံကြည့်ရှုရန် ဆုံးဖြတ်လိုက်လေတော့သတည်း။

❑ ❑ ❑

## သံသယအငြိုး

ကပ္ပိယကြီးဦးခင်ဇော်မှာ ယခုမှ စုံထောက်ကြီးဦးခင်ဇော် ဖြစ်နေတော့သည်။

သူက လူရဲ၏လှုပ်ရှားမှုနှင့် ပြောစကားတို့အပေါ် သင်္ကာမကင်းဖြစ်နေသည်။

“အင်း . . . ဒီကောင်လေးဟာ ငါတို့ရွာဆီ ဘယ်လိုအကြံအစည်နဲ့ လာနေတာလဲမသိဘူး။ သူက သေသွားတဲ့ သူ့အဖေရဲ့ ဆန္ဒအရ ဒီရွာကို လာရတာလို့ပြောတယ်။ ငါကလည်း ဒီရွာကို ရောက်လာတာ ဆယ့်ငါးနှစ်လောက်ပဲရှိတော့ သူ့အဖေကို မသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘူး။ ငါ ရွာထဲမှာ စုံစမ်းမိသလောက်တော့ လူရဲရဲ့အဖေ ကိုမျိုးတင့်ဟာ ငါ ဒီရွာ မရောက်လာခင် ငါးနှစ်လောက်ကပဲ မြသင်းကြည်ဆိုတဲ့ကောင်မလေးကို ခိုးပြေးသွားတယ်လို့ သိရတယ် . . .။

အဲဒီမြသင်းကြည်ဆိုတာကလည်း ရှမ်းပြည်နယ်ဘက်ကနေ လက်ဖက်ကုန်သည်တွေနဲ့အတူ ပါလာရာက ဒီရွာသား ကိုမျိုးတင့်နဲ့ လိုက်ပြေးသွားတယ်လို့ သိရတယ် . . .။

မြသင်းကြည်က အတော်ချော အတော်လှတယ်ဆိုပဲ။ ရုပ်ကတော့ ဗမာရုပ်ပဲ။ ဒါပေမဲ့ . . . အသားက တော်တော်ဖြူတယ်တဲ့၊ ရှမ်းသွေးပါပုံရတယ်လို့ ရွာထဲကလူကြီးတွေက ပြောတယ် . . .။

မြသင်းကြည်နဲ့ ရှမ်းကုန်သည်တွေဟာ ရွာမြောက်ပိုင်းက ဒေါ်မင်းဖုံဆိုတဲ့ အဘွားကြီးရဲ့အိမ်မှာ တစ်ပတ်လောက်ပဲ တည်းသွားတုန်း မြသင်းကြည်နဲ့ကိုမျိုးတင့်တို့ ကြိုက်ပြီး လိုက်ပြေးသွားတာဆိုပဲ . . .။

ဒေါ်မင်းဖုံကတော့ အဲဒီအကြောင်းတွေ သေချာသိမှာပဲ။ ခက်တာက ဒေါ်မင်းဖုံကလည်း သေသွားပြီ''

ကပ္ပိယကြီးဦးခင်ဇော်က ဖိုရုံထဲတွင် ဖိုဆွဲရင်း လူရဲနှင့်





ဆက်သက်သည့် အကြောင်းခြင်းရာတို့ကို စဉ်းစားနေခြင်းဖြစ်သည်။

လူရဲ ဤကျောင်းကိုရောက်လာမှ ကပ္ပိယကြီးမှာ ကျောင်းအ်ဝေယျာဝစ္စများလုပ်ရသည်တို့ သက်သာသွားပြီး ဖိုကိုမှန်မှန်ဆွဲနိုင်သည်မှာ မှန်ပါ၏။ သို့သော် သူက ဤရွာသယသိဒ္ဓိမြောက် ဓာတ်လုံးနှင့်ထက် လောလောဆယ် လူရဲကို ပို၍စိတ်ဝင်စားနေမိလေသည်။

သို့ကြောင့် သူက လူရဲ၏လှုပ်ရှားမှုမှန်သမျှကို မသိ မသာ အကဲခတ်ကြည့်နေမိသည်။

ခြေတံရှည်ဘုန်းတော်ကြီးကျောင်းပေါ်မှ ကျက်သရေခန်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီး ဦးဆန်းရှိန်က ကျိန်းပြီး ကျက်သရေခန်းအပြင်ဘက်တွင် ကိုရင်ကြီးအုန်းခိုင်နှင့်လှကြိုင်တို့ နှစ်ပါး တို့ကျိန်းလေသည်။

လူရဲက ကပ္ပိယကြီးဦးခင်ဇော်နှင့်အတူ ကျောင်းမကြီး၏ နံဘေးရှိ ဆွမ်းစားကျောင်းထပ်ခိုးပေါ်တွင် ညဘက်အိပ်ရလေ သည်။

ယင်း ထပ်ခိုးပေါ်မှခြေရင်းဘက်၌ ဖျာကြမ်းလေးတစ်ချပ်ဖြင့် အိပ်ရသည့်လူရဲသည် ဘုရားဝတ်ပြုပြီးနောက် အိပ်ရာထဲ ရောက်သည်နှင့် သူ၏ ခရီးဆောင်အိတ်ထဲမှ ကျောက်စိမ်းဖင်း



www.burmeseclassic.com

www.burmeseclassic.com



သမီးရုပ်တုလေးကို ထုတ်ယူကာ သေသေချာချာ စေ့စေ့ကြည့်မိ ဖြစ်သည်။

ထိုကျောက်စိမ်းမင်းသမီးရုပ်တုလေး၏မျက်နှာကို ကြည့် တိုင်း ယင်းရုပ်တု၏မျက်နှာလေးမှာ မြသန္တာ၏မျက်နှာနှင့် တစ်ချ တခြား ပိုတူလာသည်ဟု စိတ်ဝင်ထင်မြင်လာလေ၏။

"မမမြသန္တာရယ် . . . မမကို သတိရတိုင်း ဒီမင်းသမီး ရုပ်တုလေးကို ကြည့်နေရတယ်ဗျာ။ ဒီရုပ်တုလေးကိုမြင်ရလေ မမကို သတိပိုရလေပဲဗျာ"

"မမရော ကျွန်တော့်ကို သတိရရဲ့လားဟင်"

"မမ . . . မမကို ကျွန်တော် သတိရတယ်၊ သိပ်သတိရ တယ်ဗျာ"

သူက ပါးစပ်မှ တိုးတိုးဖွဖွ တတွတ်တွတ်ပြောရင်း ရုပ်တု လေးကို ရင်ဝယ် မြတ်နိုးစွာ ထွေးဖက်ကာ ခဏအကြာ၌ အိပ်ပျော် သွားလေ့ ရှိလေသည်။

အိပ်ပျော်သွား၍ အိပ်မက်မက်သည့်အခါမှာလည်း မြသန္တာ က သူ၏အိပ်မက်ကို စိုးမိုးလျက်ရှိချေသည်ပဲ။





အိပ်မက်ထဲတွင် မြူနိုးမြူငွေ့များ၊ မြူနှင်းဖြူလွလွများ ကြားတွင် မြသန္တာကို တွေ့ရမြဲ ဖြစ်သည်။

သို့သော် ထိုသို့အိပ်မက်ထဲတွင် တွေ့တိုင်း မြသန္တာမှာ ကျောက်စိမ်းမင်းသမီးလေး ရုပ်တုကဲ့သို့ ရှေးခေတ်မင်းသမီးဝတ်စုံ နှင့်ဖြစ်ပြီး သူမ၏ပြောင်ပြောင်လက်လက် အဝတ်အစားများ၊ ဘယက် နှာအယများဆီမှ တဖျပ်ဖျပ်လက်နေသည်တို့ကို ငေးကြည့်ရင်း လှရဲ ရင်ထဲဝယ် ကြည်နူးချမ်းမြေ့လျက်ရှိလေသည်။

"မမ . . . မမ မြသန္တာ"

"မမကို ကျွန်တော် သတိရတယ်၊ သိပ်သတိရတယ်။ ကျွန်တော် မမနဲ့အတူနေချင်တယ်။ ကျွန်တော့်ကို ခေါ်ပါနော်။ ဘယ်မှ ထစ်မသွားပါနဲ့နော်"

"မမရဲ့နောက်ကို ကျွန်တော်လိုက်ပါရစေ၊ ပစ်မသွားပါနဲ့၊ ကျွန်တော့်ကို ပစ်မသွားပါနဲ့နော်"

တစ်ညဝယ် သူ မြသန္တာကို ပြင်းပြစွာသတိရလျက် အိပ်ပျော်သွားရာမှ အိပ်မက်ထဲတွင် ယောင်ယမ်းအော်မိတော့၏။

"မမမြသန္တာ ကျွန်တော့်ကို ပစ်မသွားပါနဲ့ ပစ်မသွားပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်မသွားပါနဲ့နော်''

လူရဲ၏အော်ဟစ်ညည်းညူသံကြောင့် ညဉ့်သန်းခေါင်ယံတွင် ကပ္ပိယကြီးဦးခင်ဇော်မှာ လန့်နိုးသွားကာ သူ၏ခြင်ထောင်ထဲမှ ထွက်လာပြီး လူရဲ၏ခြင်ထောင်ဆီ ချဉ်းကပ်သွားကာ ခြင်ထောင်ကို လှန်ကြည့်လိုက်သည်။

''မမ မမမြသန္တာ . . . ကျွန်တော့်ကို ပစ်မသွားပါနဲ့. ပစ်မသွားပါနဲ့''

လူရဲက ရင်ခွင်ထဲတွင် တစ်စုံတစ်ရာကို ပိုက်ထွေးထားလျက်မှ ပါးစပ်က ကယောင်ကတမ်းအော်လျက် ရှိလေသည်။

ကပ္ပိယကြီးဦးခင်ဇော်က လူရဲကိုမနှိုးဘဲ သူ့ရင်ခွင်ထဲမှအရာကို စိတ်ဝင်စားစွာကြည့်လိုက်၏။

ထုပ်တန်းမှာ တွဲလွဲဆွဲထားသည့် ဖန်အိမ်မီးရောင်က မှိန်လွန်းသဖြင့် လူရဲ၏ခြင်ထောင်ထဲတွင် မှောင်ရိပ်များလွှမ်းလျက်ရှိရာ သူ့ရင်ခွင်ထဲမှ ခပ်စိမ်းစိမ်းအရာကို ကပ္ပိယကြီး သဲကွဲစွာ မမြင်ရချေ။

ခဏအကြာတွင်မှ မျက်လုံးက မှောင်ထဲဝယ် နေသားတကျဖြစ်သွားကာ လူရဲ၏ရင်ခွင်ထဲမှအရာကို အနီးကပ် သေချာစွာမြင်ရလေသည်။

''ဟာ . . . ကျောက်စိမ်းရုပ်တုလေးပါလား''

ကျောက်စိမ်း၏အသားမှာ အရည်အသွေးကောင်းလှသဖြင့် မှောင်ရိပ်ထဲမှာပင် စိမ်းဖန့်လျက်ရှိလေသည်။

''ရုပ်တုလေးက မင်းသမီးရုပ်တုလေးလိုပါလား''

လူရဲက ကျောက်စိမ်းရုပ်တုလေးကို ခပ်တင်းတင်း ပွေ့ဖက်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရာ ကပ္ပိယကြီးလည်း ခြင်ထောင်ကို ပြန်ချပြီး သူ့ခြင်ထောင်ရှိရာဆီသို့ ပြန်လာခဲ့လေသည်။

သို့သော် ပြန်အိပ်ချင်စိတ်မရှိတော့သဖြင့် မီးခွက်ထွန်းလိုက်ပြီး ဖက်ကြမ်းဆေးလိပ်တို့ကို မီးညှိကာ ဒူးတစ်ဖက်ထောင်ထိုင်ရင်း ထောင်းထောင်းထအောင် ဖွာရှိုက်နေလိုက်လေသည်။

သူ့ရင်ထဲမှာ အတော်အံ့သြလျက်ရှိလေသည်။

သူက အဂ္ဂိရတ်သမားမို့ ဓာတ်သတ္တုပစ္စည်းများ အကြောင်းကျောက်မျက်ရတနာတို့အကြောင်း ကောင်းစွာသိသည်။ လူရဲ၏ရင်ခွင်ထဲမှ ကျောက်စိမ်းရုပ်တုမှာ အရည်အသွေး အတော်ကောင်းသော ကျောက်စိမ်းအမျိုးအစားကို ထုလုပ်ထားကြောင်း သူသိသည်။





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကျောက်စိမ်းရုပ်တုလေးဟာ သူနဲ့အတူ ရန်ကုန်ကနေ ပါလာတာပဲလား။ ပြီးတော့ . . . သူ့ရဲ့ပါးစပ်ကနေ မြသန္တာ . . . မြသန္တာနဲ့ ယောင်ရမ်းအော်တယ်။ ငါ့ကို ဟိုးတစ်ခါတုန်းကလည်း မြသန္တာဆိုတာ ဒီရွာနဲ့ ရွာနီးချုပ်စပ်ကရွာတွေမှာ ရှိသလားလို့ မေးဖူးတယ်၊ ရွှာမြောက်ဘက် သံသေဒဇတောစပ်နားက ရှေးဟောင်းစေတီလေးမှာ အဲဒီ မြသန္တာနဲ့ ဆုံဖူးတယ်ဆိုပဲ"

"လူရဲဟာ ယဉ်ယဉ်လေးနဲ့ ရူးနေသူလား"

"ဒါမှမဟုတ် မြသန္တာဆိုတာ တကယ်ရှိသလား"

"ဘာပဲဖြစ်ဖြစ် လူရဲဟာ စိတ်ဝင်စားစရာ တော်တော်ကောင်းနေပြီ။ မြသန္တာဆိုတာနဲ့ ပတ်သက်လို့ ကျောက်စိမ်းရုပ်တုလေးနဲ့ ပတ်သက်လို့ အဲဒီကောင်လေးကို လှည့်ပတ်မေးကြည့်ရမယ်။ ထူးခြားမှုတစ်ခုခုရှိတာတော့ သေချာပြီ"

ကပ္ပိယကြီးဦးခင်ဖော်မှာ လူရဲအကြောင်းကိုပင် အရူးဆွမ်းအတွက် ယာဂုကျိုသည့်အထိ အပြန်ပြန် အလှန်လှန် တွေးနေမိပါတော့၏။

❑



"လူရဲ . . . မင်း ညတုန်းကအိပ်ရင်းနဲ့ တအားယောင်တယ်ကွ"

"ဟင် . . . ဟုတ်လား ကပ္ပိယကြီး"

"အေး . . . မင်း မမြသန္တာ . . . မမြသန္တာနဲ့ အော်တာဒီတောင် လန့်နိုးသွားတယ်"

"ဟာ . . . ဟုတ်လား"

"အေး . . . မင်းအိပ်မက်မက်ပြီး ယောင်အော်တာဖြစ်မယ်။ ဘာတွေမက်လို့တုန်းကွ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးဦးခင်ဇော်က ရဲရဲတောက်နေသော ဗိုလ်ထဲမှလုံး သံညှပ်ဖြင့်ညှပ်ကာ ဟိုတက်စောင်း သည်ဘက်စောင်း လုပ်နေရင်း မေးခွန်းထုတ်လိုက်ရာ ဖိုကူဆွဲပေးနေသည့် လူရဲက တုံ့ဏှိဘာမျှ လုပ်နေလေသည်။

"ဟဲ့ကောင်လေး လူရဲ . . . ပြောပါဦးကွ၊ ညတုန်းက ဘာ အိပ်မက်မက်တာတုံး"

"မမှတ်မိတော့ပါဘူးဗျာ။ အိပ်မက်ကတော့ ညတိုင်း မက် နေတာပါပဲ"

"မင်းက အဲဒီမြသန္တာကို တော်တော်စွဲလမ်းနေပုံရတယ်။ မမြသန္တာ ကျွန်တော့်ကိုပစ်မသွားပါနဲ့လို့ အော်တယ်ကွ"

လူရဲက မျက်မှောင်ကြုတ်လျက် ကပ္ပိယကြီးဦးခင်ဇော်ကို ကြည့်သည်။

"ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ။ ဒါထက် မင်းရဲ့အိပ်မက်ထဲက မိန်းကလေးဟာ မင်း ဟိုတစ်ခါပြောဖူးတဲ့ ရွာမြောက်ဘက်က ဘုရားလေးမှာ တွေ့ခဲ့တယ်ဆိုတဲ့ မြသန္တာလား"





လူရဲက မျက်မှောင်ပိုကြုတ်ကာ ကပ္ပိယကြီးကို ရှုတည် တည်ကြီးကြည့်လိုက်သည်။

"မြသန္တာဟုတ်လား"

"အေး . . . ဟုတ်တယ်လေ။ မင်း ဟိုတစ်ခါတွေ့ခဲ့ဖူးတဲ့ မြသန္တာ မဟုတ်လား"

လူရဲက ဖိုကြိုးကို မှန်မှန်ဆွဲနေရာမှ ရဲရဲတောက်နေသော မီးဖိုကို စိုက်ကြည့်ရင်း တွေဝေနေရာမှ ခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်လေသည်။

"မဟုတ်ပါဘူးဗျာ၊ မြသန္တာကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါဘူး။ အဲဒါတွေက ကျွန်တော့်ရဲ့စိတ်ကူးယဉ်ဇာတ်လမ်း တွေပါ"

"ဘာ . . . မင်း ဘာပြောလိုက်တယ်"

"မြသန္တာဆိုတာလည်း မရှိဘူး။ ကျွန်တော် စိတ်ကူးယဉ် ပြီး လျှောက်တွေးရာက မြသန္တာဆိုတာ တကယ်ရှိသလို ဇာတ် လမ်းဆင်ပြီး ပြောပြခဲ့မိတာပါ"

လူရဲ၏ဆင်ဝှေ့ရန်ရှောင်စကားကြောင့် ကပ္ပိယကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ဇော်မှာ မချင့်မရဲ အတော်ဖြစ်သွားရတော့၏။ ထို့ကြောင့် သူ
ရှေ့သို့ တစ်ထစ်တိုးပြောလိုက်လေသည်။

"ဒါထက် ... ညတုန်းက မင်းကို ယောင်နေရာက နှ
မင်းရဲ့ခြင်ထောင်ထဲ လှမ်းကြည့်လိုက်တော့ကျောက်စိမ်းမင်းသ
ရုပ်လေးကို ပိုက်ထားရင်း မင်းအိပ်ပျော်နေတာ တွေ့ရတယ်ကွ"

"ဟင်"

"အဲဒီကျောက်စိမ်းရုပ်တုလေးက ဘယ်တုန်းက ရခဲ့တာ
လဲ။ ဘယ်မှာ ရခဲ့တာလဲကွ။ ကေန္တ ... ရွှေစေတီဟောင်းထဲ
ဆူဆူကနေ ရခဲ့တာနဲ့ တူတယ် ဟုတ်လား"

"အာ ... ကပ္ပိယကြီးကလည်း ရွှေဟောင်းစေတီ
ပစ္စည်းဆိုရင် ကျွန်တော်ဟာ ဘုရားပစ္စည်းခိုးတဲ့ကောင် ဖြစ်သွား
မှာပေါ့ဗျ။ ရန်ကုန်ကနေ ပါလာတာပါ"

လူရဲ၏အဖြေစကားကို ကပ္ပိယကြီးဦးခင်ဇော် သိပ်ဘင်
မကျချေ။ စိတ်ထဲမှာမူ ...

"အေးပေါ့ကွာ ... အရင်တုန်းကတော့ မြသန္တာဆိုတာ
သူ တကယ်တွေ့ခဲ့တာပါလို့ ဘုရားစူးကျိန်ပြီး ပြောခဲ့တဲ့ကောင်





ခုတော့ မုန်လာဥလုပ်နေပြီပေါ့။ အင်း ... အဲဒါကိုက ပိုပြီး မသင်္ကာ
စရာပဲ။ တွေ့ကြသေးတာပေါ့ကွာ။ သင်း ... ဘာတွေ လျှို့ဝှက်ထား
သလဲမသိဘူး။ သင်းရဲ့လျှို့ဝှက်ချက်ကို ငါ မရ,ရအောင် ဖော်ပြ
မယ်"

ဟု ကြိတ်မနိုင်ခဲမရ တွေးလျက်ရှိတော့၏။

"ဒါထက် နေပါဦး ... မင်းရဲ့ကျောက်စိမ်းရုပ်တုလေးဟာ
ရန်ကုန်ကနေ ပါလာတာဆိုရင် ဘာလုပ်ဖို့ယူလာတာလဲ။ ရောင်း
ဖို့လား။ ရောင်းဖို့ဆိုရင်ပြောနော်။ ဒီဒေသဟာ ရှမ်းပြည်နယ်နဲ့
နယ်နိမိတ်ချင်းဆက်နေတော့ မြောက်ပိုင်းက ကုန်သည်တွေနဲ့
အဆက်အသွယ်ရှိတယ်ကွ။ အဲဒီမြောက်ပိုင်းက လော်ပန်တွေဆို
ကျောက်စိမ်းအရည်အသွေးကောင်းကောင်းကို သိပ်သဘောကျတာ။
ကျုပ် မင်းရဲ့ရုပ်တုကို စပ်ဟပ်ရောင်းပေးမယ်"

"အာ ... မရောင်းပါဘူးဗျာ။ ဘယ်တော့မှမရောင်းဘူး"

"ဟ ... မရောင်းဘဲနဲ့ ခုလို ခရီးထွက်ရာမှာ ဘာဖြစ်လို့
အဲဒီကျောက်စိမ်းရုပ်တုလေးကို ယူလာရတာလဲ"

"ရန်ကုန်မှာထားခဲ့ရမှာ စိတ်မချလို့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . ဖြစ်ရလေ။ ဒီလောက် အဖိုးတန်တဲ့ ရတနာပစ္စည်းကို ခရီးထွက်ရာမှာ ယူလာတာဟာ အန္တရာယ်ရှိ များတာပေါ့ကွ။ ကြည့်ရတာ လက်ရာကလည်း ရှေးလက်ရာနဲ့တူ တယ်ကွ။ ရှေးလက်ရာဆိုရင်တော့ တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုး ရှိမှာပဲကွ။ ညတုန်းကမှောင်နေတော့ ကျုပ် လက်ရာကို သေချာ မတွေ့ရဘူး။ မောင်ရင်ရဲ့ရုပ်တု ကျုပ်ကိုပြဦးနော့"

လူရဲက ကပ္ပိယကြီး၏တောင်းဆိုမှုကို စကားခွန်းတုံ့မပြန်တဲ့ မသိကျိုးကျွင်လုပ်နေလိုက်သည်။

ထိုစဉ် ဆရာတော်ဦးဆန်းရှိန်က ကျက်သရေခန်း သန့်ရှင်း ပေးရန် ခေါ်ခိုင်းသည်ဟု ကိုရင်ကြီးအုန်းခိုင်က လာခေါ်သဖြင့် လူရဲက ဖိုဆွဲကြိုးကို ကပ္ပိကြီး၏လက်သို့ လွှဲအပ်ကာ ဖိုရုံထဲမှ ထွက်သွား ခဲ့တော့၏။

ကပ္ပိယကြီးက နှုတ်ခမ်းမဲ့ရွဲ့ကာ ကျန်ရစ်ခဲ့ပါတော့သည်။

❏



လူရဲသည် ဤရွာသို့ရောက်စ ဤဘုန်းတော်ကြီးကျောင်း သို့ ရောက်စရက်များက မြသန္တာနှင့် ပတ်သက်၍ ရွာထဲ၌ နှံ့နှံ့စပ် စပ်ရှိသည့် ကပ္ပိယကြီးဦးခင်ဇော်အား မေးမြန်းစုံစမ်းကြည့်ခဲ့ဖူး သည်။

သို့သော် မြသန္တာနှင့် နောက်ထပ်အခါခါတွေ့ပြီး မြသန္တာ ၏အိမ်သို့ အလည်လိုက်သွားပြီးကတည်းက မြသန္တာနှင့်ပတ်သက် ၍ မည်သူ့ကိုမျှ မမေးရန် မပြောရန် သူ ဆုံးဖြတ်လိုက်သည်။

"မမြသန္တာနဲ့ပတ်သက်ပြီး ဒီပြင်လူတွေကို မပြောတာ ပဲကောင်းတယ်။ သူများတွေသိကုန်လို့ ဘာမှအကျိုးမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်တောင် ပေးလာဦးမယ်။ ဟုတ်တယ် ... ခုအချိန်က စပြီး မမြသန္တာနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ ဘာမှမပြောဘူး နှုတ်ပဲပိတ်နေလိုက်မယ်"

ယင်းသို့လျှင် ဆုံးဖြတ်ထားသဖြင့် လူရဲက မြသန္တာနှင့်ပတ်သက်ပြီး ဟိုနေ့က ကပ္ပိယကြီးဦးခင်ဇော် မေးသမျှ အမှန်ကို မဖြေဘဲ သူပဲ ရူးနေသလို နှမ်းနေသလို လုပ်လိုက်ခြင်းဖြစ်ချေ၏။

မည်သို့ဖြစ်စေ ယနေ့သည် ကြာသပတေးနေ့ဖြစ်သော ကြောင့် သံသေဒဇ တောစပ်က ရှေးဟောင်းစေတီလေးဆီ နံနက်စောစောမှာပင် လူရဲ ထွက်လာခဲ့လေသည်။

သူက ဘုန်းတော်ကြီးနှင့် ကိုရင်ကြီးနှစ်ပါးအား အရုဏ်ဆွမ်းကပ်ပြီးကတည်းက ပန်းကန်ခွက်ယောက်တို့ကို ခပ်မြန်မြန်ဆေးပြီးနောက် ကျောင်းဝင်းနောက်ပေါက်မှ လစ်ထွက်လာခဲ့ခြင်းဖြစ်၏။

ဘုန်းတော်ကြီးက ဘုရားစင်ရှေ့တွင် သက်န်းကို ခေါင်းမြီးခြုံကာ တရားထိုင်နေစဉ် ကိုရင်ကြီးနှစ်ပါးက အရုဏ်ဆွမ်းစားပြီးသည်နှင့် တစ်ရေးတမော ပြန်ကျိန်းနေကြပြီဖြစ်သည်။





ကပ္ပိယကြီးဦးခင်ဇော်မှာ ကျောင်းရှေ့တွင် တံမြက်စည်းလှဲလျက်ရှိရာ လူရဲက ကပ္ပိယကြီးကျောခိုင်းနေစဉ် ကျောင်းဝင်းနောက်ပေါက်မှ လျင်မြန်စွာထွက်ခဲ့ခြင်းဖြစ်၏။

သို့သော် သူ့ကို မျက်ခြည်မပြတ် အလစ်မပေးဘဲ အကဲခတ်နေသည့် ကပ္ပိယကြီးဦးခင်ဇော်က ကျောင်းကြီးကို ကျောခိုင်းလျက် တံမြက်စည်းလှဲနေသော်လည်း လူရဲ၏ လှုပ်ရှားမှုကို မသိမသာ တစ်စေ့တစောင်း အကဲခတ်ကြည့်လျက် ရှိခဲ့လေ သည်။

ထို့ကြောင့်လည်း လူရဲတစ်ယောက် ကျောင်းဝင်းနောက်ပေါက်မှ လစ်သွားခြင်းကို မျက်လုံးထောင့်စွန်းမှ ရိပ်ခနဲ တွေ့လိုက်ပြီးဖြစ်၏။

ကြံခတ်ဝါးရုံစည်းရိုးတို့ကို တိုးဝှေ့ကျော်ဖြတ်ကာ ကျောင်းဝင်းနောက်ပေါက်မှ လူရဲထွက်သွားသည်နှင့် ကပ္ပိယကြီးလည်း တံမြက်စည်းကို သရက်ပင်ခွကြား၌ ထောက်ထားလိုက်ကာ –

ပုဆိုးကိုပြင်ဝတ်ပြီး ခြေတံရှည်ကျောင်းဝင်းကြီး၏ အောက်မှဖြတ်လျက် ကျောင်းဝင်းနောက်ပေါက်ဆီသို့ ခပ်သုတ်သုတ် ခြေလှမ်းသွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလင်းကာလမို့ နှင်းဖြူတို့က ပိန်းပိတ်အောင်ကျ ရောက်လျက်ရှိရာ ရှေ့ကို ကိုက်အနည်းငယ်သာမြင်ရလေသည်။

သို့သော် စိတ်ဖွဲသန်လျက်ရှိသော ကပ္ပိယကြီးဦးခင်ဇော် သည် ရှေ့မှလှမ်းလျှောက်သွားနေသည့် လူရဲအား မျက်ခြည်ပြတ် မခံဘဲ မလွတ်စတမ်း နောက်မှာခြေရာခံလိုက်လျက်ရှိလေ၏။

လူရဲကမူ မြသန္တာအား တွေ့ချင်လွန်းသောဆန္ဒ ပြင်းပြ နေသဖြင့် နောက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ ရွာအနောက် ဘက်ရှိ စပါးတို့ဝင်းမှည့်နေသော လယ်ကွင်းတို့၏ ကန်သင်းရိုးတို့ ပေါ်မှနေ၍ ရွာမြောက်ပိုင်းဆီ ခပ်သုတ်သုတ် လှမ်းလာခဲ့ချေ သည်။

လယ်တောကိုကျော်ဖြတ်ခဲ့ပြီး ရွာမြောက်ပိုင်းရှိ ဖုန်းဆိုး မြေအစပ်သို့ရောက်လာခဲ့ပြီ။ ဆောင်းလေပြင်အဝှေ့၌ ဝါရွှေရောင် စပါးခင်းတို့ ယိမ်းလှုပ်လှိုင်းထသွားသလို နှင်းမြူတို့လည်း ဖရိုဖရဲ လွင့်ပါးသွားသည်။

သည်စဉ်ခိုက် လူရဲက နောက်သို့ အမှတ်မထင် လှည့် ကြည့်လိုက်၏။ လူရဲ ရုတ်တရက် လှည့်ကြည့်သည်ကို လှမ်းမြင် လိုက်သည်နှင့် ကပ္ပိယကြီးဦးခင်ဇော်က စပါးခင်းထဲ ခုန်ချလိုက်ပြီး





အစောင်းခန့်မြင့်သည့် စပါးပင်များကြားတွင် ပုန်းဝပ်နေလိုက်လေ သည်။

လူရဲ ရှေ့သို့ဆက်သွားမှ ကပ္ပိယကြီးလည်း လယ်ကန် သင်းရိုးပေါ် ပြန်တက်ကာ နောက်ယောင်ခံလိုက်မြဲ လိုက်ပြန်လေ သည်။

ရွာမြောက်ပိုင်းသည် ကုန်းမြေမြင့်ပိုင်းဖြစ်ပြီး ဂဝံကျောက် မြေဖြစ်သဖြင့် စပါးသီးနှံစိုက်ပျိုးမရဘဲ ဆူးပင် ချုံပင်များသာ ပေါက် ရောက်လျက်ရှိရာ လူရဲသည် ဆူးချုံတို့ကို ကွေ့ဝိုက် ကျော်ဖြတ် လျက် ရေးဟောင်းစေတီလေးရှိရာ ကုန်းမြင့်သို့ ခပ်သွက်သွက် လျှောက်လာခဲ့လေ၏။

သူ ဘုရားပရဝုဏ်ထဲ လှမ်းဝင်လိုက်သည်တွင် ဖက်မှုးရောင် ဇာအင်္ကျီလက်ရှည်နှင့် အစိမ်းရင့်ရောင် ဖဲသားထဘီတို့ကို ချပ်ချပ် ရပ်ရပ် ဝတ်စားထားကာ တစ်ပတ်လျှိုဆံထုံးလေးထုံးထားပြီး ပခုံးထက်၌ ယောဂီတဘက်လေးပတ်ထားသည့် မြသန္တာကို တွေ့ လိုက်ရရာ သူ့ရင်တစ်ပြင်လုံး ငြိမ်းမြသွားသည့်နှယ် ခံစားလိုက်ရ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက စေတီလေး၏ ကြာသပတေးဒေါင့်ဖြစ်သော အနောက်ထောင့်တွင် ပဆစ်တုပ်ထိုင်လျက် ဘုရားဝတ်ပြုလျက် ရှိလေ၏။

လူရဲလည်း သူမ၏ ဘေးခပ်လှမ်းလှမ်း၌ ထိုင်လိုက်ကာ ဘုရားဝတ်ပြုလိုက်လေသည်။

ပြီးတော့ သူက ရင်ပြင်ဝယ် တင်ပျဉ်ခွေထိုင်ရင်း ဘေးတိုက်အနေအထားမြင်နေရသည့် မြသန္တာကို မြတ်နိုးချစ်ခင်စွာ ငေးကြည့်လျက် ရှိလေ၏။

မြသန္တာက မျက်တောင်ကော့ကြီးများရှိသည့် မျက်လွှာမို့မို့တို့ကို ပိတ်ထားပြီး သန္တာရောင် နှုတ်ဖျားလေးများ တလှုပ်လှုပ်ဖြင့် ဘုရားစာတို့ကို အသံတိတ်ရွတ်ဖတ်ကာ ဘုရားအား အာရုံပြု ရှိခိုးလျက် ရှိချေ၏။

အတန်ငယ်ငုံ့ထားသည့် မျက်နှာရှေ့၌ လက်အုပ်ချီထားသော ဖော့ဖယောင်းနှယ် သွယ်ပျောင်းလှသည့် လက်ချောင်းလေးများတွင် သွေးကြောမျှင်စိမ်းဖန့်ဖန့်လေးများကို မြတ်နိုးဖွယ် တွေ့ရလေသည်။





မဟာနုဖူးဝင်းဝင်းလေးအပေါ် ဝဲကျနေသည့် ဆံမြိတ်တို့က ဆောင်းလေပြည်အဝှေ့ဝယ် ဖရိုဖရဲ လှုပ်ခတ်လျက်ရှိချေ၏။

ကော့ညွတ်သော မျက်တောင်များ ဖြောင့်စင်းသည့် နှာတံ၊ သန္တာရောင်နှုတ်ခမ်းထွေးထွေးလေးများ လုံးဝန်းသေသပ် သော မေးစေ့လုံးလုံးလေး ကျော့ရှင်းသောလည်တိုင်တို့နှင့် မမြသန္တာ၏ ကျက်သရေရှိလှသော ရုပ်အဆင်းကို လူရဲ မြတ်နိုးတန်ဖိုးထားစွာ ငေးစိုက်ကြည့်နေမိလေသည်။

ဤမျှ နှင်းဆွတ်ပန်းလေးနှယ် ရှင်းသန့်လှပနေသည့် မြသန္တာဟူသော မိန်းမချောလေးကို တရှိုက်မက်မက် ငေးကြည့် မိတိုင်း ရင်ထဲဝယ် မြတ်နိုးတန်ဖိုးထားစိတ်များ တဖွားဖွား ဖြစ်ပေါ် လာသော်လည်း သူ့စိတ်အစဉ်က အဖြူထည်သက်သက်သာဖြစ် သည်။

မြသန္တာကို သူ တွေ့ချင်မြင်ချင်သည်မှာ လမင်းကြီးကို ကလေးငယ်လေးက တွေ့မြင်ချင်သည့်သဘောမျိုးသာဖြစ်သည်။

မြသန္တာ၏နန်းဆန်သောအလှကို သူ အငေးသားကြည့် နေမိသည်မှာ ဥယျာဉ်မှူးက သူစိုက်ပျိုးထားသည့် ပန်းပွင့်လေးကို



www.burmeseclassic.com

www.burmeseclassic.com



မထိရက် မတို့ရက် ပီတိဖြစ်စွာ ကြည့်ပုံမျိုးသာဖြစ်၏။

မြသန္တာအပေါ် သူ သံယောဇဉ်ဖြစ်နေမိသည်မှာ ပန်း ဆရာက သူထုဆစ်ထားသော ပန်းပုရုပ်တုအပေါ်ထားအပ်သည့် သံယောဇဉ်မျိုးသာဖြစ်ပေသည်။

သူ မြသန္တာကို ငေးကြည့်နေစဉ် ဘုရားပရဝုဏ်၏ အရှေ့ ဘက်မှ တံမြက်စည်းလှဲသံတို့ ထွက်ပေါ်လာရာ လူရဲက ထိုနေရာသို့ လှမ်းကြည့်လိုက်လေသည်။

ဟိုနေ့က ပုတီးစိပ်နေသည်ကို တွေ့ခဲ့ရသော ဝတ်ဖြူ စင်ကြယ်နှင့် အဘိုးအိုပင်ဖြစ်ပါ၏။

ထိုအဘိုးအိုက မတ်ရပ်တံမြက်စည်းဖြင့် ဘုရားပရဝုဏ် အပြင်ဘက်ရှိ သစ်ရွက်သစ်ခက်ခြောက်တို့ကို ဖြည်းလေးစွာ လှဲကျင်းလျက်ရှိလေသည်။

ယင်း ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက သူတို့ရှိရာသို့ မကြာခဏ လှမ်းကြည့်လျက်ရှိလေ၏။

ယင်းအခိုက်မှာပင် ကပ္ပိယကြီးဦးခင်ဇော်သည် ဘုရား ပရဝုဏ်အပြင်ဘက် ခပ်လှမ်းလှမ်းရှိ နဘူးချုံကြီး၏နောက်ကွယ်သို့





ရောက်ရှိလာပြီး ထုံးဖြူဖြူစေတီလေးဆီ လှမ်းကြည့်လိုက်လေ သည်။

မြသန္တာသည် ဘုရားကို ပျဝပ်စွာရှိခိုးကန်တော့ပြီး နောက် လူရဲဘက်သို့ ခပ်ဖြည်းဖြည်း လှည့်ကြည့်လာသည်။

"ဟော ... မောင်လေးတောင် ရောက်နေပြီကိုး"

"ဟုတ်တယ် မမ၊ မမ ဘုရားရှိခိုးနေတာကို မောင်လေး ငေးကြည့်နေတာ"

"မောင်လေးလာတာနဲ့ အတော်ပဲ။ မောင်လေးကို အရေး ကြီးတာ ပြောစရာရှိတယ်"

"ဘာများလဲ မမ ... ဟင် ... မမရဲ့မျက်နှာလည်း မကောင်း ပါလား။ ဘာ ... ဘာဖြစ်လို့လဲ မမ"

လူရဲက ညှိုးကျသွားသည့် မြသန္တာ၏မျက်နှာ နွမ်းနွမ်း လေးကို ကြည့်ကာ ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

မြသန္တာက လူရဲအား ဆွေးရောင်သန်းသည့် မျက်ဝန်း ညိုညိုဖြင့် အတန်ကြာစိုက်ကြည့်ပြီးမှ သက်ပြင်းလေးချလိုက်လေ၏။

"နောက်အပတ် ကြာသပတေးနေ့မှာ မမ ဒီစေတီလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဒါနလာမပြုနိုင်တော့ဘူး မောင်လေးရဲ့"

"ဟင် ••• ဘာဖြစ်လို့လဲ မမ"

"မမတို့အတွက် အန္တရာယ်ရဲ့ အရိပ်အငွေ့တွေ တွေ့ရ ရတယ်လို့ မမရဲ့အစ်ကိုက ပြောတယ်။ ဒါကြောင့် မနက်ဖြန်ကစပြီး မမတို့ညီအစ်မကို အိမ်ပြင်ထွက်ခွင့် မပေးတော့ဘူးတဲ့။ ဒီနေ့တော့ မွေးနေ့မို့ အပြင်ခဏထွက်ခွင့်ပြုပါလို့ မနည်းတောင်းပန်ခဲ့ရတယ်။ မကြာစေရဘူး ပြန်လာပါ့မယ်လို့ ကတိတွေ ပေးခဲ့ရတယ်"

"ဩော် ••• ဖြစ်ရလေမမရယ်။ မမရဲ့အစ်ကိုက ချုပ်ချယ် လှချည်လား။ ဒါထက် ဘယ်လိုအန္တရာယ်မျိုးရှိလို့လဲ မမ"

"အန္တရာယ်က မမတို့ရဲ့အသက်ဘ၀ထက် အဆရာထောင် သိန်းသန်းကုဋေ တန်ဖိုးရှိတဲ့အရာတွေပါ ပျက်စီးဆုံးရှုံးရမယ့် ကြီးမားတဲ့ အန္တရာယ်မျိုးပဲ မောင်လေး"

လူရဲမှာ နားမလည်နိုင်စွာ သူမကို ငေးကြည့်နေမိလေ သည်။

"ဘယ်လိုအန္တရာယ်မျိုးမို့လဲ မမရယ်။ မမအပေါ် ကျရောက် လာမယ့် အန္တရာယ်ဟူသမျှကို ကျွန်တော် ဒိုင်ခံရင်ဆိုင်ဖြေရှင်း





ပေးပါ့မယ်။ ဘယ်လိုအန္တရာယ်လဲ။ ဘယ်သူ့ရဲ့အန္တရာယ်လဲဆိုတာ ကို ပြောပါ မမရယ်"

မြသန္တာက သက်ပြင်းလေးရှိုက်လိုက်သည်။

"ဘယ်လိုအန္တရာယ်လဲဆိုတာ မမမှာပြောခွင့်မရှိဘူး မောင်လေး။ မမလုပ်ပိုင်ခွင့်ရှိတာက မောင်လေးကို နှုတ်ဆက်ဖို့ပဲ"

"ဗျာ"

"ဟုတ်တယ် မောင်လေး၊ မမ ဒီမနက်မှာ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်။ အန္တရာယ်ပြုလာသူရဲ့ရန်က လွတ်ခဲ့ရင်တော့ မမ ပြန်လာခဲ့မှာပါ"

ဤတွင် လူရဲက မြသန္တာ၏လက်ဖျားလေးများကို ဖွဖွ ညင်သာဆုပ်ကိုင်လိုက်ပြီး –

"မမရယ် ••• မမပြန်လာခဲ့ပါနော်၊ ကျွန်တော် မမကို စောင့်နေမှာ"

ဟု စိတ်ထိခိုက်သံဖြင့် ပြောလိုက်လေသည်။

"စိတ်ချပါ ••• မမပြန်လာမှာပါ။ ကဲ ••• မောင်လေး မမ သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသန္တာက ထိုင်ရာမှအသာထလိုက်ပြီးလျှင် ပရဝုဏ်အလွန်တွင် ချတ်ထားသည့်ဖိနပ်တို့ကို စီးလိုက်ကြပြီးနောက် မျက်နှာချင်းဆိုင်ရပ်လိုက်မိကြလေ၏။

လူရဲက မြသန္တာ၏မျက်ဝန်းညိုညိုတို့အထဲသို့ စိုက်ကြည့်လိုက်ရင်း တိုးတိုးဖွဖွပြောလိုက်လေသည်။

"မမရယ် . . . ကျွန်တော်လေ မမနဲ့ပြန်မဆုံရမှာကို သိပ်စိုးရိမ်တာပဲ သိလား။ မမ ပြန်လာပါနော်"

"စိတ်ချပါ မောင်လေးရယ်။ ကဲ . . မမသွားတော့မယ်နော်"

မြသန္တာက လူရဲ၏ပါးလေးကို လက်တစ်ဖက်ဖြင့် ဖွဖွလေးဖျစ်ညှစ်လိုက်ပြီးနောက် လက်လေးတစ်ဖက် လှုပ်ရမ်းပြကာ နှင်းမှုန်ထုကြီးထဲသို့ တစ်လှမ်းချင်းလှမ်းလျက် ဝင်ရောက်ပျောက်ကွယ်သွားပါတော့၏။

လူရဲမှာ သူ့မျက်စိရှေ့မှာပင် တရွေ့ရွေ့ကွယ်ပျောက်သွားရှာသည်။ မြသန္တာအား ကြေကွဲစွာငေးကြည့် ကျန်ရစ်ခဲ့ပါတော့သတည်း။

◻◻◻

ခု နှစ် စဉ့် ကြယ် တာ ပေ

**အခန်း (၃)**

ညှော်စိမ်းများ

လျှို့ဝှက်အကြံ

အမြူရောင်သမုဒ္ဒယ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ညှို့စိမ်းများ

လူရဲသည် စိတ်မကောင်းဖြစ်နေသဖြင့် ဘုန်းတော်ကြီးကျောင်းသို့ မပြန်လိုသေးချေ။

ထို့ကြောင့် ရွာအရှေ့ဘက်ဆီသို့ လျှောက်လာခဲ့ပြီး ရွာလေးကို ကွေပတ်စီးဆင်းနေသည့် သံသေချောင်းကမ်းစပ်၌ သွားထိုင်နေလိုက်လေသည်။

သူက ညင်သာစွာစီးဆင်းနေသည့် သံသေချောင်းရေလျဉ်ကို ငေးကြည့်ရင်း စိတ်ထဲဝယ် စိုးရိမ်ကြောကွဲလျက်ရှိချေ၏။

"မမမြသန္တာတို့မှာ ဘယ်လိုအန္တရာယ်မျိုး ရှိနေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မမမြသန္တာရဲ့အစ်ကိုက ငါတို့နှစ်ယောက် ဆုံတွေ့နေတာကို သဘောမကျလို့ မမမြသန္တာကို တစ်ဖက်လှည့်နဲ့ ထိန်းချုပ်လိုက်တာပဲလား''

''ဘာပဲဖြစ်ဖြစ် ... ငါနဲ့ မမမြသန္တာ ဝေးသထက်ဝေးသွားပြီ ပြန်မှဆုံပါတော့မလား မသိတော့ဘူး''

''ပြန်သာမတွေ့ရရင်တော့ ဒုက္ခပဲ''

သူ မည်မျှ မှိုင်တွေငေးမောကာ တွေးချင်ရာတွေးနေမိသည်မသိ။ သူ့အနား၌ ကောင်မလေးတစ်ယောက် လာထိုင်သည်ကိုပင် သတိမထားမိချေ။

''အစ်ကို''

သူ့ပခုံးပေါ် လက်လေးတစ်ဖက် ဖွဖွတင်ကာ အနီးကပ်ခေါ်လိုက်မှ လူရဲက မိန်းကလေးကို လှည့်ကြည့်မိသည်။

''ဟင် ... ခွာညို''

''ဒီရွာအရှေ့ပိုင်းဆီ အမေခိုင်းလို့လာရင်း အစ်ကို့ကို လှမ်းတွေ့လိုက်ရလို့ လာခဲ့တာ။ အစ်ကိုတစ်ယောက်တည်း ဘာတွေ တွေးနေတာလဲဟင်။ ဘာတွေ စိတ်ထိခိုက်နေတာလဲဟင်





နေကြာ်နာလည်း မကောင်းဘူး''

လူရဲက ညိုချောမလေးကို ခေါင်းငဲ့ကြည့်လိုက်သည်။ သူမက မာဆလိုက်အကျႌလက်စက အပြာနုရောင်လေးကို ချိတ်ထဘီအပြာရင့်ရင့်လေးနှင့် တွဲဖက်ဝတ်ထားပြီး ဆံပင်ဖွတ်မြီးထိုးနှစ်ခွဝယ် ဖဲကြိုးအပြာရောင်လေးများ စည်းထားလေသည်။

နုပျိုလှပသော ခွာညိုမှာ ညိုစိမ့်စိမ့်လေးနှင့် ချစ်စဖွယ်ကောင်းလှကြောင်း လူရဲသတိပြုမိသည်။

သူမ၏ညိုနုနုနားထင်အစပ်မှ မွေးညင်းစိမ်းစိမ်းတို့ကို ငေးကြည့်ရင်း သူ့ရင်ထဲ ထူးခြားစွာခုန်လာသည်။

လူရဲက အိပ်မက်မှလန့်နိုးသူနှယ် ခွာညိုကို သတိထားကြည့်ရှုသုံးသပ်လိုက်မိတော့၏။

လည်ဟိုက်အကျႌစအထက်မှ ညိုနုရှိန်းမြနေသည့် ရင်ညွန့်လွှာဝင်းဝင်းလေး။ ပြီးတော့ အပြာနုနု အကျႌစလေးဖုံးလွှမ်းထားသည့် လုံးဝန်းပြည့်တင်းသော ရင်နှစ်မွှာ။

ထိုမှ အောက်ဘက်သို့ သေးကျဉ်းသွားသောခါး။

ထိုမှ ဘယ်လိုကြည့်ကြည့် နုပျိုလှပသည့် ခွာညို၏အလှက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တိမ်မှုးသွားစေ၏။ သူ့ရင်ခုန်သံကို မြန်သွားစေ၏။ သူ့ရင်နှလုံးသားထဲဝယ် စွဲမက်မြတ်နိုးခြင်း စေတသိက်တို့ ကိန်းဝပ်လာစေ၏။

ထိုအရာတို့ကို အချစ်ဟုခေါ်ပါသလား။

ယင်းသို့သောစိတ်လှုပ်ရှားခံစားမှုများသည် အချစ်၏ သင်္ကေတများဟုဆိုပါက သူ ခွာညိုကို ချစ်မိနေပြီထင်သည်။

"ခွာညို"

"ရှင်"

"တို့ ခွာညိုကို ချစ်တယ်"

"ရှင်"

ခွာညိုမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် အံ့အားသင့် တုန်လှုပ်သွားလေသည်။

"ဟုတ်တယ် ခွာညို၊ တို့ သေချာစဉ်းစားပြီးမှ ဒီစကား ပြောရတာပါ။ တို့ ခွာညိုကို ချစ်မိနေပြီ"

ခွာညိုက လူရဲ၏မျက်ဝန်းများကို အကဲခတ်သလိုကြည့် လိုက်ပြီးမှ ဦးခေါင်းလေးကို မသိမသာ ငုံ့လိုက်ရှာသည်။





"ဘာဖြစ်လို့လဲ ခွာညို . . . တို့ကိုမယုံလို့လား"

"အို . . . မဟုတ်ပါဘူး အစ်ကိုရယ်။ အစ်ကိုက မထင်မှတ်ထားတဲ့အချိန်မှာ ရုတ်တရက်ကြီးပြောလိုက်တော့ မယုံနိုင်အောင်ဖြစ်သွားရလို့ပါ"

"ခွာညို . . . မြသန္တာဆိုတဲ့ မိန်းမချောလေးကို တို့ သိပ်ချစ်မိတယ်။ မတွေ့ရရင် မနေနိုင်လောက်အောင်ကို ချစ်တယ်။ ဒါပေမဲ့ . . . ဘာဖြစ်လို့မှန်းမသိဘူး သူ့ကိုချစ်တဲ့အချစ်က ခွာညို့ကို ချစ်တဲ့ အချစ်နဲ့ လုံးဝမတူဘူး"

"သူ့ကို လေးစားပြီး မြတ်နိုးပြီး အဖြူရောင်သက်သက် ချစ်တာ"

"ခွာညိုကျတော့ စွဲမက်ပိုင်ဆိုင်လိုတဲ့စိတ်နှလုံးသားနဲ့ ချစ်တာ။ ဘာကြောင့် အဲဒီလိုကွာခြားနေသလဲဆိုတာ စဉ်းစားလို့ မရဘူး"

"ဪ အစ်ကို . . . ဟိုတစ်ခါတုန်းက ပြောခဲ့တဲ့ မြသန္တာ ဆိုတာလား"

"ဟုတ်တယ် ခွာညို။ သူက အကြောင်းတစ်ခုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်မှာပဲ တို့ကို စွန့်ခွာထားရစ်ခဲ့တယ်လေ။ ဒါကြောင့် လွမ်းဆွတ်ကြေကွဲနေမိတာ ခွာညီရဲ့"

"နေပါဦး . . . အဲဒီမြသန္တာကရော ဒီရွာမှာရှိလို့လား"

"မရှိပါဘူး။ သူက သံသေဒဇတောထဲက စံအိမ်ကြီးမှာ နေတာ"

"ရှင်"

ခွာညီက သူ့မျက်နှာကို အထူးအဆန်းသဖွယ် စေ့စေ့ကြည့်သည်။

လူရဲက ခွာညီ၏အကြည့်ကို ဂရုမစိုက်ဘဲ ချောင်းရေပြင်ဆီငေးကြည့်ရင်း တိုးတိုးဖွဖွ ဆက်ပြောလေသည်။

"အခု ဒီမနက်ပဲ မမမြသန္တာက တို့ကို စွန့်ခွာထားရစ်ခဲ့တယ်လေ။ ဒါကြောင့် ကြေကွဲပြီး ဒီမှာ လာထိုင်နေတာပါ"

"အစ်ကိုရယ် . . . ခွာညီတော့ ဘာမှကို နားမလည်တော့ဘူး"

"မမမြသန္တာနဲ့ ခွဲခွာခဲ့ရပြီးမှ ခွာညီနဲ့ ဒီမှာလာဆုံတော့ တို့ရဲ့ရင်ဟာ အေးမြနေရာက နွေးထွေးလာတယ်။ အဲဒီမှာ တို့





သိလိုက်ပြီ။ မေတ္တာနဲ့အချစ်ဆိုတာကို ခွဲခြမ်း သိမြင်သွားရပြီ"

"မမမြသန္တာကို တို့ချစ်တဲ့အချစ်က အေးမြတဲ့ မေတ္တာစစ်နဲ့အချစ်၊ အဖြူရောင်သက်သက်"

"ခွာညီကိုကျတော့ ချစ်သူလို၊ သမီးရည်းစားလို ချစ်တာ။ ရွှဲရွှဲမက်မက်ချစ်တာ။ အဲဒီလိုခွဲခြားသိလိုက်လို့လည်း ခွာညီ့ကို ချစ်နေမိပြီလို့ ပြောလိုက်ရတာပါပဲ ခွာညီရယ်"

ကျေးတောသူအရိုးခံမလေး ခွာညီက လူရဲပြောသမျှကို လုံးစေ့ပတ်စေ့နားလည်လှသည်တော့မဟုတ်။ ဘယ့်နှယ် မြသန္တာဆိုသောအမျိုးသမီးကိုလည်း ချစ်သည်တဲ့။ မမြင်ရမနေနိုင်အောင် ချစ်တယ်တဲ့။ ပြီးတော့ မိမိကိုလည်း ချစ်တယ်တဲ့။ အဘယ်သို့ပါလိမ့်ဟု သူမ ဇဝေဇဝါတွေးနေမိသည်။

"ခွာညီ"

"ရှင်"

"တို့ ခွာညီ့ကို ချစ်တယ်ဆိုတာ ယုံရဲ့လားကွယ်"

"ဟုတ် . . . အဲ . . . ယုံ . . . ယုံချင်ပါတယ် အစ်ကို"

"ဘယ်လိုယုံချင်ပါတယ် . . . ဟုတ်လား။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ယုံတယ်လို့ မပြောနိုင်တာလဲ ခွာညိုရယ်''

ခွာညိုက သံသေချောင်းရေပြင်ဆီ ငေးကြည့်လိုက်ရင်း သက်ပြင်းလေးဖွဖွချသည်။ ချောင်းရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်လေးတို့က တဖျပ်ဖျပ်လှုပ်ခါလျက်ရှိ၏။

''ဟိုလေ အစ်ကိုက ရန်ကုန်ဆိုတဲ့ ရွှေမြို့တော်ကြီးက လာတာလေ။ ရန်ကုန်ဆိုတာ ခွာညိုတို့ရွာက လူတွေအတွက်ကတော့ အိပ်မက်တောင် မမက်ဝံ့တဲ့ ရွှေမြို့တော်ကြီးပါ။ ခွာညိုတို့ရွာက ရွာလူကြီးတွေကအစ ဘယ်သူမှ ရန်ကုန်ရွှေမြို့တော်ကြီးကို မရောက်ဖူးကြပါဘူး။ ခွာညိုတို့ ဇနပုဒ်ရွာလေးက ရွာသူရွာသားတွေဟာ ခွာညိုကအစ ရန်ကုန်ရွှေမြို့တော်ကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီးကိုသာ ဖူးခွင့်တစ်ကြိမ်လောက်ရရင် လူဖြစ်ကျိုးနပ်ပြီ သေပျော်ပြီလို့ ယူမှတ်ထားကြသူတွေပါ အစ်ကို။ အဲဒီလို ရွှေမြို့တော်ကြီးကနေလာခဲ့တဲ့အစ်ကိုဟာ ဘယ်လိုလူလဲဆိုတာ သေချာမသိဘဲ။ အစ်ကိုရဲ့အချစ်ကို မျက်စိစုံမှိတ် ယုံဖို့ခက်လှပါတယ် အစ်ကို''

''ပြီးတော့ . . . အစ်ကိုက ဟို မြသန္တာဆိုတဲ့အမျိုးသမီးကိုလည်း ချစ်တယ်။ ခွာညို့ကိုလည်းချစ်တယ်ဆိုတော့ အဲဒီလို တစ်ပြိုင်နက်ချစ်လို့မရဘူးလေ အစ်ကို''

လူရဲက မျက်နှာကိုမော့လိုက်ပြီး သဘောကျစွာ ပြုံးလိုက်မိလေသည်။ ချောင်းရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည်အေးအေးက သူ့မျက်နှာကို အေးမြလန်းဆတ်သွားစေ၏။

လူရဲက ခွာညို့ဘက်သို့ လှည့်ထိုင်လိုက်ပြီး သူမ၏ ရှင်းသန့်နေသော ညိုစိမ့်စိမ့်မျက်နှာဝိုင်းဝိုင်းလေးကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

''ဩော် ခွာညိုရယ် . . . တကယ့်အချစ်စစ်ဆိုတာ နှစ်ယောက်,သုံးယောက်ကို တစ်ပြိုင်နက်ချစ်လို့မရဘူးဆိုတာ အစ်ကိုလက်ခံပါတယ်။ ကြိုက်လို့ တပ်မက်လို့သာ ရချင်ရမယ်။ တစ်ပြိုင်နက် ချစ်လို့မရဘူးဆိုတာ မှန်ပါတယ်။ ခုလည်း အစ်ကိုက ခွာညိုတစ်ယောက်တည်းကိုပဲ ချစ်တာပါကွယ်။ အစ်ကို့ရဲ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ဖူးပါဘူး ခွာညိုရယ်''

''ဟင် . . . ဒါဆို စောစောက မြသန္တာကိုချစ်တယ်ဆိုတာရော''







www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အဲဒါတော့ တို့လည်း ဘယ်လိုပြောရမှန်းမသိ ဘူး၊ မမမြသန္တာကို တို့ရဲ့ရင်ထဲမှာ သိပ်ချစ်နေမိတာတော့ အမှန် ပဲ။ ရင်ထဲမှာ နင့်နေအောင်ကို ချစ်တယ်။ ဒါပေမဲ့ . . . မမမြသန္တာကို ချစ်တဲ့အချစ်ဟာ ခွာညို့ကိုချစ်တဲ့အချစ်နဲ့တော့ လုံးဝမတူဘူး"

"အစ်ကိုရယ် . . . ချစ်တာက ချစ်တာပဲပေါ့၊ ယောကျ်ားတစ် တစ်ယောက်က သွေးမတော်သားမစပ်တဲ့ သူစိမ်းမိန်းကလေး တစ်ယောက်ကို ချစ်တယ်ဆိုမှတော့"

ပြောရင်း ခွာညို၏စကားသံလေးက အဖျားခတ်တုန်ခါ သွားပြီး မျက်ဝန်းညိုညိုတို့ထဲ၌ မျက်ရည်ကြည်လေးများ ရစ်ဝိုင်း လာကာ ခေါင်းလေးကို ငုံ့လိုက်ရှာသည်။

လူရဲက သက်ပြင်းရှိုက်လိုက်ပြီးနောက် ခေါင်းကို ဖြည်း လေးစွာ ခါးရမ်းလိုက်၏။

"မဟုတ်သေးဘူး ခွာညို။ သွေးမတော် သားမစပ်ပေမယ့် မမမြသန္တာကို ချစ်တဲ့အချစ်က တစ်မျိုးပါကွယ်။ ဘယ်လိုပြောရမလဲ အစ်ကိုလေ မမမြသန္တာရဲ့မျက်နှာလေးကို မြင်ရရင် ရင်ထဲမှာ အေးမြ သွားတာပဲ။ ခွာညို့ကိုကျတော့ ရင်ထဲမှာ နွေးပြီး ချစ်တာ"





"ကဲ . . . ဒါဆို ခွာညိုမေးမယ်၊ အဲဒီ မြသန္တာဆိုတဲ့"

"ခွာညို မမမြသန္တာလို့ ပြောပါကွယ်"

"အင်း . . . ကောင်းပြီလေ။ အဲဒီ မမမြသန္တာကို အစ်ကို ထက်ထပ်ယူနိုင်မလား"

ခွာညို၏အမေးစကားကို ကြားလိုက်ရသည်တွင် လူရဲ၏ တစ်ကိုယ်လုံးမှာ မိုးကြိုးအထိခံရသည့်နှယ် ဆတ်ခနဲ တုန်လှုပ်သွား ပြီး ခေါင်းမွေးများ ထောင်ထသွားသလို ခံစားလိုက်ရတော့၏။

"အို . . . ခွာ . . . ခွာညို ဘယ်လိုပြောလိုက်တာလဲ။ မမ မြသန္တာကိုချစ်တာ အဲဒီလိုမျိုးမဟုတ်ဘူး။ မဟုတ်ဘူး ခွာညို။ သူ့ကို တို့က ကြည်ညိုပြီး မြတ်နိုးပြီးချစ်တာ။ အဲ . . . အဲလို . . . မဟုတ်ဘူး"

ပြင်းပြစွာ တုန်လှုပ်သွားရှာသည့် လူရဲကိုကြည့်ပြီး ခွာညို ဝင် အံ့အားသင့်သွားရ၏။

"နောက် . . . နောက်ကို အဲဒီလိုမျိုး မမေးပါနဲ့ ခွာညိုရယ်"

"ကဲ . . . ဟုတ်ပါပြီလေ။ ခွာညို မှားသွားသလားတော့ မသိဘူး။ ဒါပေမဲ့ . . . ထပ်မေးပါရစေဦး။ ခွာညို့ကိုရော အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ယူနိုင်မလား''

''ဟာ . . . ယူနိုင်တာပေါ့ ခွာညို။ ရန်ကုန်မှာ အစ်ကို့ စီးပွားရေးလုပ်ငန်းရှိပါတယ်။ ခွာညို့ကို လက်ထပ်ယူပြီး ထင်တောင်းတင့်တယ် ထားနိုင်ပါတယ်။ ခွာညိုကသာ တို့ရဲ့အချစ်ကို လက်ခံမယ်ဆိုရင် ခွာညို့ရဲ့အမေ ကျေနပ်လောက်တဲ့အထိ ထင်တောင်းပြီး လက်ထပ်ယူချင်ပါတယ် ခွာညို။ အရေးကြီးတာက တို့ကိုရော တို့ရဲ့အချစ်ကိုပါ ခွာညိုယုံဖို့ပါပဲ''

''ခွာ . . . ခွာညို . . . ယုံချင်ပါတယ် အစ်ကိုရယ်''

''ကောင်းပြီ ခွာညို၊ ခွာညိုယုံအောင် မမမြသန္တာနဲ့ တွေ့နေကျ ရွာမြောက်ဘက်ပိုင်း သံသေဒဇေတာစပ်နားက ရှေးဟောင်းစေတီလေးမှာ တို့ သစ္စာဆိုပြမယ်။ လာ . . . အဲဒီစေတီလေးဆီ သွားရအောင်''

ပြောရင်း လူရဲက ထိုင်ရာမှထကာ ခွာညို၏လက်တင်ဖက်ကို ဆွဲလျက် ထူလိုက်သည်။

ခွာညိုက အလိုက်သင့်ထရပ်လိုက်သော်လည်း ခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်၏။





''အခုတော့ မဖြစ်သေးဘူး အစ်ကို၊ မေမေ နိုင်းလိုက်တာ အချိန်တော်တော်ကြာသွားပြီ''

''ဒါဆို . . . ဘယ်တော့သွားမလဲ ခွာညို''

''အင်း . . . မနက်ဖြန်နေ့လယ် ထမင်းစားပြီးလောက်မှာ ရွာမြောက်ပိုင်းဘက် ကြွေးတောင်းထွက်မယ်ဆိုပြီး ခွာညိုလာခဲ့မယ်။ ရွာအစွန်ကနေ အစ်ကိုစောင့်နေလေ''

''ကောင်းပြီ ခွာညို၊ တို့ သေချာစောင့်နေမယ်နော်''

''လာခဲ့ပါ့မယ် အစ်ကို . . . ခုတော့ ခွာညိုပြန်တော့မယ်နော်''

''ကောင်းပါပြီ ခွာညို''

ခွာညိုက သူ့ကိုနှုတ်ဆက်ပြီး ချောင်းကမ်းစပ်မှနေ၍ ရွာဘက်ဆီသို့ ထွက်ခွာသွားတော့၏။

လူရဲက ညိုချောမလေးကို မြတ်နိုးစွာ ငေးကြည့်ကျန်ရစ်ခဲ့ပြီး ခဏအကြာတွင်မှ ရွာဘက်သို့ လျှောက်လှမ်းလာခဲ့ပါတော့၏။

❑

၂၀၉



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးကျောင်းဝင်းထဲ ဝင်ခဲ့ပြီးနောက် လူရဲ ကျောင်းပေါ်တက်လာတော့ ဧည့်သည်ယောက်ျားသုံးလေးဦး ရောက်နေသည်ကို တွေ့ရလေသည်။

ဤရွာဦးကျောင်းတွင် ခရီးသွားဧည့်သည်များ၊ နယ်လှည့်ဈေးသည်များ၊ ကုန်သည်များ မကြာခဏ လာရောက်တည်းခိုလေ့ရှိသဖြင့် ဧည့်သည်ရောက်ရှိသည်မှာ မဆန်းပါချေ။

သို့သော် ... ယခုရောက်ရှိနေသည့် ဧည့်သည်လေးဦးမှာမူ လူရဲ ကျောင်းပေါ်တက်လာသည်ကို တွေ့သည်နှင့် ဘုန်းတော်ကြီး





ဦးဆန်းရှိန်၊ ကပ္ပိယကြီးဦးခင်ဖော်တို့နှင့် စကားပြောနေရာမှ ပြောလက်စ စကားကိုရပ်ပြီး လူရဲကို စူးစမ်းသည့်မျက်လုံးများဖြင့် လှည့်ကြည့် လိုက်ကြလေ၏။

"အေး ... လူရဲ လာဦး"

ဆရာတော်ဦးဆန်းရှိန်က လှမ်းခေါ်သဖြင့် လူရဲက ဆရာတော်ထံ လျှောက်လှမ်းသွားပြီး ဝတ်ပြုကာထိုင်လိုက်ရ၏။

"ဟိုဘက်ရွာက ဆရာတော်ဦးကောဝိဒရဲ့ကျောင်းကို ကထိန်အလှူကိစ္စအတွက် ငါ သွားရမယ် လူရဲ။ နေ့ဆွမ်းစားပြီး တာနဲ့ ကိုရင်ကြီး အုန်းနိုင်ကို ခေါ်ပြီးသွားမယ်။ ဒီက ဧည့်သည်တွေရဲ့ ဝေယျာဝစ္စကို ကပ္ပိယကြီးနဲ့အတူတူ လုပ်ကိုင်ပေးလိုက် ဟုတ်လား"

"တင်ပါ့ဘုရား"

"အေး ... ရွာနီးချုပ်စပ်က ကျောင်းထိုင်ကိုယ်တော်တွေပါ ဆုံပြီး စုံညီအစည်းအဝေးလုပ်မှာဆိုတော့ ဟိုမှာ ငါ တစ်ညနှစ်ညတော့ ကျိန်းဖြစ်လိမ့်မယ်။ ကပ္ပိယကြီးရော လူရဲပါ ဧည့်သည်တွေ အဆင်ပြေအောင် စီမံပေးလိုက်ကြ"

"တင်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဘုရား"

"အေး အေး . . . ဒီက ဉေ့သည်ဆရာကြီးက သာသနာ ပြုပုဂ္ဂိုလ်တွေပဲ လူရဲ့ရဲ့"

"တင်ပါ့ဘုရား"

"သူတို့က ရှေးဟောင်းကျမ်းတွေလေ့လာပြီးမှ ငါတို့ရွာ ဆီလာပြီး သာသနာပြုတာတဲ့။ ရွာမြောက်ပိုင်း သံသေဇတော ထဲမှ တိမ်မြုပ်နေတဲ့ ရှေးဟောင်းဘုရားတွေရှိတယ်ဆိုပဲ။ အဲဒီ ရှေးဟောင်းဘုရားတွေ တိမ်မြုပ်နေတာကို ပြန်ဖော်ပြီး စေတီအသစ် တွေအဖြစ် ပြုပြင်ကြ ပြန်တည်ကြမလို့တဲ့ကွဲ့။ အဲဒီရှေးဟောင်းစေတီ တွေဟာ အင်းဝခေတ်ကတည်းက တည်ထားခဲ့တဲ့စေတီတွေဆိုပဲ"

ဤတွင် ကျေးတစ်ရာခေါင်းပေါင်းကြီး ပေါင်းထားသည့် နှုတ်ခမ်းမွေးကားကားကြီးနှင့် လူဝဝခံ့ခံ့ကြီးက ဝင်လျှောက်လေ သည်။

"တင်ပါ့ဘုရား . . . အင်းဝဘုရင်မင်းခေါင်တည်ခဲ့တဲ့ ဘုရား တွေပါ ဘုရား။ အင်းဝပျက်ပြီးကတည်းက ဒီကနေ့အထိ တိမ်မြုပ် နေတဲ့ စေတီတွေပါ။ သမိုင်းတန်ဖိုး အင်မတန်ကြီးမားတဲ့ ရှေး





ဟောင်းစေတီတွေပါ။ အဲဒီစေတီတွေကိုသာဖော်ပြီး သာသနာပြု နိုင်ရင် ဒီဒေသမှာ သာသနာပွင့်လန်းပြီး အင်မတန် လူသူစည်ကား သွားမှာပါ။ ရပ်ရွာလည်း ဖွံ့ဖြိုးစည်ပင်ပြီး တစ်နိုင်ငံလုံးမှာ ကျော် ကြားသွားတဲ့ သာသနာ့နယ်မြေဖြစ်သွားမှာပါ ဘုရား။ အရှင်ဘုရား ရဲ့ဂုဏ်သတင်းလည်း သာသနာတော်သမိုင်းမှာ အကျော်ဇေယျ ဖြစ် သွားမှာပါ ဘုရား"

ထိုဆရာကြီး၏မစားရဝခမန်းစကားကြောင့် ဘုန်းတော် ကြီး ဦးဆန်းရှိန်မှာ သဘောအကျကြီးကျနေတော့၏။

"ကြားလား . . . ကပ္ပိယကြီးနဲ့ မောင်လူရဲ"

"တင်ပါ့ဘုရား"

"ဒီဆရာကြီးတွေရဲ့အစီအမံက အားရစရာ တယ်ကောင်း ကွယ်။ ဂရုစိုက်ကြ . . . ဂရုစိုက်ကြ။ ငါမရှိတုန်း ဒီဆရာကြီးတွေ လိုအပ်သမျှ ဖြည့်ဆည်းပေးကြ။ သူတို့လေ့လာချင်တဲ့နေရာ လိုက် ပို့လိုက်ကြ . . . ကြားလား"

"တင်ပါ့ ဘုရား"

"ရွာလူကြီး ဒကာကြီးညွန့်ဆွေတို့၊ ရဲညွန့်တို့၊ စောခွင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုလည်း ငါ မှာသွားပါဦးမယ်''

''တင်ပါ့ဘုရား''

ဘုန်းတော်ကြီးဦးဆန်းရှိန်က တက်ကြွနေပြီး ကျေးတစ်ရာ ခေါင်းပေါင်းနှင့် လူကြီးတို့ကို အတော် အထင်ကြီးနေပုံရလေသည်။

လူရဲကမူ ကျေးတစ်ရာခေါင်းပေါင်းနှင့်လူကြီးအား သေသေချာချာ စူးစမ်းကြည့်ရှုရင်း တစ်နေရာရာမှာ မြင်ဖူးသလို ရှိသဖြင့် မျက်မှောင်ကြုတ်ကာစဉ်းစားနေ၏။

''ကဲ ကဲ ... ဆွမ်းပွဲပြင်တော့ ကပ္ပိယကြီးနဲ့ လူရဲ။ မွန်းမတည့်ခင် ရွာကထွက်မှဖြစ်မယ်။ ဆောင်းတွင်းဆိုပေမယ့် နေ့ခင်းဆို နေကတယ်ပူတာပဲ။ နွားရော လူပါ ပင်ပန်းမယ်''

''တင်ပါ့ဘုရား၊ ကဲ ... လူရဲ ကိုရင်ကြီးတွေနဲ့အတူ ဆွမ်းပွဲပြင်ဖို့လုပ်ကွာ။ ကျုပ်က လှည်းသမားလုတင် (အင်္ဂါပြုဟ်) ကို လှည်းပြင်ထားဖို့ ရွာထဲ သွားပြောလိုက်ဦးမယ်''

''ဟုတ်ကဲ့''

ကပ္ပိယကြီးဦးခင်ဇော် ကျောင်းပေါ်မှဆင်းသွားသည်နှင့် လူရဲလည်း ဆွမ်းစားဆောင်ဘက်ကူးလာခဲ့လေသည်။

■



ဆရာတော်ဦးဆန်းရှိန်နှင့် ကိုရင်ကြီးတို့ကို ဆွမ်းကပ်ပြီးသည်နှင့် ညှိသည်တို့ကို ထမင်းကျွေးရလေသည်။

လူရဲက ညှိသည်ထမင်းဝိုင်းအတွက် လိုသမျှ ဖြည့်ဆည်းပေးရင်း ထိုလူတို့ကို တစ်ယောက်ချင်းစီ မသိမသာကြည့်ကာ အကဲခတ်နေ၏။

ကျေးတစ်ရာခေါင်းပေါင်းနှင့် လူဝဝကြီးမှာ သူတို့လူစု၏ ခေါင်းဆောင်ဆရာကြီးဖြစ်ပြီး သူက မဟိဒ္ဓိစေဂိုဏ်းဆရာကြီး ဦးသောင်းထွန်းဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူသုံးဦးမှာ သူ၏တပည့်များဖြစ်ပြီး ဦးစိုးငြိမ်း ဦးထွန်းသိန်းနှင့်တင့်ဆွေတို့ဖြစ်ကြောင်း သိရလေသည်။ ဒီနာသနာပြုပုဂ္ဂိုလ်များဟုသာ ဆိုသည်။ သူတို့သုံးဦး၏ရုပ်ရည်က ကြမ်းတမ်းပြီး လူမိုက်ရုပ်ပေါက်နေကြသည်ဟု လှရဲက စိတ်ထဲမှ မှတ်ချက်ပြုမိလေသည်။

ဆရာတော်တို့ တစ်ဖက်ရွာသို့ ကြွသွားပြီးနောက် ကပ္ပိယကြီးဦးခင်ဇော်က ဆရာကြီးဦးသောင်းထွန်းတို့အဖွဲ့ကို ရွာထဲသို့ ရွာလူကြီးများနှင့် မိတ်ဆက်ပေးရအောင်ဟု ဆိုကာ ခေါ်သွားတော့၏။

မနက်စာစားပြီးနောက် လှရဲက ဆွမ်းစားဆောင်ထပ်ခိုးပေါ်ရှိ သူ၏အိပ်ရာပေါ်တွင်လှဲရင်း ခရီးဆောင်အိတ်ထဲမှ ထုတ်ယူထားသည့် ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို မြတ်နိုးစွာကြည့်လျက် သူ့မမ မြသန္တာကို သတိရလျက်ရှိတော့၏။

သူက ကျောက်စိမ်းမင်းသမီးရုပ်တုလေး၏မျက်နှာကို စိုက်ကြည့်ရင်း တိုးတိုးဖွဖွ ပြောနေမိလေသည်။

ခဏအကြာတွင်မူ လှရဲသည် ထိုရုပ်တုလေးကို ရင်ဘတ်ပေါ်တင်ရင်း မှေးခနဲ အိပ်ပျော်သွားပါတော့၏။

❑



လှရဲ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ သူ ဖျတ်ခနဲနိုးလာတော့ သူ့ရင်ဘတ်ပေါ်တွင် ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို မတွေ့ရတော့ချေ။

"ဟင် ... မမ ... မမမြသန္တာ၊ အဲလေ ... ကျောက်စိမ်းမင်းသမီးရုပ်တုလေး ဘယ်ရောက်သွားပါလိမ့်"

သူ လွန်စွာ တုန်လှုပ်ချောက်ချားသွားပြီး ကပျာကသီ လူးလဲထလိုက်ကာ ဝန်းကျင်သို့ ကိုးကန်းတောင်းမှောက်ကြည့်လျက် ရုပ်တုလေးကို ရှာဖွေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရိပ်အယောင်မျှပင် မတွေ့ရသဖြင့် ယေိတ်စ်ဆို မြေပေါက်ခံရသည့်နှယ် ထူပူသွားပြီး ထပ်ခိုးပေါ်မှ ကသောကမျော ဆင်းလာတော့သည်။

ထိုစဉ် ကျောင်းမကြီးပေါ်မှ စကားပြောသံများ ကြားရသဖြင့် လူရဲက ဘေးလှေကားအတိုင်း ပြေးတက်သွားလိုက်၏။

ကျောင်းပေါ်မှ ကျက်သရေခန်းရှေ့တွင် ကပ္ပိယကြီး ဦးခင်ဇော်နှင့် မဟာဗိဒ္ဓိစေတီကိုထားဆရာကြီး ဦးသောင်းထွန်းတို့လူစု ဝိုင်း ထိုင်လျက်ရှိကာ သူတို့လူစု၏ရှေ့မှကြမ်းပြင်ပေါ်တွင် ကျောက်စိမ်း မင်းသမီးရုပ်တုလေးကို မတ်မတ်ရပ်လျက် တွေ့ရလေသည်။

လူရဲ ဒေါသထောင်းခနဲဖြစ်သွားပြီး ထိုလူစုဆီသို့ ခြေသံ ပြင်းပြင်းဖြင့် ပြေးသွားလိုက်၏။

"ဟေ့လူတွေ . . . အဲဒါ ဘာလုပ်တာလဲဗျ။ ပေး . . . ကျုပ်ရဲ့ရုပ်တု"

လူရဲက ထိုလူစုအကြားသို့ ခြေတစ်လှမ်းဝင်လိုက်ပြီး ကျောက်စိမ်းရုပ်တုလေးကို ဆတ်ခနဲဆွဲယူလိုက်တော့၏။

ကပ္ပိယကြီးဦးခင်ဇော်၏မျက်နှာ ရဲခနဲဖြစ်သွားပြီး ဒေါသ





တကြီးဖြင့် ဝုန်းခနဲထရပ်လိုက်၏။

"ဟင် . . . ဟေ့ကောင် မင်း မိုက်ရိုင်းလှချေလားဟင်"

"ဘာဗျ . . . ဘာမိုက်ရိုင်းတာလဲ။ မိုက်ရိုင်းတာက ကပ္ပိယ ကြီးဗျ။ ကျွန်တော်မသိဘဲ ကျွန်တော့်ရုပ်တုကို ဘာဖြစ်လို့ ယူသွား တာလဲ။ ပိုင်ရှင်မသိဘဲ ခွင့်မပြုဘဲ ယူတာ ခိုးတာပဲဗျ"

"ဘာကွ . . . ဟေ့ကောင် မင်း ဘာလှုပါးဝတာလဲ"

ကပ္ပိယကြီးဦးခင်ဇော်က ဒေါသတကြီး အော်ပြောပြီး လူရဲ ကို ပြေးထိုးရန် ဟန်ပြင်လိုက်ရာ ဆရာကြီးဦးသောင်းထွန်းတို့ပါ ကမန်းကတန်း ထကာ ဝိုင်းဆွဲကြ တားကြတော့၏။

"ကပ္ပိယကြီး . . . ကပ္ပိယကြီး၊ စိတ်ထိန်းပါဗျာ။ မောင်လူရဲ ပြောတာ မှန်ပါတယ်။ ကျုပ်တို့ကလည်း သူ့ရုပ်တုလေးကို လေ့ လာကြကြည့်ချင်လို့ ခဏယူကြည့်မိတာကိုးဗျ။ ခုန္တီစ သည်းခံခြင်း က မြတ်ပါတယ်ဗျာ။ သည်းခံကြပါ . . . သည်းခံကြပါ"

ဆရာကြီးဦးသောင်းထွန်းက ဖြန်ဖြေစကားပြောကာ ရန်ပွဲကို တားမြစ်လိုက်၏။

ဆရာကြီးဦးသောင်းထွန်းက လူရဲကိုလည်း တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုသည်။

"ကဲ ... ငါ့တူ မောင်လူရဲ။ မင်းလည်း သည်းခံပါကွာ။ ဆရာကြီးတို့က အဲဒီရုပ်တုလေးကို ရှေးဟောင်းလက်ရာလေးမို့ စိတ်ဝင်စားပြီး လေ့လာကြည့်ရှုမိတာပါ။ ငါ့တူရဲ့ရုပ်တုလေးကို ယူပြီး မပြောနဲ့ စိတ်နဲ့တောင် မပြစ်မှားရပါဘူးကွာ။ ကဲ ကဲ ... လာပါ ထိုင်ပါဦး ... ထိုင်ပါဦး။ နွေးနွေးထွေးထွေး ခင်ခင်မင်မင် စကားပြော ကြရအောင်ပါ။ ထိုင် ... ငါ့တူထိုင်၊ ကဲ ... ကပ္ပိယကြီးလည်း ထိုင်ဗျာ"

ဆရာကြီးဦးသောင်းထွန်းက ငြိမ်းချမ်းရေးစကားဆိုကာ အတင်းထိုင်ခိုင်းနေသည့်အပြင် ဆရာတော်ကလည်း ညွှန်သည် တို့ကို ဂရုစိုက်ဖို့မှာထားရာ လူရဲလည်း မထိုင်ချင် ထိုင်ချင်ဖြင့် ထိုင်လိုက်ရလေသည်။

သူတို့လူစု ဝိုင်းထိုင်ပြီးကြသည်နှင့် ဆရာကြီးဦးသောင်း ထွန်းက -

"ကပ္ပိယကြီးကို စိတ်မဆိုးပါနဲ့ မောင်လူရဲရယ်။ စိတ် ဆိုးခြင်းဆိုးရင် ကျုပ်ကို စိတ်ဆိုးပါ။ ရွာထဲကနေ ကရေကရာ





မှန့်တွေဝယ်လာပြီး ရေနွေးကြမ်းနဲ့ ဝိုင်းဖွဲ့မြည်းရအောင်ဆိုပြီး မောင်လူရဲကို သွားခေါ်ခိုင်းလိုက်တာ။ အဲဒါ ကပ္ပိယကြီးက သွား အခေါ် မောင်လူရဲအိပ်ပျော်နေတာနဲ့ မနိုးတော့ဘဲ နိုးတော့မှပဲ မုန့်ကျွေးတော့မယ်ဆိုပြီး ပြန်အလာ မောင်ရင့်ရဲ့ရင်ဘတ်ပေါ်က အဲဒီရုပ်တုလေးကို တွေ့ရလို့ ကျုပ်တို့ကြည့်ချင်မှာပဲဆိုပြီး ခမျာက စေတနာနဲ့ ယူလာတာပါ ...၊

ကပ္ပိယကြီးကို ခွင့်လွှတ်လိုက်ပါကွယ်။ ကျုပ်တို့အပေါ် ထားတဲ့စေတနာကြောင့် မောင်ရင့်ရဲ့ရုပ်တုလေးကို ခဏလေးယူ လာပြရှာတာပါကွယ်။ ကျုပ်တို့ကလည်း ရှေးဟောင်းပစ္စည်းဆို သိပ်စိတ်ဝင်စားတာ သူသိတယ်လေ။ ကျုပ်တို့ ရှေးဟောင်းပစ္စည်း စိတ်ဝင်စားတယ်ဆိုတာကလည်း ကိုယ်ကျိုးအတွက် မဟုတ်ပါ ဘူးကွယ်။ မြန်မာတို့ရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို မြတ်မြတ် နိုးနိုးနဲ့ ဖော်ထုတ်ချင်တာပါ။ အမျိုးဂုဏ် ဇာတိဂုဏ် ဘယ် လောက်မြင့်မားတယ်ဆိုတာ ကမ္ဘာကသိအောင် ပြချင်တာပါ။ မောင်ရင်ရဲ့ရုပ်တုလေးဆို လက်ရာတယ်မြောက်တာပဲ။ ခဏလေး ... ရုပ်တုလေးကို ဘယ်လောက် လက်ရာမြောက်အောင် ထုဆစ်



www.burmeseclassic.com

www.burmeseclassic.com



ထားသလဲဆိုတာ ကျုပ်ပြမယ်"

ဆရာကြီးဦးသောင်းထွန်းက လေပြည်အေးဖြင့် ပြောရင်း လက်လှမ်းလိုက်ရာ လူရဲလည်း အားတုံ့အားနာဖြစ်သွားသဖြင့် ရုပ်တုလေးကို ကမ်းပေးလိုက်မိလေသည်။

"လက်ရာကတော့ အင်းဝခေတ်လက်ရာမျိုးကွဲ့။ ဟော ဒီမှာ ခေါင်းကစည်းပုံလေးကို အသေးစိတ်ထုဆစ်ထားတာ ... ကြည့်"

သို့ဖြင့် သူတို့လူစုသည် ဆရာကြီးဦးသောင်းထွန်းပြောသမျှကို စိတ်ဝင်စားစွာ နားထောင်ရင်း ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို အနုလုံပဋိလုံ လေ့လာနေကြတော့၏။

အတန်ကြာစိတ်တိုင်းကျလေ့လာကြည့်ရှုပြီးမှ ဆရာကြီးဦးသောင်းထွန်းက မင်းသမီးရုပ်တုလေးကို လူရဲအား ပြန်ပေးလိုက်၏။

"ဒီရုပ်တုလေး ဘယ်ကရလာတာလဲကွဲ့"

"ရန်ကုန်မြို့ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်တစ်ဆိုင်ကနေ ဝယ်လာတာပါ ခင်ဗျ"





"ဘယ်လောက်ပေးရသလဲကွဲ့"

"တစ်သောင်းပါ"

လူရဲက ပါးစပ်ထဲရှိတာ ပြောလိုက်၏။ ဆရာကြီးဦးသောင်းထွန်းက ခေါင်းတဆတ်ဆတ်ညိတ်လျက် ပြုံးနေလေသည်။

"ကောင်းပါလေ့ကွယ် ... သေချာသိမ်းထားကွဲ့။ တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းပဲ နောင်ဆို သိန်းနဲ့ချီပြီး တန်လာလိမ့်မယ်"

"ဟုတ်ကဲ့"

လူရဲက ကျောက်စိမ်းမင်းသမီးရုပ်လေးကို ပွေ့ပိုက်လျက် ဆွမ်းစားဆောင်ဘက် ပြန်လာခဲ့ပြီး ထပ်ခိုးပေါ်ရှိသူ၏ ခရီးဆောင်အိတ်ထဲထည့်ထားလိုက်၏။

"အင်း ... ဒီမှာ ကြာကြာထားလို့တော့ မဖြစ်ဘူး။ ဒီထက် လုံခြုံတဲ့နေရာမှာ ဒီမင်းသမီးရုပ်တုလေးကို သိမ်းထားမှဖြစ်မယ်"

ညနေရောက်တော့ ကပ္ပိယကြီးဦးခင်ဇော်က ဆရာကြီးဦးသောင်းထွန်းတို့လူစုကို ရွာမြောက်ဘက်သို့ ခေါ်ထုတ်သွားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်များကို ညစာကျွေးရှူးမည်မို့ ကိုရင်ကြီးလှကြိုင်နှင့် လူရဲတို့က ထမင်းအိုးတည်ပြီး ဟင်းလေးအိုးကိုပါ နွှေးထားရ၏။

သို့သော် . . . ညနေစောင်းပြီး မှောင်ရိပ်သန်းလာချိန်တွင် ရွာထဲမှ နွားကျောင်းသားလေး လှမြင့်က ကျောင်းကို လာပြော၏။

''ဗျို့ . . . ကိုရင်ကြီး''

''ဟ . . . ဘာတုံး''

''ကပ္ပိယကြီးက ပြောခိုင်းလိုက်တယ်။ ညှော်သည်အဖွဲ့က လေ့လာစရာတွေရှိလို့ ကျောင်းမှာ ပြန်မအိပ်ဘူးတဲ့။ ဦးပုပ္ပားတို့ လယ်စောင့်တဲမှာပဲ ညအိပ်ကြမယ်တဲ့။ ပြောခိုင်းလိုက်လို့''

''ဟုတ်လား . . . ငါတို့က ဒီမှာ သူတို့အတွက် ထမင်းချက်ထားပြီးပြီကွ''

''သူတို့ အဲဒီမှာ ညစာစားကြမယ်တဲ့''

''ကောင်းကွာ''

''တောက် . . . စောစောက မပြောခိုင်းဘူး။ ကပ္ပိယကြီး လုပ်လိုက်ရင် အဲဒီအတိုင်းပဲ။ ထမင်းတွေတော့ အောထနေပြီ





ဘုန်းကြီးသာ သိရင် အပွက်ခံရမှာ သေချာတယ်''

လှမြင့် (ခ) အဒူလေး ပြန်ထွက်သွားတော့ ကိုရင်ကြီး လှကြိုင်က ပွစိ ပွစိ ပြောမဆုံးဖြစ်နေတော့၏။

''ကိုရင်ကြီး ဦးပုပ္ပားဆိုတာ ဘယ်သူလဲဗျ''

''ဘယ်သူရမလဲ ကပ္ပိယကြီးလို အင်္ဂရုတ်ရှူးလေ''

''ဒါကြောင့် . . . ကပ္ပိယကြီးနဲ့ အလွမ်းသင့်နေတာ ဖြစ်မှာပေါ့''

''အဲဒီပုပ္ပားဆိုတဲ့ ဦးတင်ဦးက ကပ္ပိယကြီးထက်တောင် အင်္ဂရုတ်ရှူးသေးတယ်။ ကပ္ပိယကြီးလိုပဲ ယောဂီအရောင်ပုဆိုး အင်္ကျီဝတ်၊ လည်ပင်းမှာ ပုတီးဆွဲပြီး ဘုရားအလုပ် တရားအလုပ် လုပ်ဘဲ ဖိုပဲ ထိုးနေတာလေ''

''သူတို့ဖိုထိုးတော့ ဘာဖြစ်သလဲဗျ''

''ဘာဖြစ်ရမလဲ၊ မီးသွေးဖိုးကုန်တာပေါ့ . . . ဟား ဟား ဟား''

လှရဲက ပြုတ်ပြုတ်ပြောတတ်သော ကိုရင်ကြီးလှကြိုင်၏ စကားကို သဘောကျပြီးရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုပ္ပားဆိုတဲ့ဦးတင်ဦးဟာ အရင်က လူကောင်း လယ်အလုပ်ကို တယ်ကြိုးစားတာပဲ။ သူ့လယ်က စပါးအော အောင်ထွက်တာကလား။ ကပ္ပိယကြီးနဲ့ပေါင်းမိပြီး အဂ္ဂိရတ်ဆ ရှုးရာက လယ်ကေတွေခုံ။ ရွာထဲကအိမ်ပိုင်းပါ ရောင်းရ၊ မယား နဲ့ပါကွဲပြီး လယ်ထဲမှာ သွားနေရတာလေ။ အဂ္ဂိရတ်ထိုးတာ ရွှေ မလိုလို၊ ငွေဖြစ်မလိုလို၊ သိဒ္ဓိမြောက်မာတ်လုံးပဲ ရမလိုလိုနဲ့ ... ခုတော့ လယ်သုံးလေးကေနဲ့ နွားတစ်ရှဉ်းပဲ ကျန်တော့တယ်"

"ဝါသနာပေါ့ဗျာ။ တချို့ အဂ္ဂိရတ်သမားတွေ တပည့်တော် တွေ့ဖူးတယ်။ အဲဒီလိုပဲ ယောဂီဝတ်၊ ပုတီးစိတ်၊ သက်သတ်လွတ် စားပြီး ဖိုထိုးရင် ထွက်ရပ်ပေါက်လမ်းလိုက်နေကြတာ"

"အလကားပါ ဒကာလူရဲရယ်။ အဲဒီပုပ္ပားဆိုတဲ့ ဦးတင်ဦး ရော၊ ကပ္ပိယကြီးဦးခင်ဇော်ပါ ခွက်ပုန်းတွေပါ။ ပုတီးက လူအထင် ကြီးအောင် လည်ပင်းမှာ ဆွဲထားတာ"

"ခွက်ပုန်း ... ဟုတ်လား"

လူရဲ အံ့အားသင့်သွားသည်။

"ဟုတ်တယ်၊ ကျုပ်က ဘုန်းကြီးကို ပြန်မတိုင်ချင်လို့ ည





ဘုရားဝတ်တက်ပြီးတာနဲ့ ကပ္ပိယကြီးက ကျောင်းကနေ ပျောက် ပျောက်သွားတာပဲ။ ဘုန်းတော်ကြီးက စောစောကျိန်းတော့ မသိဘူး။ ကပ္ပိယကြီးက ဦးပုပ္ပားရဲ့တဲမှာ ခွက်ပုန်းအတူတူ သွားမော့ပြီး သန်းခေါင်ယံကျတော့မှပြန်လာတာ"

"ဟာ ... အဲဒါတော့ ဘယ်ကောင်းမလဲ၊ ရွာဦးကျောင်း မှာ ကပ္ပိယလုပ်နေပြီး"

"အဲဒါ ပြောတာပေါ့။ ကျုပ်က အဲဒီကပ္ပိယကြီးကို ကြည့် လို့ရတာ မဟုတ်ဘူး။ ခုလည်း ဘုန်းကြီးမရှိလို့ ဦးပုပ္ပားရဲ့တဲမှာ စတည်းချပြီး ခွက်ပုန်းခုတ်ကြမှာပေါ့။ ဟိုညွှန့်သည် ဘုရားတည် ဆယ့်လူကြီးတွေလည်း သူတို့လိုလူမျိုးပဲနဲ့ တူပါရဲ့"

"တပည့်တော်တော့ ကပ္ပိယကြီးဆီက အရက်နံ့မရဖူးဘူး ကိုရင်ကြီးရဲ့"

"အေးလေ ... ဒကာလူရဲလို ညှော်သည်စိမ်းရောက်နေ တော့ သူ ဘယ်ခွက်ပုန်းခုတ်ရဲမလဲ"

ကိုရင်ကြီးလှကြိုင်ထံမှ ကြားရသည့်သတင်းစကားက လူရဲအတွက် အတော်ထူးဆန်းနေ၏။

ခ နစ် စဉ့် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူက ညည့်အမှောင်ထုကို အားပြု[illegible] ကပ္ပိယကြီးနှင့် ဆရာကြီးဦးသောင်းထွန်းတို့၏အခြေအနေကို သွား[illegible] ရောက်စုံးစမ်းရန် ဆုံးဖြတ်လိုက်ပါတော့၏။

❑❑❑

## လျှို့ဝှက်အကြွ

လူရဲက ဦးပုပ္ပား (ခေါ်) ဦးတင်ဦး၏လယ်တဲရှိရာအရပ်ကို ကိုရင်ကြီးလှကြိုင်ထံတွင် စုံစမ်းမေးမြန်းပြီးဖြစ်ရာ ညအတော်မှောင်သည်နှင့် ရွာထဲ၌ ဆေးလိပ်သွားဝယ်ဦးမည်ဟု ကိုရင်ကြီးလှကြိုင်ကိုပြောပြီး ရွာဘက် ထွက်လာခဲ့၏။

ကျေးလက်တို့၏ ထုံးစံအတိုင်း ဤကဲ့သို့ လမိုက်ညများတွင် အိမ်ကဲလားတံခါးတို့ကို မှောင်ရီသမ်းလာသည်နှင့် ပိတ်ကာ စောစောစီးစီး အိပ်ရာဝင်လေ့ရှိတတ်ကြသဖြင့် ရွာလယ်လမ်း၌ လူသွားလူလာ မရှိသလောက် လူသူပြတ်လပ်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက မှောင်ရိပ်တို့ကိုခိုလျက် ရွာလယ်လမ်းအတိုင်း လျှောက်လာရာမှ ရွာလယ်ခန့်အရောက်တွင် အနောက်ဘက် လယ်ကွင်းများဆီသွားသော လမ်းလေးအတိုင်း ချိုးကွေ့လှမ်းလာခဲ့ရာ မကြာမီ လယ်ကွင်းများဆီ ရောက်သွားတော့၏။

လမိုက်ညမို့ အလင်းအားနည်းကာ ကောင်းကင်ပြာနက်နက်ကြီးဆီမှ ကြယ်မှုန်ကြယ်မွှားတို့၏ အလင်းမှုန်မှုန်ကို အားကိုး၍ မရချေ။

သူက လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထွန်းလျက် လယ်ကန်သင်းရိုးအတိုင်း လျှောက်လာခဲ့လိုက်သည်။

လယ်လေးငါးကွက်ကျော်ပြီးသည်နှင့် ခပ်ဝေးဝေးမှ မီးကလေး မှိတ်တုတ် မှိတ်တုတ် ဖြစ်နေသော လယ်တဲမည်းမည်းကြီးကို လှမ်းမြင်ရလေသည်။

လူရဲက လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပြီး ကန်သင်းရိုးများအတိုင်း လျှောက်လာခဲ့ရာ မကြာမီမှာပင် တလင်းပြောင်ပြောင်၏အလယ်မှာ ဦးပုပ္ပား၏လယ်တဲအနီးသို့ ရောက်ရှိသွားတော့၏။

"ဝုတ် ဝုတ် ဝုတ်"





လယ်စောင့်ခွေးတို့က လူရိပ်မြင်သဖြင့် ဟောင်ပြီး ပြေးလာရာ ခွေးဟောင်သံကြားသည်နှင့် တဲ၏ကဲလားတံခါးတစ်ချပ်ဖွင့်သွားကာ ထိုတံခါးဝမှ လူတစ်ဦး ခေါင်းပြူထွက်လာသည်။

"ဟဲ့ ထိပ်ကြား . . . ဘာဖြစ်လို့ စွတ်ဟောင်နေရတာလဲ"

လူရဲက စပါးခင်းထဲ ပုဝပ်နေလိုက်ပြီး လက်ထဲမှ ထန်းလျက်ခဲလေးများကို တလင်းပြင်အစပ်သို့ ပစ်ပေးလိုက်တော့၏။

"ဘာလဲဗျ ကိုပုပ္ပား၊ ဘယ်သူလဲ"

"ဘာမှမတွေ့ပါဘူးဗျာ၊ ဒီကောင်က ကြွက်မြင်လို့ ဟောင်တာနေမှာပါ"

ကဲလားတံခါး ပြန်ပိတ်သွားပြီး ခွေးတို့က ထန်းလျက်ကိုလျက်စားကြရင်း ဟောင်သံတိတ်သွားတော့၏။

ထိုအခါမှ လူရဲက စပါးခင်းထဲမှထွက်ပြီး ထန်းလျက်ခဲများ ပစ်ပစ်ကျွေးရင်း တလင်းပြင်ဆီ ဆင်းလာခဲ့လေသည်။

ထန်းလျက်ခဲတန်ခိုးဖြင့် ခွေးတို့က မဟောင်တော့ဘဲ လူရဲကိုပင် နှံ့ပြကြသေးသည်။

လူရဲက သုံးပင်နှစ်ခန်းလယ်တဲကြီး၏အနီးသို့ ခြေဖော့



www.burmeseclassic.com

www.burmeseclassic.com



နင်းကာ ပြေးကပ်လိုက်ပြီး ထရံပေါက်တို့ကြားမှနေ၍ တဲအတွင်းသို့ ချောင်းကြည့်လိုက်လေ၏။

လသာမှန်အိမ်ထွန်းထားသည့် တဲကြီး၏အလယ်တွင် တဲပိုင်ရှင် ကတုံးနှင့်လူကြီးအပါအဝင် ကပ္ပိယကြီးဦးခင်ဇော်၊ မဟာဗိုဇ်ဆရာကြီးဦးသောင်းထွန်း၊ ဘုရားတည်မည်ဆိုသော ဗိုလ်ကြီးဦးထွန်းသိန်း၊ တင့်ဆွေတို့ ဝိုင်းထိုင်လျက်ရှိကာ ထိုလူစု၏အလယ်တွင် ချက်အရက်ပုလင်း သုံးလေးလုံးကို ထောင်ထားလေသည်။

အမြည်းအဖြစ် ကြက်ကြော်ပန်းကန်ကြီး အလယ်၌ချထားလျက် သူတို့လူစု အားရပါးရ လွတ်လွတ်လပ်လပ်ကြီး သောက်ပွဲ စားပွဲကျင်းပလျက် ရှိလေသည်။

"ကဲ … စားကြ သောက်ကြ။ ဒါဟာ ကျုပ်ရဲ့ ပဏာမ အောင်ပွဲ၊ အဖွင့်ပွဲလို့ မှတ်ကြ"

ဆရာကြီးဦးသောင်းထွန်းက အာပေါင်အာရင်းသန်သန်ဖြင့် ပြောရင်း သူကိုယ်တိုင် အရက်ခွက်ကို မော့လိုက်လေ၏။ ပြီးမှ ကြက်ပေါင်ကို တစ်ဖဲ့ကိုက်လိုက်လေသည်။

ကတုံးဦးပုပ္ပားက အာလေးလျှာလေးဖြင့် မေးသည်။





"ဆ ဆရာကြီး … ဘာမှလည်း မလုပ်ရသေးဘဲနဲ့ ဘယ့်နှယ် ပဏာမအောင်ပွဲလဲဗျ … အေ့"

"ဟေ့ … ဒီမှာ မင်းတို့ ဘာသိလို့လဲ။ ဟိုလူ့ရဲ့ဆိုတဲ့ ကောင်လေးရဲက ပန်းပုရုပ်ကို ကျုပ် သေသေချာချာ အနုလုံ ပဋိလုံ ကြည့်ခွင့်ရလိုက်တာကိုက ပဏာမ အောင်ပွဲရလိုက်တာပဲကွဲ့"

"တပည့်ကြီးတို့ နားမရှင်းလို့ ရှင်းပြပါဦး ခင်ဗျာ"

"ဒီလိုကွ … အဲဒီရုပ်တုက တကယ့်ရှေးဟောင်းရုပ်တုပဲ။ အင်းဝခေတ်တုန်းက ဘုရင်မင်းခေါင်ရဲ့စတုတ္ထမိဖုရားကနေ သားတော်သမီးတော် သုံးယောက် မွေးခဲ့တယ် …။

ဒါပေမဲ့ … အဲဒီ စတုတ္ထမိဖုရားဟာ မွေးရာပါ ပဥ္စလက်ပညာကို တတ်စွမ်းနေတယ်။ နန်းတော်ထဲမှာ သူ့ရဲ့ပဥ္စလက်ပညာကို အမှုမဲ့အမှတ်မဲ့ သုံးမိရာက သူ အဲဒီလို ပဥ္စလက်ပညာ တတ်မှန်း တစ်နန်းတော်လုံး သိသွားတော့တယ် …။

ဘုရင်မင်းခေါင်ကလည်း အဲဒီမိဖုရားကို တအားကြီး ချစ်တယ်။ အဲဒီတော့ ကျန်တဲ့မိဖုရားတွေက မနာလိုဖြစ်ပြီး အဲဒီ မိဖုရားဟာ စုန်းအတတ်တတ်တဲ့ စုန်းမလို့ ဝိုင်းစွပ်စွဲကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ထဲမှာ စုန်းမတစ်ယောက်ရှိနေတာဟာ ဘုရင်အတွက်ရော တိုင်းပြည်အတွက်ပါ အန္တရာယ်ရှိတယ်လို့ ဝိုင်းကုန်းချောကြတယ်...၊

အဲဒီသတင်းကြားရင် သူနဲ့သူ့သားသမီးသုံးယောက်စလုံး အသက်အန္တရာယ်ကျရောက်လာမယ်ဆိုတာကို ရိပ်မိတဲ့ မိဖုရားဟာ သားသမီးတွေပါခေါ်ပြီး အင်းဝရွှေနန်းတော်ထဲကနေ တိတ်တဆိတ် ထွက်ပြေးသွားခဲ့ကြတယ်...၊

အဲဒီမြရတနာမိဖုရားနဲ့ကလေးတွေ ဘယ်အရပ်ကို ထွက်ပြေးတယ်ဆိုတာကို ရာဇဝင်ကျမ်း အစောင်စောင်မှာ ဖော်ပြမထားဘူး။ ဒါပေမဲ့ ...မြရတနာမိဖုရားနဲ့ သားသမီးတွေထွက်ပြေးလွတ်မြောက်စေဖို့ ကူညီခဲ့တဲ့ ဟူးရားဗေဒင်ပညာရှင်တစ်စုဟာ မြရတနာနဲ့ပတ်သက်ပြီး ဂမ္ဘီရလက်ရေးစာတွေနဲ့ ကြေးပုရပိုက်တစ်ခုမှာ မှတ်တမ်းတင်ထားခဲ့ကြတယ်''

မဟိဒ္ဓိစေတိုကျော်ဆရာကြီးဟု အမည်ခံထားသော ဆရာကြီးသောင်းထွန်းက တပည့်လက်သားတို့ ငှဲ့ထည့်ပေးသည့် အရက်ကို တစ်ကျိုက်မော့လိုက် အမြည်းတစ်ဖတ်စားလိုက်ဖြင့် သမိုင်းကြောင်းလှန်ကာ အေးအေးဆေးဆေး ရှင်းပြနေသည်ကို တဲမှောင်ရိပ်ရှိ





လျက် လူ့ရဲက အသေအချာ ချောင်းနားထောင်နေ၏။

သူက သူနောက်နားဝယ် ရစ်သီရစ်သီလာလုပ်နေကြသည့် ခွေးသုံးကောင်းဆီသို့ ထန်းလျက်ခဲတစ်လုံးချင်း မှန်မှန်ပစ်ကျွေးရင်း နားစွင့်နေရခြင်း ဖြစ်သည်။

''အဟမ်း အေ့ ...ဒါပေမဲ့ အဲဒီကြေးပုရပိုက်ကလည်း အင်းဝပျက်တော့ ဟူးရာဆရာတွေ ကစဥ့်ကလျားဖြစ်ရာက ဘယ်ဆရာဆီ ပါသွားမှန်းမသိဘဲ နှစ်ပေါင်းများစွာ ပျောက်ကွယ်တိမ်မြုပ်သွားတာ ပြီးခဲ့တဲ့နှစ်ကမှ ငါတို့ဂိုဏ်းရဲ့ ပထမဆရာကြီးရဲ့ လက်ထဲမှာရှိတာကို ငါတို့ သိခဲ့ရတယ်။ ငါတို့ဆိုတာက ဆရာကြီးရဲ့ လက်ထောက်ဆရာ မဟိဒ္ဓိဆရာမြသိန်းနဲ့ ငါပဲကွဲ့...၊

ဆရာကြီးဟာ သူ့ဝိဉာဉ်ချုပ်ခါနီးကျမှ ပညာရပ်ဆိုင်ရာကျမ်းတွေ ငါတို့လက်ထောက်ဆရာနှစ်ဦးရဲ့လက်ထဲ ခွဲဝေအပ်နှင်းရာက အဲဒီပုရပိုက်ကို ငါတို့ တွေ့ခဲ့ရတာပဲ...၊

အဲဒီ မြရတနာပုရပိုက်ကို ခွဲတမ်းရတာက ဆရာမြသိန်းရတာ။ ဒါပေမဲ့ ...ငါက အဲဒီပုရပိုက်ကို လိုချင်တော့ မဟိဒ္ဓိဆေးကျမ်းသုံးကျမ်းနဲ့လဲပြီး မြရတနာပုရပိုက်ကို ငါက ရယူခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



တပည့်တို့ရဲ့ . . . ၊

အခု ငါက ဆရာမြသိန်းတို့နဲ့ လမ်းခွဲခဲ့ပြီး မဟိဒ္ဒိစေဂိုဏ်းကလည်း ထွက်လိုက်ပြီး လူရှိသေ ရှင်ရှိသေဖြစ်အောင် မဟိဒ္ဒိစေဂိုဏ်း နာမည်ခံထားရတာကွ . . . ဟား ဟား ဟား''

ထို့နောက် ဆရာကြီးသောင်းထွန်းက အရက်ကို ဖိမ်ခံမော့နေပြန်၏။

ဤတွင် ကတုံးဦးပုပ္ပားက မရဲတရဲ မေးသည်။

''ဆ . . . ဆရာကြီးက ဘာဖြစ်လို့ မဟိဒ္ဒိစေဂိုဏ်းကနေ ထွက်လိုက်ရတာလဲ ဆရာကြီး။ ကျွန်တော်တို့လိုများ ဖြစ်သွားတာလား''

ထိုအခါ ဆရာကြီးသောင်းထွန်းက ကပ္ပိယကြီးဦးခင်ဇော်၏ ခေါင်းကို ပုတ်လိုက်ရင်း ဖြေသည်။

''ဒီကောင် ခုမှ ကပ္ပိယဖြစ်နေတဲ့ကောင်။ အရင်ကတော့ ငါ့တပည့် ငပိကောင်လို့ခေါ်တဲ့ ခင်ဇော်ပေါ့ကွာ။ ဒီကောင်က ငါတို့ဂိုဏ်းဝင်တွေ ဘုရားတည်ဖို့ စုဆောင်းထားတဲ့ ရွှေပြားတွေ အထဲက နှစ်ချပ်ခိုးပြီး ရောင်းစားလိုက်တာ ပေါ်သွားလို့ ဂိုဏ်းကနေ





ထုတ်ပစ်လိုက်တဲ့ကောင် . . . ဟုတ်လား ငပိကောင်''

''ဟုတ်ပါတယ် ဆရာကြီးရယ်၊ ဟုတ်ပါတယ် . . . ဟဲ ဟဲ ဟဲ''

''မင်းက''

ဆရာကြီးသောင်းထွန်းက ကတုံးပုပ္ပားကို ပြောသည်။

''ငါ့တပည့်တင်ဦးကတော့ ကိုယ့်ဆီ ဒုက္ခရောက်လို့ အကူအညီလာတောင်းတဲ့ မိန်းမပျိုလေးကို ဖျက်ဆီးဖို့ ကြိုးစားတာကို ဂိုဏ်းဝင်တွေကမိပြီး ဂိုဏ်းကနေ ကန်အထုတ်ခံရတဲ့ကောင်။ ဟုတ်ပြီလားကွ . . . ပေါအေ့''

ကတုံးပုပ္ပား ဝန်ခံရတော့သည်။

''ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီး''

''အေး . . . ဘာပဲဖြစ်ဖြစ် ငါ့တပည့်တွေကို ငါက သတိရနေတာကွ။ မင်းတို့မှာ အပြစ်ရှိလို့သာ ငါ့ရဲ့အထက်ဂိုဏ်းဆရာကြီးက ထုတ်လိုက်တာ။ ငါလည်း မတတ်နိုင်ခဲ့ဘူး . . . ဟုတ်ပြီလားအေ့''

''ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်တို့အပြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ခံခဲ့ရတာပါ"

"အေး . . . ငါကတော့ မသေခင် ကြီးပွားရာ ကြီးပွား ကြောင်း ရှာကြံချင်လို့ အဲဒီဂိုဏ်းကနေ ထွက်လိုက်တာပဲ။ ဘုရား ဖြစ်မယ့် အုတ်နီခဲတွေရဲ့အလုပ် ငါ မလုပ်ချင်တော့ဘူး။ ဒါကြောင့် ငါ့ရဲ့လက်ရုံးတပည့်တွေနဲ့အတူ ဂိုဏ်းကနေ ထွက်ခဲ့တာပဲ။ ဒီနယ်မြေရောက်မှ ငါ့ရဲ့တပည့်ဟောင်းတွေနဲ့ ခုလိုတွေ့ရတာ ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့ . . . ဟား ဟား ဟား"

"ကျွန်တော်တို့လည်း ဆရာကြီးနဲ့ ပြန်ဆုံရတာကို ပျော် တာပါပဲဗျာ"

"ပျော်ရရုံတင် ဘယ်ကမလဲကွ မင်းတို့ ကြီးပွားကြီးပွား ဦးမှာ သိလား . . . ဟား ဟား ဟား ဟား"

"ဟင် . . . ကြီးပွားဦးမှာဟုတ်လား ဆရာကြီး"

"ဗျာ . . . ကြီးပွားဦးမှာ ဟုတ်လား ဆရာကြီး"

"ဒါပေါ့ကွ . . . မင်းတို့ ငါတို့ ကြီးပွားဖို့ ဒီနေရာကို ငါ ရောက်လာတာကွ သိရဲ့လား။ ဟား ဟား ဟား . . . အေး ဟော့ကောင် ထွန်းသိန်း (ဖင်မဲ) . . . ထပ်ထည့်စမ်း"

ခု နှစ် စဉ် ကြွယ် စာ ပေ



"ဟုတ် . . . ဟုတ်ကဲ့ . . . ဆရာကြီး"

ကတုံးပုပွားက အငမ်းမရမေးသည်။

"ဆ . . . ဆရာကြီး ဘယ်လိုကြီးပွားမှာလဲဟင်။ ကျွန် တော့်မှာ ကြီးပွားချင်လွန်းလို့ ဟောဒီ ငပိကောင် (ခင်ဇော်) မြှောက် ပေးတာနဲ့ အင်္ဂရုတ်လိုင်းလိုက်တာ ကုဿလာသယသိဒ္ဓိအောင်ခတ်လုံး ရဖို့ ဖိုထိုးရင်း ခတ်လုံးကို ရှိသမျှ ရွှေတိုရွှေစတွေ ကျွေးကျွေးလာရ တာ ခတ်လုံးက သေးသေးလာပြီး ရှိသမျှရွှေတွေ ကုန်၊ လယ်တွေ အိမ်တွေကုန်၊ မယားနဲ့ကွဲပြီး မကြာခင် လူမွဲစာရင်း ဝင်ရပါတော့ မယ် ဆရာကြီးရယ် . . . အေ့ အေ့"

"ကဲပါကွာ . . . ငိုသံပါကြီးနဲ့ ပြောမနေပါနဲ့။ ငါ့တပည့် ပုပွားရယ် . . . မင်းတို့ ငါနဲ့ပြန်တွေ့တာ သိကြားမင်းနဲ့ တွေ့တယ် မှတ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . အမိန့်ရှိပါဦး ဆရာကြီး"

"ဒီလိုကွ . . . ငါရထားတဲ့ မြရတနာပုရပိုဒ်ထဲက ဂဏ္ဍိရစာ တွေအရ မြရတနာမင်းသမီးဟာ ဟောဒီရွာနားက တောအုပ်ထဲမှာ ပုန်းခိုခဲ့တာတဲ့ကွ"

ခု နှစ် စဉ် ကြွယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ငပိကောင် (ခေါ်) ကပ္ပိယကြီးဦးခင်ဇော်က ထပ်ပြောသည်။

"ဟာ ... ဆရာကြီး ... ဒီရွာနားက တောအုပ်ဆိုရင် သံသေဒဇတောအုပ်ပဲရှိတာပဲ"

"အေး ... အဲဒီတောအုပ်ပဲပေါ့ကွ။ ငါ စဉ်းစားမိတာ တယ်ကွ။ အေ့ ... ဟော့ကောင်ထွန်းသိန်း (ဖင်မဲ) ... ထည့်ဦး"

ဆရာကြီးသောင်းထွန်းက အရက်တစ်ကျိုက် ထပ်မော့လိုက်ပြီးမှ စကားဆက်သည်။

"ဒီလိုကွ ... ဒီရွာနားက တောအုပ်ရဲ့အမည်က သံသေဒဇတဲ့၊ သံသေဒဇဆိုတဲ့ အဓိပ္ပာယ်က ဘာလဲသိကြလား ... အေ့"

"မ ... မသိဘူး ... ဆရာကြီး"

"မှတ်ထား ... သံသေဒဇဆိုတာ မိခင်ရဲ့ဝမ်းမှာ သဘာဝအတိုင်း သန္ဓေစွဲပြီး မွေးလာတာမျိုး မဟုတ်ဘဲ မိခင်ဝမ်းမဟုတ်တဲ့ အညှီတစ်ခုခုမှာစွဲပြီး မွေးဖွားလာတာကို ဆိုလိုတာပဲ။ ဥပမာအားဖြင့် ဝါးလုံးထဲမှာ သန္ဓေတည်ပြီးမွေးလာတဲ့ ဝေဠုဝယ် မင်းသမီးလိုပေါ့ကွာ ... ရှင်းလား ... အေ့"





"ဟုတ်ကဲ့ ... ရှင်းပါတယ် ဆရာကြီး။ တချို့ဆို ကြာဖူးထဲကနေ မွေးဖွားလာတာမျိုး"

"အေး ... မင်းတို့ရဲ့ရွာက သံသေချောင်းရွာ။ ရွာကိုကွေ့ပတ်စီးဆင်းနေတာက သံသေချောင်း။ ရွာနားက တောအုပ်က သံသေဒဇတောအုပ်။ ပြီးတော့ ... အဲဒီတောအုပ်ကို သံသေဒဇတောအုပ်လို့ ဟိုးရှေးကတည်းက ခေါ်ခဲ့တာဆို ... ဟုတ်လား ပုပ္ပား"

"ဟုတ် ... ဟုတ်ပါတယ် ဆရာကြီး ... အေ့"

"အဲဒီတော့ ငါ စဉ်းစားမိတာက သံသေဒဇတောအုပ်လို့ ဘာဖြစ်လို့ခေါ်ရတာလဲ ဆိုတာပဲ"

"ဝါးအမြုတေတို့၊ အသီးအနှံအမြုတေတို့ကနေ မွေးဖွားလာသူတွေရှိတဲ့ တောအုပ်ဖြစ်နေလို့ ဖြစ်မှာပေါ့ ဆရာကြီးရဲ့ ... အေ့"

"အေး ... မင်းပြောတာ နီးစပ်တယ်တင့်ခွေ။ ရော့ .. ထပ်သောက်၊ အင်း ... ဒီလိုကွ။ သံသေဒဇဆိုတာ မိခင်ရဲ့ဝမ်းကနေ မမွေးဘဲ ဖြစ်တည်လာတာမျိုးဆိုတော့ ဥပမာကွာ နာနာဘာဝတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတွေကို သူတို့အမေတွေက မွေးခဲ့တာလားကွ ဆော
.... ဖြေကြစမ်း ... အေ့"

"အာ ... ဆရာကြီးကလည်း သရဲကို သရဲအမေက မွေး
တဲ့လား။ သရဲတွေမှာ သွားဖွားဆေးရုံတွေ လက်သည်တွေ ရှိ
ဘူးလေ ဆရာကြီးရဲ့"

"ဟော့ကောင် စိုးငြိမ်း (ဗျော့ကြီး) ... လျှာက ရှည်ပြန်ပြီ
အဲဒီတော့ အေ့ ... ပရလောကသားတွေဟာ သူတို့အမေတွေက
မမွေးဘဲ အလိုလို သရဲ၊ သဘက်၊ တစ္ဆေ၊ ပြိတ္တာ၊ မှင်စာ၊ ဖြီးတော့
... ဥစ္စာစောင့်တို့၊ ရုက္ခစိုးတို့ဖြစ်တာဆိုတော့ သူတို့ကိုရော သံသေ
ဒဇလို့ ခေါ်လို့မရဘူးတဲ့လား ... ဟေ အေ့"

"ဟာ ... ခေါ်လို့ရတာပေါ့ ဆရာကြီးရဲ့ ... အေ့"

"အေး ... ဟုတ်တယ်၊ အဲဒီလိုခေါ်လို့ရတယ်ဆိုတော့
သံသေဒဇဆိုတဲ့ တောထဲမှာ ဥစ္စာစောင့်တွေ မရှိနိုင်ဘူးလား"

"ဟာ ... ရှိနိုင်တာပေါ့ ဆရာကြီးရဲ့ ... အေ့ အေ့"

"အေး ... ငါတို့ အခုသွားဖော်မယ့် မြရတနာသိုက်မှာ
သိုက်စောင့်မောင်နှမသုံးယောက်ရှိတယ်လို့ သိုက်စာတစ်ခုမှာ ဖတ်





ရှူးတယ်ကွ"

ဦးပုပ္ပား (ခ) တင်ဦးက အရက်တစ်ငုံမော့လိုက်ကာ ကြက်
တောင်ပံရိုးကို တချွတ်ချွတ်မြည်အောင် ဝါးလိုက်ပြီးနောက် ...

"ဆရာကြီး မြရတနာသိုက်ဟုတ်လား။ အဲဒါ ... ဟို
အင်းဝဘုရင်မင်းခေါင်ရဲ့မိဖုရားမြရတနာနဲ့ ပတ်သက်တဲ့သိုက်လား
... အေ့"

"ဒါပေါ့ကွ၊ ငါရထားတဲ့ မြရတနာပုရပိုက်ရဲ့ နောက်
ဆက်တွဲဖြည့်ထားတဲ့စာပိုဒ်မှာ မိဖုရားမြရတနာမှာ ဘုရင်ကြီး
ချီးမြှင့်ထားခဲ့တဲ့ နန်းတွင်းရတနာတွေ ပြည်တောင်းနဲ့ ခုနစ်တောင်း
ပါသွားသတဲ့ကွ"

"ဟာ ... ဆရာကြီး၊ အဲဒါ ကျောက်သံပတ္တမြားတွေပေါ့
ဟုတ်လား ဆရာကြီး"

"ဒါပေါ့ကွ ... တပည့်ကြီးဖင်မဲ ရ"

"မြရတနာပုရပိုက်အရရော အင်းဝခေတ်နှောင်းပိုင်း
သမိုင်းမှတ်တမ်းတွေအရရော၊ သိုက်စာဟောင်းတွေအရရော၊
မိဖုရားမြရတနာတို့သားအမိတစ်တွေဟာ ဝက်ဘာတောင်ခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းလာတဲ့ ဝက်ပါချောင်းကွေ့တစ်ခုက တောအုပ်ထဲမှာ နှစ်အတော်ကြာအောင် စံအိမ်ကြီးဆောက်ပြီး လျှို့ဝှက်နေထိုင်ခဲ့ကြတယ်လို့ သိရတယ်ကွ။ ဒါပေမဲ့ . . . ဝက်ပါတောင်တို့ ဝက်ပါချောင်းတို့ဆိုတာ မြန်မာပြည်ရဲ့ ဘယ်အရပ်မှာရှိမှန်း မသိခဲ့ကြဘူးအေ့"

"နောက်တော့ ဘယ်လိုကဘယ်လို ကျွန်တော်တို့ရွာနားက တောအုပ်ဆိုတာ သိသွားတာလဲ ဆရာကြီး"

"အေးကွ . . . ဟူးရားဗေဒင်ဆရာကြီးတွေ လျှို့ဝှက်ပြုစုခဲ့တဲ့ ဟောဒီမြရတနာပုရပိုက်ကိုရမှ အင်းဝခေတ်တုန်းက ခေါ်ဝေါ်ခဲ့တဲ့ ဝက်ပါတောင်ဆိုတာ သံသေဒဇတောင်၊ ဝက်ပါချောင်းဆိုတာ သံသေဒဇချောင်း။ ဝက်ပါတောဆိုတာ သံသေဒဇတောမှန်း သိခဲ့ရတယ်ကွ။ ဒါကြောင့် . . . သံသေဒဇရွာကို စုံစမ်းပြီး ငါရယ် တင့်ဆွေတို့ရယ် လာရင်း ရွာဦးကျောင်းမှာ ကပ္ပိယလုပ်နေတဲ့ ဟောဒီ ဖေဝီကောင်နဲ့ မမျှော်လင့်ဘဲ ဆုံခဲ့ရတာပဲ။ ဖေဝီကောင်က ပြောမှ ပုပ္ပားဆိုတဲ့နာမည်နဲ့ မင်း ဒီရွာမှာရှိနေတာကို သိခဲ့ရတာပဲ တင်ဦးရေ"

"ဆရာကြီး . . . ပုရပိုက်ထဲက ဒီအိမ်ပုံက မိဖုရားမြရတနာ





သိုနေခဲ့တဲ့ တောထဲကအိမ်လား ခင်ဗျ"

"အေး . . . ဟုတ်တယ်၊ အဲဒီအိမ်ပုံရဲ့အောက်ခြေမှာ ဂဏ္ဍိရတလုံးတွေနဲ့ တောတွင်းစံအိမ်တော်လို့ ရေးထားတယ်လေ။ မှတ်တမ်းတင်ခဲ့တဲ့ ဟူးရားဆရာကြီးက သူ့မှတ်တမ်းရဲ့ နိဂုံးပိုင်းမှာ သူဟာ ဘုရင်မင်းခေါင် နတ်ရွာစံပြီးတဲ့နောက် အင်းဝရွှေနန်းတောက်နေထွက်ခဲ့ပြီး သူ သံယောဇဉ်ရှိတဲ့ မိဖုရားမြရတနာတို့သားအမိတစ်တွေကို ရှာဖွေရာက ဝက်ဘဲတောထဲမှာ တောတွင်းစံအိမ်တော်နဲ့ စံမြန်းနေထိုင်ကြတာကို တွေ့ခဲ့ရတယ်။ သားအမိလေးဦးစလုံး ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းရှိနေကြပြီး အင်းဝနန်းဆက် မင်းသားလေးနဲ့ မင်းသမီးလေးနှစ်ပါးရဲ့ နာမည်တွေကိုပါ သိခဲ့ရတယ်လို့ ရေးထိုးထားခဲ့တယ်ကွ"

သူတို့လူစုက အရက်တစ်ငုံမော့လိုက် အမြည်းစားလိုက် စကားပြောလိုက်ဖြင့် ဖြည်းဖြည်းဆေးဆေး ဇိမ်ယူသောက်စားလျက် ရှိချေ၏။

လူရဲသည်လည်း စိတ်ဝင်စားလွန်းသဖြင့် ဖွဲနပဲကြီးစွာချောင်းနားထောင်နေပြီး သူ့ကို ကျောပေးထိုင်နေသည့် ပုပ္ပားဆို



www.burmeseclassic.com

www.burmeseclassic.com



သောတင်ဦးက မြရတနာပုရပိုက်ကို ထောင်ကြည့်နေရာ သူ လည်း ထရံပေါက်မှ သေချာချောင်းကြည့်လိုက်လေသည်။

သူက ပုရပိုက်၌ ရေးခြစ်ဆွဲထားသော တောတွင်းစံအိမ် တော်ကို လသာမီးအိမ်၏အလင်းဖြင့် ခပ်ပါးပါး လှမ်းမြင်နေရလေ ၏။

ယင်းတောတွင်းစံအိမ်တော်၏ပုံကို တွေ့မြင်လိုက်ရသည် တွင် လူရဲမှာ များစွာအံ့သြသွားရတော့၏။

"ဟာ ... မမ မမမြသန္တာတို့အိမ်နဲ့ တူလိုက်တာ"

ထိုစဉ် တဲအိမ်အတွင်းရှိ အရက်ဝိုင်းမှ စကားသံတို့ လွင့်ပျံ့ ထွက်ပေါ်လာပြန်သည်။

"ဆရာကြီး ... မင်းသားလေးနဲ့ မင်းသမီးလေးနှစ်ပါးရဲ့ နာမည်တွေက ဘယ်သူတွေတဲ့လဲ"

"မင်းသားလေးရဲ့နာမည်က မြတ်သူရတဲ့။ မင်းသမီး လေးနှစ်ပါးကတော့ မြနန္ဒာနဲ့ မြသန္တာတဲ့ကွ ... အေ့"

ဆရာကြီးသောင်းထွန်း၏စကားကြောင့် လူရဲ လွန်စွာ အံ့သြတုန်လှုပ်သွားရတော့သည်။ သူလိုပင် ငပိကောင် (ခေါ်) ကပ္ပိယ





ဦးခင်ဇော်ကလည်း အံ့သြသွား၏။

"ဗျာ ... မြ မြသန္တာ ဟုတ်လား။ အဲ ... အဲဒါ လူရဲ ပြောတဲ့ မြသန္တာလား"

ဆရာကြီးသောင်းထွန်းက အရက်တစ်ကျိုက်မော့လိုက်ပြီး နောက် ပြုံးလိုက်သည်။

"ဖြစ်နိုင်တယ် ငပိကောင်။ အဲဒီလူရဲ ငါတို့ ညနေတုန်း ကရောက်ခဲ့တဲ့ စေတီလေးဆီ အစောကြီးသွားတုန်းက မင်း နောက်ယောင်ခံလိုက်သွားခဲ့တယ်ဆို"

"ဟုတ်ပါတယ် ဆရာကြီး။ အဲဒီစေတီလေးမှာ လူရဲဟာ တစ်ယောက်တည်း စကားပြောနေတာကို ကျွန်တော် တွေ့ခဲ့ရပါ တယ်။ သူ့နားမှာ ဘယ်သူမှမရှိဘဲ သူတစ်ယောက်တည်း ပြော နေခဲ့တာပါ"

"သူက မြသန္တာနဲ့စကားပြောနေတာ ဖြစ်မှာပေါ့ကွ။ မြသန္တာဆိုတာ လူရဲတစ်ယောက်ကလွဲပြီး ဘယ်သူမှ မမြင်နိုင်တဲ့ ပရလောကသားဖြစ်လိမ့်မယ်။ သိုက်စာတွေအရဆိုရင် သူဟာ ဥစ္စာစောင့်မ ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသောင်းထွန်း၏စကားကြောင့် လှရဲမှာ ပို၍ အံ့ဩ တုန်လှုပ်သွားရတော့၏။

"ဟင် . . . မမြသန္တာက ဥစ္စာစောင့်မတဲ့လား။ အို . . . မဖြစ်နိုင်တာ၊ မမြသန္တာက လူပါ။ ငါနဲ့ သေသေချာချာ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေခဲ့တာပဲ။ သူဟာ လူမှလူအစစ်ပါ"

ထိုစဉ် အရက်ဝိုင်းမှ စကားသံ လွင့်ပျံ့လာပြန်သည်။

"အဲဒီမြသန္တာဆိုတာ လူမဟုတ်ဘူးလား ဆရာကြီး"

"လူဆိုရင် လှရဲနဲ့စကားပြောနေတဲ့ မြသန္တာကို မင်း တွေ့ရမှာပေါ့ ငပိကောင်"

"ဒါဆို . . . လှရဲကရော ဘာဖြစ်လို့တွေ့ရသလဲ"

"ဥစ္စာစောင့်ဆိုတာလည်း ပြိတ္တာမျိုးနွယ်ဝင် နာနာဘာဝ တစ်မျိုးပဲ။ သူတို့ဟာ အဆင့်မြင့် ပရလောကသားတွေပဲ သူတို့မှာ အမျိုးမျိုး ဖန်တီးနိုင်စွမ်းတဲ့ ကမ္ဘဝိဒ္ဓိရှိတယ်။ သူတို့ ကိုယ်ထင်ပြလို့ သူကို ပြလို့ရတယ်။ မပြချင်သူကို မပြလို့ရတယ်"

"မင်းရဲ့ပြောကြားချက်အရဆို လှရဲဟာ ဥစ္စာစောင့်ဖြစ်နေတဲ့ အင်းဝနန်းဆက်သွေး မင်းသမီးလေး မြသန္တာနဲ့ ဆက်သွယ်မှု





ရှိနေလိမ့်မယ်။ မင်း ငါတို့ကိုယူပြခဲ့တဲ့ ကျောက်စိမ်းမင်းသမီး ရုပ်တုလေးရဲ့လက်ရာဟာ အင်းဝခေတ် ကျောက်ဆစ်ပညာရှင် တို့ရဲ့လက်ရာပဲ။ အဲဒီရုပ်တုလေးကို ရန်ကုန်ကနေ ယူလာတယ်ဆို တာ မဖြစ်နိုင်ဘူး။ ဥစ္စာစောင့်မမြသန္တာက သူ့ကို လက်ဆောင်ပေး ခဲ့တာပဲ ဖြစ်ရမယ်"

လှရဲမှာ ကြားရသမျှ မယုံနိုင်လောက်အောင် ခံစားလိုက် ရတော့၏။

"ဒါဆို . . . ဆရာကြီး မြသန္တာတို့မိသားစုဟာ သံသေဒဇ တောထဲမှာ လျှို့ဝှက်နေထိုင်ရင်း ကွယ်လွန်ကုန်ကြပြီး ဥစ္စာစောင့် တွေ ဖြစ်နေကြရတာပေါ့ ဒီလိုလားခင်ဗျ"

"ဒါပေါ့ကွ . . . အဲဒီလိုပဲ ဖြစ်ရမှာပေါ့ . . . အေ့"

"ဒါ ဒါဆို . . . ကျွန်တော်တို့က သူတို့ရဲ့သိုက်ကိုသွားဖော် ရမှာပေါ့ ဟုတ်လား"

"ဒါပေါ့ကွ တင်ဦးရ၊ ဒါကြောင့် မကြာခင် ငါတို့ ကြီးပွားချမ်း သာတော့မယ်လို့ ပြောတာပေါ့။ သိပြီလား . . . ဟား ဟား ဟား"

"သိုက်ရဲ့တည်နေရာရော ဆရာကြီး သိလို့လား ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သိုက်ရဲ့တည်နေရာက သူတို့ လူ့ဘဝက နေထိုင်ခဲ့တဲ့ တောတွင်းစံအိမ်တော်နေရာကလွဲလို့ ဘယ်နေရာဖြစ်မလဲတဲ့ ဟုတ်ဘူးလား ... ဟဲ ဟဲ ဟဲ"

"အဲဒီမှာ တကယ်ရော နန်းစဉ်ရတနာတွေ ရှိပါ့မလား ဆရာကြီး"

"လူရဲရထားတဲ့ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို ကြည့်ရုံနဲ့ သူတို့ရဲ့မြေရတနာသိုက်မှာ အဖိုးတန်ရတနာတွေ ဘယ်လောက်ရှိသလဲဆိုတာ ခန့်မှန်းလို့ရပြီပေါ့ကွာ ... ဟား ဟား ဟား"

"ဒါဆို အဲဒီသိုက်ကို ဘယ်တော့ဖော်ကြမလဲ ဆရာကြီး"

မနက်ဖြန်နဲ့ သန်ဘက်ခါ တစ်ရက်ရက်ပေါ့ကွ။ ငါတို့ ချမ်းသာဖို့ မဝေးတော့ပါဘူး ... ဟား ဟား ဟား"

"ဟုတ်ပ ဆရာကြီးရာ ... ဟား ဟား ဟား"

ထို့နောက်တွင်မူ လူရဲသည် ယင်းလယ်တဲအိမ်လေးမှ လျှို့ဝှက်စွာ ပြန်လည်ထွက်ခွာလာခဲ့ပါတော့၏။

❑ ❑ ❑



## အဖြူရောင်သမုဒယ

ရွာမြောက်ဘက်စွန်းမှနေ၍ လူရဲနှင့်ခွာညိုတို့သည် လယ်ကွင်းများနှင့် ဖုန်းဆိုးမြေ ဆူးချုံကြီးများကို ကွေ့ဝိုက်ဖြတ်ကျော်ကာ ရှေးဟောင်းစေတီလေးရှိရာသို့ အတူလျှောက်လှမ်းလာခဲ့ကြလေပြီ။

ကပ္ပိယကြီးဦးခင်ဇော်နှင့် မဟိဒ္ဓိစေဂိုဏ်းဆရာကြီး သောင်းထွန်းတို့လူစုသည် ညကတည်းက ကျောင်းသို့ပြန်မလာသည်မှာ မနက်စာ ထမင်းစားပြီး ခွာညိုနှင့်ချိန်းဆိုထားရာ ရွာမြောက်ဘက်စွန်းရှိ ကုက္ကိုပင်ကြီးအောက်သို့ လူရဲ ထွက်လာချိန်အထိ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ရှမ်းအကျီအဖြူရောင်ရင်စေ့နှင့် ရှမ်းဘောင်းဘီ အနက်တို့ကို ဝတ်ထားပြီး ရှမ်းလွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားလေသည်။ ထိုလွယ်အိတ်ထဲ၌ စွပ်ကျယ်တစ်ထည်ဖြင့် ထုပ်ထားသည့် ကျောက်စိမ်းမင်းသမီးရုပ်တုလေးကို ထည့်ထားလေ၏။ သူက ထိုကျောက်စိမ်းရုပ်တုလေးကို ဘုန်းကြီးကျောင်း၌ ထားရသည်မှာ စိတ်မချရသဖြင့် ခွာညို့ထံ ခေတ္တအပ်နှံထားရာမှ လွယ်အိတ်ထဲထည့်ကာ ယူဆောင်လာခဲ့ခြင်း ဖြစ်ပေသည်။

ဆူးချုံကြီးများကို ကွေ့ဝိုက်ဖြတ်ကျော်ပြီးနောက် ထုံးဖွေးဖွေးစေတီလေးရှိရာ ရှေးဟောင်းစေတီလေး၏ပရဝုဏ်သို့ လူရဲတို့ ရောက်ရှိသွားပါတော့၏။

"ဒီပေါ်တော်မူ ဆုတောင်းပြည့်စေတီလို့ ဘွဲ့အမည်ပေး ထားတဲ့ ရှေးဟောင်းစေတီလေးကို နယ်လှည့်သာသနာပြုပုဂ္ဂိုလ် အဘဆရာအောင် (ဦးဖေအောင်) ရောက်လာပြီး အထက်ပုဂ္ဂိုလ်တို့ရဲ့ ညွှန်ကြားမှုအရ ဒီဖုန်းဆိုးမြေကုန်းမှာ ရှေးဟောင်းစေတီတစ်ဆူ ရှိတယ်လို့ မိန့်ကြားတယ်လေ ...၊

ဒါနဲ့ ရွာသူရွာသားတွေက အဘဆရာဦးဖေအောင်ညွှန်ပြတဲ့ ဒီကုန်းမြင့်ပေါ်က ရောမချုံကြီးတွေကို ရှင်းလိုက်တာ ဟောဒီ ရှေးဟောင်းစေတီငုပ်တိုလေးကို တူးဖော်တွေ့ရှိတာပဲ အစ်ကို ...၊

အဲဒါနဲ့ ရွာသူရွာသားတွေရဲ့ မနေ့ဒါနကုသိုလ် လုပ်အားဒါန ကုသိုလ်တို့နဲ့ပဲ အဘဆရာဦးဖေအောင်ရဲ့ ညွှန်ကြားချက်အတိုင်း ဒီစေတီလေးကို ပြုပြင်တည်လိုက်ကြပြီး ထုံးသင်္ကန်းကပ်လှူထား ခဲ့ကြတာပဲ အစ်ကို ...၊

ဒါပေမဲ့ ဒီစေတီလေးဟာ သချိုင်းမြေနဲ့လည်း နီးသလို တောကြမ်းတယ်လို့ နာမည်ကြီးတဲ့ သံသေဒဇတောနဲ့ပါ နီးတဲ့ အတွက် ရွာသူရွာသားတွေဟာ နေ့ခင်းကြောင်တောင်မှာတောင် ဒီဘက်မလာရဲကြဘူး။ ခွာညို့လည်း ခုမှလာဖူးဖြစ်တာ"

"တို့ကတော့ မမမြသန္တာနဲ့အတူ မကြာခဏ လာဖူးဖြစ် တယ် ခွာညို့။ ပြီးတော့ ဒီစေတီလေးမှာ သန့်ရှင်းရေးလည်း လုပ်၊ ပုတီးလည်းစိပ်တဲ့ အဘတစ်ယောက်ကို တွေ့ဖူးတယ်။ အဲဒီအဘ ကလည်း ဘယ်ကလာသလဲမသိဘူး။ ခရီးသွားသူတော်စင်လား မသိဘူး။ ဝတ်ဖြူစင်ကြယ်နဲ့ ဆံပင်တွေရော နှုတ်ခမ်းမွေး၊ မုတ် ဆိတ်မွေးတွေရော ဖွေးဖွေးဖြူနေတဲ့ အဘပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ အဲဒါ ဒီစေတီလေးကို ဖော်ထုတ်ပြီး သာသနာပြုခဲ့တဲ့ အဘဆရာဦးဖေအောင်လား မသိဘူး"

သူတို့နှစ်ယောက်က စကားတပြောပြောဖြင့် ဘုရားရင်ပြင်တော်ပေါ်မှ စေတီလေးကို ခပ်ဖြည်းဖြည်း တစ်ပတ်ပတ်ကာ ပူဇော်လာခဲ့ကြရာ ဘုရားပရဝုဏ်နှင့် ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်ကြီး၏ အရိပ်အောက်တွင် တင်ပျဉ်ခွေထိုင်လျက် စေတီလေးဘက် မျက်နှာမူကာ မျက်စိစုံမှိတ် တရားရှုမှတ်နေသော ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုကို တွေ့ကြရလေသည်။

"ဟော ခွာညို ... တို့ပြောတာ အဲဒီအဘိုးပဲ"

"အို ... အဲဒီအဘိုးဟာ အဘဆရာဦးဖေအောင်ပဲ အစ်ကိုရဲ့"

ထို့နောက် သူတို့က စေတီလေး၏ခြေရင်းတစ်နေရာတွင် ထိုင်ကာ ဘုရားကို အာရုံပြုကန်တော့လိုက်ကြတော့သည်။

ဘုရားကို ဂါရဝပြုကန်တော့ပြီးနောက် လှုရဲက ခွာညို၏ မျက်နှာရှင်းရှင်းလေးကို စောင်းငဲ့ကြည့်လိုက်ကာ ပြုံးလျက် ပြောလိုက်လေ၏။





"ကဲ ခွာညို ... တို့ ခွာညိုတစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုး ချစ်တဲ့အကြောင်းနဲ့ ခွာညိုကိုပဲ မိသားဖသားပီပီ လက်ထပ်ယူပြီး ရာသက်ပန်ရိုးမြေကျ သစ္စာရှိရှိ ဘဝအဖော်အဖြစ် နေထိုင်သွားပါ့မယ်လို့ ကတိသစ္စာပြုမယ်နော်"

"အင်း ... ခွာညိုလည်း အစ်ကို့အပေါ်မှာ ထာဝရသစ္စာရှိပါ့မယ်လို့ သစ္စာဆို ကတိပြုမယ်"

ယင်းသို့ဖြင့် လှုရဲနှင့်ခွာညိုတို့ ချစ်သူနှစ်ဦးသည် သစ္စာဆိုကြကာ အသီးသီး သစ္စာကတိပြုကြလေ၏။

"ဗုဒ္ဓမြတ်ဘုရား၏ဂုဏ်တော်တို့ကို ရည်စူးဦးထိပ်ထားလျက် ဘုရားတပည့်တော် မောင်လှုရဲက ကတိသစ္စာပြုအပ်ပါသည် ဘုရား ...။

ဘုရားတပည့်တော်သည် ဤကမ္ဘာမြေပေါ်၌ ခွာညို တစ်ဦးတည်းကိုသာ ၁၅၀၀ မေတ္တာဖြင့် မြတ်မြတ်နိုးနိုး ချစ်ပါသည် ဘုရား ...။

ခွာညို့ကို ဘဝအဖော်မွန်အဖြစ် လက်ထပ်ပြီးပါကလည်း ရိုးမြေကျ သစ္စာရှိရှိ ကြင်နာစွာ ပေါင်းဖက်ပါမည်ဟု ကတိသစ္စာပြု



www.burmeseclassic.com

www.burmeseclassic.com



ပါ၏ ဘုရား . . . ၊

တပည့်တော်၏ ဤသစ္စာစကား မတည်ခဲ့ပါက ဘဝ အဆက်ဆက်မှာ ဘေးဒုက္ခဆိုးတို့နဲ့ တွေ့ကြုံပါရစေ ဘုရား . . .

ဤသစ္စာစကား တည်ခဲ့ပါက ဘဝအဆက်ဆက်မှာ သာယာပျော်ရွှင်အောင်မြင်သော ကိုယ်ဖြစ်လျက် သာသနာပြုနိုင် သောပုဂ္ဂိုလ် ဖြစ်ရပါစေဘုရား"

ယင်းသို့လျှင် လူရဲက သစ္စာတိုင်တည်ပြီးနောက် ခွာညို ကလည်း သစ္စာကတိပြုလေသည်။

"အရှင်တော်မြတ်ဘုရား . . . ဘုရားတပည့်တော်မ သစ္စာ ကတိပြုပါတယ် ဘုရား။ ဘုရားတပည့်တော်မဟာ အရင်က ဘယ်ပုရိသယောကျ်ားကိုမှ ချစ်ခင်မှုမရှိခဲ့ဘဲ အစ်ကို ကိုလူရဲ တစ်ဦးတည်းကိုပဲ ချစ်ခဲ့မိပါတယ် ဘုရား . . . ၊

အစ်ကို ကိုလူရဲနဲ့ လက်ထပ်ပြီးရင်လည်း အခြားတစ်ပါး သော ယောကျ်ားတို့နဲ့ ဖောက်ပြားခြင်းမရှိဘဲ အစ်ကို ကိုလူရဲ တစ်ဦးတည်းကိုပဲ သစ္စာရှိရှိ ပေါင်းသင်းပါမည်ဖြစ်ကြောင်း တပည့် တော်မ သစ္စာကတိပြုပါတယ် ဘုရား . . . ၊





တပည့်တော်မရဲ့ သစ္စာစကားမမှန်ခဲ့ပါက အခုဘဝမှာရော နောင်ဘဝတွေမှာပါ ဘေးဆိုး ဒုက္ခဆိုးတွေနဲ့ တွေ့ကြုံပါစေ ဘုရား . . . ၊

တပည့်တော်မရဲ့ သစ္စာစကား တည်ခဲ့ပါက အခုဘဝရော ဘဝတိုင်းမှာပါ ချမ်းသာခြင်းအပေါင်းနဲ့ ပြည့်စုံပါရစေ ဘုရား"

ခွာညိုက ယင်းသို့ သစ္စာဆိုပြီးနောက် လူရဲဘက်သို့ မျက်ပြူးလေးနှင့် လှည့်ကြည့်လေသည်။

"ကဲ . . . ကျေနပ်ပြီလား"

"မကျေနပ်သေးဘူး၊ တို့ကို ချစ်အဖြေပေးဦး"

"အို . . . အစ်ကိုကလည်း စောစောက သစ္စာဆိုတဲ့အထဲ မှာ အစ်ကို့ကိုချစ်တဲ့အကြောင်း ပါသွားပြီလေ"

ရှက်ကိုးရှက်ကန်းလေးပြောလိုက်သည့် ခွာညို့ကို မြတ်နိုးစွာကြည့်ရင်း လူရဲ နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။

"အလကားစတာပါ ခွာညိုရယ် . . . အစ်ကို ကျေနပ်ပါ တယ်။ ကဲ . . . ခုဆို တို့နှစ်ယောက်က ချစ်သူတွေဖြစ်သွားပြီနော် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခွာညိုက နှုတ်မှမဖြေဘဲ ရှက်ပြုံးလေးဖြင့် ခေါင်း ညိတ်လိုက်လေသည်။ လူရဲက မျက်မှောင်ကြီးကြုတ်ကာ ဆ ပြောလိုက်၏။

"ဒါပေမဲ့ ... အစ်ကို့ရင်ထဲမှာ မရှင်းမလင်းဖြစ်နေ တယ် ခွာညိုရယ်"

"ဘာလဲဟင် အစ်ကို"

"တို့ဟာ ခွာညို့ကို ချစ်သူတစ်ယောက်အဖြစ်ချစ် သေချာပါတယ်။ ဒါပေမဲ့ ... စိတ်ထဲမှာ မမပြုသန္တာကို အချိန်တိုင်း သတိရနေတယ်။ ဒါပေမဲ့ ... မမပြုသန္တာကိုကျတော့ ခွာညို့ ချစ်သလိုမျိုး မဟုတ်ဘူး။ ချစ်တော့ ချစ်တယ်၊ ဒါပေမဲ့ အဲဒီအချ က တစ်မျိုးပဲ။ အဲဒီလို ဘာကြောင့်ဖြစ်နေရသလဲ မသိဘူး။ ရင်ထဲ မရှင်းတာ အဲဒါပဲ"

"အဲဒါ ၁၅၀၀ မေတ္တာနဲ့ ၅၂၈ မေတ္တာ မတူလို့ပေါ့ ကလေးရယ်"

"ဗျာ"

သူတို့နောက်ဘက်ဆီမှ ရုတ်တရက်ကြားလိုက်ရသည့်





ားသံကြောင့် လူရဲရော ခွာညိုပါ အံ့အားသင့်စွာ လှည့်ကြည့် ိုက်ကြလေသည်။

"အို ... အဘဆရာအောင်"

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက လက်ထဲတွင် စိပ်ပုတီး ို ကိုင်ဆွဲထားရင်း တည်ငြိမ်စွာ ရပ်လျက်ရှိလေသည်။

"အဘဟာ သာသနာပြုဖို့ ဒီဒေသဘက် အလှည့်ကျ ာလို့ ပြန်ရောက်လာပြီး ဒီတောထဲမှာပဲ ဧကစာရီကျင့်နေခဲ့တာ ွဲ၊ အဘ သာသနာပြုဖို့ တာဝန်ကျရာ နယ်မြေနဲ့ ဆက်စပ်ပတ် က်သမျှကို မလွှဲမရှောင်သာဘဲ ရှင်းချိန်တန်တော့ ရှင်းရတော့မှာ ါကွယ်"

အဘဆရာဦးဖေအောင်က မျက်လွှာတို့ကို ပိတ်လိုက်ကာ စ်စုံတစ်ရာ အာရုံပြုလိုက်လေသည်။ လူရဲတို့လည်း ထိုင်ရာမှ ရပ်လိုက်ကြပြီး အဘဆရာဦးဖေအောင်အား လက်အုပ်ကိုယ်စီ ီကာ ဂါရဝ ပြုလိုက်ကြလေသည်။

ခဏနေမှ အဘဆရာဦးဖေအောင်က မျက်လွှာပြန်ဖွင့် ိုက်ပြီး လူရဲ၏မျက်နှာကို စိုက်ကြည့်လျက် ခပ်ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



မြွက်ဟလေ၏။

"ငါ့သားရဲ့ရင်ထဲက မရှင်းလင်းတဲ့အရာကို အဘ ရှင်းပေးပါ့မယ်ကွယ်။ ဒါဟာညီး စိတ်ထားမွန်ရည်ကောင်းမြတ်တဲ့ အမျိုးကောင်းသားတစ်ဦး မပြစ်မှားသင့်တာကို ပြစ်မှားမိပြီး ထဲ ကျမှာစိုးလို့ပါကွယ်"

သူတော်စင်အဘိုးအို၏စကားက စိတ်ဝင်စားဖွယ် ကောင်း လှသဖြင့် လူရဲရော ခွာညိုပါ ငြိမ်သက်စွာ နားစွင့်လိုက်ကြလေ သည်။

"အခုလို အဘရှင်းပြနိုင်တာကလည်း အဘရဲ့ စောင့်ထိန်း အပ်တဲ့ သီလပါရမီနဲ့ ကျင့်ကြံအပ်တဲ့ သမထတန်ခိုးတို့ကြောင့် သတ္တဝါတို့ရဲ့ဘဝဟောင်းတို့ကို သိမြင်နိုင်စွမ်းရှိတဲ့ ဇာတိဿရ ဉာဏ်ကို ရရှိထားလို့ပဲကွဲ့။ ဒါကြောင့် ... မောင်တို့ မယ်တို့ ယုံယုံ ကြည်ကြည်နဲ့ နားကြားပေတော့"

"ဟုတ် ... ဟုတ်ကဲ့ပါ အဘ"

"အေး ... ကိလေသာခြားရဟာတ်လိုလည်ပတ်နေရင်း သံသရာတစ်ကွေ့မှာ မြသန္တာဆိုတဲ့ကလေးမဟာ ဘုရင့်သမီးတော် လေးဖြစ်ခဲ့ရတယ်ကွဲ့။ အဲဒီတုန်းက သူ့ရဲ့အမည်ဟာလည်း ... မြသန္တာပါပဲ ...။

မင်းသမီးလေး မြသန္တာတို့သားအမိ သားအဖလေးဦးဟာ ကုန်းတိုက်သူတို့ရဲ့ရန်ကြောင့် အင်းဝရွှေနန်းတော်ကနေ ထွက် ပြေးခဲ့ကြရပြီး ...

ဝက်ပါတောလို့ခေါ်တွင်ခဲ့တဲ့ အခု သံသေဒဇတောအုပ် ကြီးထဲမှာ တောတွင်းစံအိမ်ကြီးဆောက်လုပ်ပြီး လျှို့ဝှက်စံမြန်း နေခဲ့ကြတယ်ကွဲ့ ...။

အဲဒီလို စံမြန်းနေကြရင်း မင်းသမီးလေးမြသန္တာတို့ မောင်နှမတွေ အရွယ်ရောက်လာချိန်မှာပဲ သူတို့ရဲ့မယ်တော်မိဖုရား မြရတနာဟာ လူကြီးရောဂါနဲ့ပဲ နတ်ရွာစံခဲ့ရတယ်ကွဲ့ ...။

မိဖုရားမြရတနာဟာ ကိလေသာတောထဲကလူ့ဘဝကို ငြီးငွေ့ပြီး သံဝေဂကြီးစွာရခဲ့သူဖြစ်တဲ့အတွက် ဒီတောထဲရောက် တတည်းက ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကို စောင့်ထိန်းနေလာခဲ့သူမို့ နတ်ရွာစံပြီးတဲ့နောက် သုဂတိဘုံတစ်ခု ကိုရောက်ရှိသွားခဲ့တယ်ကွဲ့ ...။





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့တဲ့သားတော်နဲ့သမီးတော်နှစ်ပါးကတော့ ငယ်ရွယ်သူများမို့ ကိလေသာဝဋ် မလွတ်သေးဘူးပေါ့။ ဒါပေမဲ့ ... သူတို့မောင်နှမသုံးယောက်ဟာ သူတို့ရဲ့မယ်တော် နတ်ရွာမစံခင်က မှာကြားခဲ့တဲ့အတိုင်း သူတို့ပိုင်တဲ့ဥစ္စာခနပစ္စည်းတွေကို သာသနာပြုရာမှာ လှူဒါန်းဖို့ ဆုံးဖြတ်ထားခဲ့ကြတယ်ကွဲ့ ...၊

သူတော်စင်ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ ဆုံရတဲ့အခါ သာသနာပြုဖို့ လှူဒါန်းကြဖို့ ရည်ရွယ်ထားကြချိန်မှာပဲ တောတွင်း အဖျားရောဂါဟာ ကပ်ရောဂါတစ်ခုလို ကျရောက်လာလေတော့ သူတို့ မောင်နှမသုံးဦး စလုံးရော နောက်လိုက်နောက်ပါတွေပါ ရက်ပိုင်းအတွင်းမှာပဲ ကွယ်လွန်အနိစ္စ ရောက်ကြရရှာတယ်ကွဲ့ ...၊

အဲဒီမှာ သူတို့မောင်နှမသုံးဦးကတော့ ဆောက်တည်ခဲ့ကြတဲ့ သီလကြောင့် ငရဲမကျကြပေမယ့် ပြိတ္တာဘုံရောက်ကြရတယ်။ ပစ္စည်းဥစ္စာခနအပေါ် ဥပါဒါန်အစွဲကြောင့် အဆင့်မြင့် ပြိတ္တာဖြစ်တဲ့ ဥစ္စာစောင့်တွေဖြစ်ခဲ့ကြပြီး သူတို့ လူ့ဘဝကပိုင်ဆိုင်ခဲ့ကြတဲ့ ဥစ္စာခနတွေကိုပဲ စောင့်ရှောက်ခဲ့ကြတယ်ကွဲ့ ...၊

သူတို့ဟာ ကမ္ဘာဖိဒ္ဓိတန်ခိုးနဲ့ ဖန်ဆင်းနိုင်ကြတဲ့အတွက် သူတို့ရဲ့ဥစ္စာစောင့်သိုက်ကို သူတို့နေခဲ့ဖူးတဲ့ တောတွင်းစံအိမ်တော် အောက်မှာပဲ တည်ဆောက်ပြီး သူတို့ရဲ့ဥစ္စာခနတွေကို ထိန်းသိမ်းခဲ့ကြတယ်ကွဲ့ ...၊

အဲဒီလို ဥစ္စာစောင့်ဘဝမှာ နေထိုင်ကြရင်းနဲ့ ပျို့ရွယ်တဲ့ ဥစ္စာစောင့်မလေး မြသန္တာဟာ သိုက်ထဲမှာပဲ ထာဝရနေနေရတာကို ငြီးငွေ့လာတော့ လူ့ဘဝဆီ ခဏလောက်သွားလည်ပါရစေလို့ သူတို့ရဲ့အစ်ကို သိုက်ချုပ်ဆီမှာ အခါခါတောင်းဆိုမှုပြုတယ်။ သိုက်ချုပ်အစ်ကိုဟာ ပထမတော့ ခွင့်မပြုဘူး။ အဖန်ဖန်တောင်းဆိုတော့မှ မလွဲမကင်းသာခွင့်ပြုခဲ့တယ်။ ဒါပေမဲ့ ...နှစ်၂၀ပဲ ခွင့်ပြုမယ်၊ နှစ် (၂၀) ပြည့်ရင် ဘဝဟောင်းဖြစ်တဲ့ ဥစ္စာစောင့်ဘဝကို ပြန်လာရမယ်လို့ ပညတ်လိုက်တယ်။ ပြန်လာဖို့ကတိလည်း တောင်းခဲ့တယ် ...၊ မြသန္တာကလည်း ကတိပေးတယ် ...၊

အဲဒီလိုနဲ့ ဥစ္စာစောင့်မလေး မြသန္တာဟာ လူ့ဘဝဆီ ကမ္ဘာဖိဒ္ဓိတန်ခိုးနဲ့ ပြောင်းလိုက်ပြီး အပျိုစင်မလေး မြသင်းကြည်ရယ်လို့ ဖြစ်လာခဲ့တယ် ...၊

မြသင်းကြည်က ရှမ်းပြည်နယ်ဘက်ကလာတဲ့ ကုန်





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တွေနဲ့ အတူရောနှောလိုက်ပါလာပြီး ပေါဒီ သံသေချောင်းရွာဆီ ရောက်လာခဲ့တယ်။ ဒီရွာမှာပဲ တွေ့ခဲ့ရတဲ့ မောင်မျိုးတင့်ဆိုတဲ့ လုလင်ပျိုနဲ့ မြင်မြင်ချင်း ချစ်ကြိုက်သွားကြတယ်။ ပြီးတော့ ရွာလူကြီးတွေရှေ့မှာ လက်ထပ်ယူဖို့ မောင်မျိုးတင့်က ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ... အဲဒီလို လက်ထပ်ယူလို့ မဖြစ်ဘူးလို့ မြသင်းကြည်က ငြင်းဆန်ခဲ့တယ်။ သူတို့နှစ်ယောက် ဘယ်လိုမှ ညှိမရဖြစ်ရာက နောက်ဆုံးမှာ မြသင်းကြည်က သူတို့ ဒီဒေသကနေ အဝေးကြီးကို ခေါ်သွားနိုင်မှ လက်ထပ်ယူလို့ ဖြစ်မယ်လို့ ပြောခဲ့တယ်။ ဒါနဲ့ပဲ ... မောင်မျိုးတင့်ဟာ မြသင်းကြည်ကို ချက်ချင်းပဲ ခိုးပြေးသွားရတော့တယ်”

လှရဲသည် ပြင်းစွာသော တုန်လှုပ်ခြင်းဖြင့် အဘဆရာဦးဖေအောင်၏မျက်နှာကို ချောက်ချောက်ချားချား ကြည့်လိုက်လေသည်။

“ဟာ ... အဘ ... အဘ ... အဲ အဲ ... ဦးမျိုးတင့်နဲ့ ဒေါ်မြသင်းကြည်ဆိုတာ ကျွန် ... ကျွန်တော့်ရဲ့အဖေနဲ့အမေလား ဟင်”





“သိပ်ဟုတ်တာပေါ့ ကလေးရယ်၊ သူတို့ဟာ မင်းရဲ့မိဘတွေပါပဲ”

လှရဲ၏မျက်နှာက ရုတ်ချည်းတင်းမာသွားတော့၏။

“တောက် ... ဒေါ်မြသင်းကြည်ဟာ အဖေ့အပေါ် သစ္စာဖောက်ခဲ့တဲ့မိန်းမယုတ်ပါ အဘ။ ကျွန်တော် နှစ်နှစ်သားအရွယ်လေးမှာ နောက်ယောကျ်ားနောက် လိုက်ပြေးသွားတဲ့ မိခင်ယုတ်ပါ အဘ”

“သားလှရဲလေး ... ကလေး မင်းမှားမယ် ... မှားမယ်၊ မာတာမိခင်ကို မပြစ်မှားလိုက်နဲ့ ... မပြစ်မှားလိုက်နဲ့”

အဘဆရာဦးဖေအောင်က လက်ကာလျက် တားလိုက်လေသည်။

“တကယ်တော့ မြသင်းကြည်ဟာ လင်ဖြစ်သူ မောင်မျိုးတင့်ကို ချစ်လွန်းတဲ့အတွက် သူဟာ ဥစ္စာစောင့်ဘဝကနေ လာတဲ့အကြောင်း။ လူ့ဘဝမှာ နှစ် (၂၀) နေပြီးရင် သိုက်ဆီပြန်ရမယ့်အကြောင်း ဖွင့်မပြောပြခဲ့ဘူးကွဲ့။ အဲဒီလို ဖွင့်ပြောပြထားရင် မောင်မျိုးတင့် ကြိုပြီး စိတ်ပူပန်ဆင်းရဲနေမှာစိုးတဲ့အတွက် ကြို

www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့တာပါပဲ။ သားဖြစ်တဲ့ လူလေးမောင်လူရဲကို မွေးပြီးတဲ့နောက် လူလေးနှစ်နှစ်သားအရွယ်မှာတော့ မြသင်းကြည်ဟာ သိုက်ကနေ ထွက်လာတာဟာ နှစ် (၂၀) တင်းတင်းပြည့်ခဲ့ပြီလေ။ အဲဒီတော့ သူ သိုက်ဆီ ပြန်ရတော့မယ်။ ဒါပေမဲ့ ... မြသင်းကြည်ဟာ လင်နဲ့ သားကို မခွဲလိုတဲ့အတွက် သိုက်ဆီမပြန်ဘဲ ပေခံနေခဲ့တယ်ကွဲ့။ ဒါပေမဲ့ ... သူ့ရဲ့အစ်ကို သိုက်ချုပ်က ကြိမ်စကြာနဲ့ နေ့တိုင်း ရိုက်ခေါ်နေတဲ့အတွက် နောက်ဆုံးမှာ လင်နဲ့သားကို မခွဲချင်ဘဲ ခွဲပြီး သိုက်ဆီ ပြန်သွားခဲ့ရရှာတာပါကွယ် ...။

အဲဒီအချိန်မှာ မန္တလေးက အာမခံကိုယ်စားလှယ် မောင်သောင်းမြင့်ကလည်း မြစ်ကြီးနားဘက် လုပ်ငန်းတာဝန်အရ ရုတ်တရက် သွားခဲ့ရတယ် ...။

မောင်သောင်းမြင့်ဟာ နဂိုကတည်းက မြသင်းကြည်တို့ အိမ်မှာ အဝင်အထွက်ရှိနေရာက မြို့ကနေ သူတို့နှစ်ယောက်စလုံး ရုတ်တရက် တစ်ပြိုင်နက်ထဲ ထွက်ခွာပျောက်ဆုံးသွားတော့ မြသင်းကြည်တစ်ယောက် မောင်သောင်းမြင့်နောက် လိုက်ပြေးတယ်လို့ လူတွေက ထင်မြင်ပြီး စွပ်စွဲကုန်ကြတော့တာပေါ့ကွယ်"





"ဒါဆို အဘ ဒီဘုရားလေးမှာ ကျွန်တော်နဲ့ ဆုံရတဲ့ မမြသန္တာဟာ"

"အိမ်း ... အဲဒါ ဥစ္စာစောင့်မလေး မြသန္တာပဲပေါ့။ မင်းရဲ့ အမေ မြသင်းကြည်ဖြစ်ခဲ့ဖူးတဲ့ မြသန္တာပါပဲ"

လူရဲသည် အံ့သြလွန်းသဖြင့် ကြက်သေ, သေသွားရတော့၏။

"ဗျာ"

"ဥစ္စာစောင့်မလေးဖြစ်တဲ့ မြသန္တာမှာ ကမ္မဇိဒ္ဓိတန်ခိုး ရှိတဲ့အတွက် သူ့ကို မင်းက တွေ့ရပြီး သာမန်လူတွေကတော့ သူ့ကို မမြင်တွေ့ကြရဘူးကွဲ့"

"ဩော် ... ဒီလိုလား"

"အေး ... ဥစ္စာစောင့်တွေမှာ ကမ္မဇိဒ္ဓိတန်ခိုးရှိတဲ့အတွက် သူတို့ရဲ့အသက်အရွယ်ကို နုပျိုမြဲ နုပျိုအောင် နှစ်ရာထောင်ချီပြီး ဆွဲဆန့်ပြုလုပ်ထားနိုင်တယ်လေကွယ်"

ယခုမှ အားလုံးသည် လုံးဝရှင်းလင်းသွားပါတော့၏။

"ဩော် ... ဒါကြောင့် မမရဲ့မျက်နှာကိုငေးကြည့်ရက်မိ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရင်ထဲမှာအေးမြသွားပြီး ချစ်တဲ့ခင်တဲ့ မြတ်နိုးလေးစားစိတ်တွေ၊ သံယောဇဉ်တွေ ဖြစ်ပေါ်လာရတာကိုး"

"ဟုတ်တယ်၊ ဒါကြောင့် လူလေးဟာ သူ့ကို ကိလေသာနွယ်တဲ့ ၁၅၀၀ အချစ်မျိုးနဲ့ မဟုတ်ဘဲ ၅၂၈ သွယ်သော အဖြူရောင်မေတ္တာနဲ့ ချစ်ခင်နေတာကွဲ့"

လူရဲက သံသေဒဇတောအုပ်ကြီးဆီ လှမ်းငေးမျှော်ကြည့်ရင်း ရင်ထဲဝယ် တသိမ့်သိမ့် ခံစားနေရလေသည်။

"ဩော် ... မမမြသန္တာ မမမြသန္တာ၊ မမဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင် မွေးမိခင်ပဲကိုး။ ဒါကြောင့် ... မမကို ရင်ထဲမှာ နှစ်နေအောင်ချစ်ပြီး အမြဲလိုလို သတိရနေတာကိုး။ ဖြစ်ရလေ မေမေရယ်"

"လူလေး ... အခုအချိန်မှာ မြသန္တာတို့ဟာ လောဘသား သိုက်တူးသမားတွေရဲ့လက်ချက်နဲ့ သူတို့ရဲ့သိုက်မှာပဲ ဒုက္ခကြီးစွာရောက်နေပြီကွဲ့"

"ဗျာ"

"ဟာ ... ဒါဆိုမဖြစ်ဘူး။ လိုက်သွားမှ လိုက်သွားမှ။ ဒါဟာ ... ကပ္ပိယကြီးတို့ ဦးသောင်းထွန်းတို့ရဲ့လက်ချက်ပဲဖြစ်ရမယ်။ အဘ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးခင်ဗျ"

"ခွာညို ... လာ လာ"

လူ့ရဲက ခွာညို၏လက်ကိုဆွဲလျက် သံသေဒဇတောအုပ်ဆီ သုတ်ခြေတင်ပြေးတော့ရာ အဘဆရာအောင်လည်း ငေးကြည့်ရင်း ဦးခေါင်းကို တဆတ်ဆတ်ညိတ်လျက် ကျန်ရစ်ခဲ့ပါတော့၏။

❑





www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... အစ်ကို ... ဒီတောအုပ်ထဲက ဘယ်နေရာကို သွားမှာလဲ။ အစ်ကို သွားတတ်လို့လား။ ပြီးတော့ သူတို့ သိုက်ရှိတဲ့ နေရာကို သိလို့လား"

"သိတယ် ခွာညို၊ အဲဒီသိုက်ရှိတဲ့ တောတွင်းစံအိမ်ကြီးဆီ မမြသန္တာခေါ်လို့ ရောက်ဖူးတယ်။ လာ ... လာ"

သူတို့က တောအုပ်ထဲအတန်ကြာပြေးဝင်လာခဲ့ရာ-

"လာ လာ ... ခွာညို၊ ဒီခင်တန်းလေးကိုကျော်တာနဲ့ တောတွင်းစံအိမ်ကြီးဆီ ရောက်ပြီ"





သို့သော် ခင်တန်းလေးကို ကျော်ဖြတ်လာပြီးသည့် အခါမှာမူ -

"ဟာ ... စံ စံအိမ်ကြီးမရှိတော့ပါလား"

သူရောက်ခဲ့ဖူးသည့် တောတွင်းစံအိမ်ကြီးရှိရာ နေရာဆီ အရောက်ဝယ် စံအိမ်ကြီးကို လုံးဝ မတွေ့ရဘဲ ကြီးမားလှသည့် ချုံကြီးများကိုသာ တွေ့ရလေသည်။

"ရှူး ... အစ်ကို ... ဟိုမှာ ဟိုမှာ"

ခွာညိုညွှန်ပြသည့်နေရာသို့ကြည့်လိုက်ရာ ကပ္ပိယကြီးတို့ လူစုကို လှမ်းတွေ့လိုက်ရလေသည်။

"သူ ... သူတို့ ဘာလုပ်နေကြတာလဲ မသိဘူး"

လူရဲတို့က ချုံတစ်ခု၏နောက်တွင် ပုန်းကွယ်လျက် ကပ္ပိယကြီးတို့လူစု၏ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေကြလေသည်။

ကပ္ပိယကြီးနှင့် မဟိဒ္ဓိစေတိုဏ်းဆရာကြီး သောင်းထွန်းတို့ လူစုသည် ချုံသုံးလေးချုံကို ရှင်းကာ ငှက်ပျောပွဲအုန်းပွဲကို ယင်း မြေကွက်လပ်ပေါ်၌ ခုံငယ်တစ်လုံးဖြင့်တင်ပြီး အုန်းသီးပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်စိုက်ထူလျက် ရှိကြလေ၏။

ပြီးလျှင် အမွှေးတိုင်များပါ ထွန်းပြီး ဆရာကြီးသောင်း… က ခပ်လှမ်းလှမ်းမှ မြေအပြင်ဝယ် လက်ထဲမှကြိမ်လုံးဖြင့် … ဝိုင်းဝိုင်းလေ၏။

"ကဲ … တပည့်တို့ မင်းတို့ ဟောဒီစည်းဝိုင်းထဲမှာ ဝင်… ကြ။ ဘယ်လိုအကြောင်းနဲ့မှ ဒီစည်းဝိုင်းထဲက မထွက်ကြနဲ့ ကြား… လား"

"ဟုတ်ကဲ့"

"အေး … ဒီစည်းဝိုင်းကထွက်ရင် စည်းပေါက်ပြီး ငါ… အစုသိုက်ဖော်တဲ့ပွဲ ပျက်သွားမယ်။ အန္တရာယ်ရှိတယ်။ ကဲ … စည်း… ဝိုင်းထဲဝင်ကြ … ဝင်ကြ"

ကပ္ပိယကြီးတို့လူစု စည်းဝိုင်းထဲဝင်ပြီးကြသည်နှင့် မဟိဒ္ဓိ… စေဂိုဏ်း ဆရာကြီးသောင်းထွန်းက ကန်တော့ပွဲနား၌ ရွတ်ဖတ်မန်… မှုတ်တော့၏။

"သယ် … ဒီဖမ္ဘူတစ်ခွင်မှာ မဟိဒ္ဓိအရှင် ငါ့ဆရာသခင်ရဲ့ အမိန့်ကို မြရတနာသိုက်စောင့်တို့ နာခံစမ်း …၊





ငါ့ဆရာသခင်ရဲ့အမိန့်နဲ့ သင်တို့ ခုချက်ချင်း သိုက်က ထွက် မြေပေါ်တက်ပြီး ငါ့ဆရာသခင်သောင်းထွန်းရဲ့ရှေ့မှောက် ဒူးထောက် ခစားစေ။ ခုချက်ချင်း ဒူးတုပ်ခစားစေ …၊

ခု မကြာလာကြစမ်း။ ငါ့ဆရာသခင်ရဲ့အမိန့် …၊

ငါ ဆရာသခင်ရဲ့အမိန့်"

မဟိဒ္ဓိဆရာကြီးသောင်းထွန်းက ပါးစပ်မှဂါထာလိုလို မန္တန် လိုလိုတို့ကို တိုးတိုးရွတ်လိုက်၊ မြေပြင်ကို ကြိမ်လုံးဖြင့် တဖြန်းဖြန်း ရိုက်ကာ ဝေါက်ငမ်းခေါ်လိုက်ဖြင့် ပြုလုပ်နေတော့၏။ သူ၏လက် တစ်ဖက်ထဲတွင်လည်း လျော်ကြိုးတစ်ခွေကို ကိုင်ထားသေးသည်။

လူရဲက မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေစဉ်မှာပင် အုန်းပွဲ ငှက်ပျောပွဲတို့၏ တစ်ဖက်ရှိ မြေကွက်လပ်မှ အခိုးငွေ့ ဖြူဖြူ တို့ ထောင်းထောင်းထထွက်ပေါ်လာပြီးလျှင် ယင်းအခိုးငွေ့တို့ တဖြည်းဖြည်းပါးလျားသွားသည်၌ ထိုနေရာတွင် ရှေးခေတ် နန်းဝတ်နန်းစားများဖြင့် လုလင်ပျိုတစ်ဦးနှင့် လုံမပျိုနှစ်ဦးတို့ကို ဒူးတုပ်ထိုင်လျက်သား တွေ့ရလေ၏။

ချက်ချင်းပင် မဟိဒ္ဓိဆရာကြီး သောင်းထွန်းက လက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးခွေဖြင့် လွှဲပစ်လိုက်ရာ လုလင်ပျို့နှင့် လုံမပျိုတို့မှာ ကြိုးဖြင့် ပတ်ချည်တုပ်ပြီးသား ဖြစ်သွားကြပါတော့၏။

"ဟာ ... မမ ... မမမြသန္တာတို့ကို ကြိုးနဲ့ တုပ်ဖမ်းလိုက်ပြီ"

"အစ်ကို ... အစ်ကို ဘာပြောတာလဲဟင်။ ခွာညိုတော့ ဘာမှမမြင်ဘူး။ ကြိုး ... ကြိုးကွင်းကြီး လေထဲမှာ မြောက်နေတာပဲ မြင်တယ် ...၊

အဲဒီကြိုးကွင်းထဲမှာ မမမြသန္တာတို့သုံးယောက်ကို ကြိုးနဲ့တုပ်ထားလိုက်ပြီး ခွာညို။ ခွာညိုက မမြင်ပေမယ့် အစ်ကိုကတော့ မြင်တယ်"

မဟိဒ္ဓိဆရာကြီးသောင်းထွန်းက ခါးထောက်လျက် တဟားဟား အော်ရယ်လေသည်။

"ဟား ဟား ဟား ... သိုက်စောင့်တွေ၊ ခုတော့ ဘာတတ်နိုင်သေးသလဲ။ ဟင်း ဟင်း ဟား ဟား ... နင်တို့စောင့်တဲ့သိုက်ကို ခုချက်ချင်း ဖော်ပေးကြစမ်း။ မဖော်ပေးလို့ကတော့ ဟောဒီ ဆေးကြိမ်လုံးနဲ့ အသေဆော်မယ်သာမှတ်"





လူရဲက အံကြိတ်လိုက်၏။

"ခွာညို မဖြစ်ဘူး။ တို့ သွားကယ်မှဖြစ်မယ်"

လူရဲက ပြောပြောဆိုဆိုဖြင့် ချုံကွယ်နောက်မှ ပြေးထွက်သွားတော့၏။

လူရဲက တစ်ဟုန်ထိုးပြေးသွားပြီး အုန်းပွဲ ငှက်ပျော်ပွဲကို ခြေထောက်ဖြင့် ပစ်ကန်လိုက်တော့၏။

"ဖောင်း"

"ဂွမ်း"

"ဟ ဟ ... ဘာလုပ်တာလဲ၊ ဟင် ... ဘာလုပ်တာလဲ"

"အမယ်လေး ... စည်းပေါက်ပါပြီဗျာ။ စည်းပေါက်ပါပြီ"

ထိုစဉ် တစ်တောလုံး လေမတိုက်ဘဲ သစ်ပင်များလှုပ်ခါလာတော့၏။

"ဝေါ ဝေါ ဝေါ ဝေါ"

တော်လဲသံတို့ပါ ကြောက်မက်ဖွယ်ရာထွက်ပေါ်လာပြီး သူတို့ဝန်းကျင်၌ ဖုန်မှုန့်များ အခိုးအငွေ့များ ထောင်းထောင်းထလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျာ . . . စည်းပေါက်ပြီတဲ့၊ ပြေး . . . ပြေး"

စည်းဝိုင်းထဲမှ ကပွဲယကြီးတို့လူစုလည်း ထိတ်လန့်တကြား ခုန်ပေါက်ထွက်ပြေးကြတော့၏။

လူရဲက မြသန္တာတို့ဆီ လှမ်းကြည့်လိုက်ရာ သူတို့ မောင်နှမသုံးဦးမှာ မတ်တတ်ရပ်လျက် ရှိကြပြီး ကြိုးကလည်း ပြေကာ သူတို့၏ခြေရင်းတွင် ပုံကျနေသည်ကို တွေ့ရလေသည်။

ထိုစဉ် ခြေသံတဖြောင်းဖြောင်းဖြင့် ပုလိပ်သားတစ်စုသည် သေနတ်ကိုယ်စီကိုင်ဆွဲလျက် ပြေးဝင်လာကြတော့၏။

"ဟော့ . . . ရပ်စမ်း၊ လက်မြှောက်လိုက် ပိုးဟပ်ဖြူ"

ပုလိပ်အရာရှိနှင့် ပုလိပ်သားတို့က မဟာဒွိစေဂိုဏ်း ဆရာကြီးသောင်းထွန်းကို သေနတ်တို့ဖြင့် ဝိုင်းချိန်လိုက်ကြလေသည်။

"ဟင်း ဟင်း . . . ပိုးဟပ်ဖြူ မောင်မင်း ဒီရွာတက် ရောက်နေတယ်လို့ သတင်းပေးတွေကတစ်ဆင့် သတင်းရပြီး ကျွန်ုပ် ရာဇဝတ်အုပ်ကြင်စိန်ကိုယ်တိုင် လာဖမ်းတာပဲ"

လူရဲက အံ့အားသင့်စွာဖြင့် ပုလိပ်အရာရှိကြင်စိန်ကို မေးလိုက်လေသည်။





"သူ . . . သူက ဘယ်သူလဲဗျ"

"ဘယ်သူရမလဲ၊ မင်းဘူးဘက်မှာ ဘုရားတည်မယ်ဆိုပြီး ဘုရားဂေါတမအဖွဲ့ စုဆောင်းထားတဲ့ အလှူငွေတွေ လစ်ပြေးခဲ့တဲ့ တစ်ကျွန်းပြန်ဓားပြ ပိုးဟပ်ဖြူဆိုတာ သူပေါ့ကွ။ တစ်ကျွန်းက ပြန်လာပြီးမှ သူတော်ကောင်းယောင်ဆောင်ပြီး နယ်တကာလှည့် လိမ်နေတာ။ ခုမှခြေရာခံမိပြီး လက်ရဖမ်းမိတာပဲကွ"

ပုလိပ်တို့က မဟာဒွိစေဂိုဏ်းဆရာကြီး သောင်းထွန်း (ခေါ်) ဓားပြခေါင်းဆောင်လူလိမ်ပိုးဟပ်ဖြူအား လက်ထိပ်ဖမ်းကာ ဆွဲခေါ်သွားကြပါတော့၏။

သူ၏တပည့် ဖင်မဲ၊ ဗျော့ကြီး၊ တင့်ခွေတို့ကား ကြက်ပျောက် ငှက်ပျောက် ရှောင်တိမ်းထွက်ပြေးသွားကြပြီ ဖြစ်ပါ၏။

လူရဲက မြသန္တာတို့ဆီ လှမ်းကြည့်လိုက်၏။ ရွှေရောင် စည်းပုံ ခါးတောင်အကျီ ထိုင်မသိမ်းထဘီတို့နှင့် ဘယက်ဒွာဒရာတို့ ဆင်မြန်းထားသည့် မြသန္တာက ခပ်လှမ်းလှမ်းတွင်ရပ်လျက် သူ့ ကို ငေးရီကြည့်နေလေသည်။

ခွာညိုက ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာပြီး လူရဲ၏



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

လူရဲက မြသန္တာကို ငေးကြည့်ရင်း ဆို့နင့်စွာ တိုးတိုးရှုံ့ ခေါ်လိုက်မိတော့သည်။

"အမေ . . . အမေ"

မြသန္တာက ဖွဖွလေးပြုံးလိုက်သည်။ သို့သော် သူမ၏ မျက်ဝန်းတို့တွင် မျက်ရည်တို့ ရွှန်းလဲ့လျက်။

သူမနှင့်ခပ်လှမ်းလှမ်းရှိ ချုံကြီးနံဘေးတွင် မြသန္တာ၏ အစ်ကိုနှင့် အစ်မတို့က ဆိတ်ငြိမ်စွာရပ်လျက် စောင့်ကြည့်နေ၏။

"အမေ . . . မမြသန္တာဟာ ကျွန်တော့်ရဲ့အမေဆိုတာ အဘဆရာဦးဖေအောင် ပြောပြလို့ သိပြီးပါပြီဗျာ"

မြသန္တာက မျက်ရည်လည်ရွဲဖြင့် ငေးရီကြည့်ရင်း ခေါင်းကို ဖြည်းလေးစွာညိတ်ပြ၏။ နှုတ်ဖျားမှမူ ဘာမျှ မပြောတော့ချေ။

"အမေ . . . အမေ့ကို ကျွန်တော် အထင်လွဲပြီး ပြစ်မှားစော်ကားမိသမျှ ကန်တော့ပြီး တောင်းပန်ပါတယ်ဗျာ"

လူရဲက မြေပြင်ဝယ်ထိုင်ပြီး ဦးချကန်တော့လေသည်။

ခွာညိုက လူရဲလုပ်သမျှကို ကြောင်ကြည့်နေ၏။





ဤဝန်းကျင်တွင် လူရဲတစ်ဦးတည်းကိုသာ တွေ့ရသည်။

လူရဲက ထိုင်နေရာမှထလိုက်ပြီး မြသန္တာကို မျက်ရည်ရစ်ဝိုင်းသော မျက်လုံးတို့ဖြင့် ငေးစိုက်ကြည့်လိုက်၏။ နှုတ်မှလည်း တုန်တုန်ခိုက်ခိုက် ပြောလိုက်လေသည်။

"အမေ . . . အမေ . . . ကျွန်တော့်ကိုပစ်မသွားပါနဲ့ ပစ်မသွားပါနဲ့နော်၊ ပစ်မသွားပါနဲ့နော်"

လူရဲက တတွတ်တွတ်ပြောရင်း ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်စဉ်မှာပင် ဝန်းကျင်ဝယ် အခိုးငွေ့ဖြူဖြူတို့ ထောင်းထောင်းထသွားပြီး ယင်းမီးခိုးငွေ့ဖြူဖြူတို့ကြားတွင် မြသန္တာတို့ မောင်နှမသုံးယောက်မှာ တရွေ့ရွေ့ နစ်ဝင်ပျောက်ကွယ်သွားပါတော့၏။

"အမေ အမေ . . . ကျွန်တော့်ကို ပစ်မသွားပါနဲ့၊ ပစ်မသွားပါနဲ့"

မီးခိုးငွေ့တို့ ပြယ်လွင့်သွားသည်တွင် မြသန္တာတို့၏ အရိပ်အယောင်သော်မှ မတွေ့ရတော့ချေ။

"အမေ . . . အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် ... ဘယ်သူမှမရှိပါဘူး။ လာ လာ ... ခွာညို့တို့ ရွာဆီ ပြန်ရအောင်နော်"

မျက်ရည်လည်ဝဲဖြစ်နေရှာသည့် ချစ်သူလူရဲအား ခွာညိုက ဖေးမတွဲခေါ်ကာ ရွာဘက်သို့ တရွေ့ရွေ့ လှမ်းလျှောက်ခဲ့ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြေအဌ

ဤဝတ္ထုတွင် ပါဝင်သော သူရ (၁၂)
ဖောင်ကြီးသင်တန်းဆင်း သူငယ်ချင်းများ


| | | |
|---|---|---|
| ၁။ | ဖေအောင် | ကသ (၉) |
| ၂။ | ဖရီး (ခ) ဝင်းကြည် | ကသ (၂၂) |
| ၃။ | ဒုတ် (ခ) သောင်းမြင့် | ကသ (၂၈) |
| ၄။ | အဒူလေး (ခ) လှမြင့် | ကသ (၄၁) |
| ၅။ | ပုပ္ပါး (ခ) တင်ဦး | ကသ (၅၅) |
| ၆။ | ငပိကောင် (ခ) ခင်ဇော် | ကသ (၅၈) |
| ၇။ | ရေဆင် (ခ) မြဝင်း | ကသ (၅၉) |
| ၈။ | အင်္ဂလိပ်ဖြူ (ခ) လှတင် | ကသ (၆၀) |
| ၉။ | အုန်းခိုင် | ကသ (၆၃) |
| ၁၀။ | တာတီး (ခ) စိုးဝင်း | ကသ (၇၇) |
| ၁၁။ | တောကျိုးကန်း (ခ) လှမျိုးမြင့် | ကသ (၉၁) |
| ၁၂။ | ခြေမကြီး (ခ) မျိုးတင့် | ကသ (၁၀၂) |
| ၁၃။ | ကမန်းကတန်း (ခ) ကြင်စိန် | ကသ (၁၀၅) |
| ၁၄။ | ပိုးဟပ်ဖြူ (ခ) သောင်းထွန်း | ကသ (၁၁၆) |
| ၁၅။ | သူကြီး (ခ) အောင်သိန်း | ကသ (၁၃၃) |


www.burmeseclassic.com

www.burmeseclassic.com


၁၆။ ညွန့်လှိုင် ကာသ (၁၃၉)

၁၇။ ဖင်မဲ (ခ) ထွန်းသိန်း ကာသ (၁၄၈)

၁၈။ ဗျော့ကြီး (ခ) စိုးငြိမ်း ကာသ (၁၆၆)

၁၉။ လှကြိုင် ကာသ (၁၇၆)

၂၀။ တင့်ဆွေ ကာသ (၁၈၂)

၂၁။ ဆန်းရှိန် ကာသ (၂၀၃)

၂၂။ မြသိန်း ကာသ (၂၇၆)

၂၃။ ညွန့်အောင် ကာသ (၂၂၂)


## တိတ်တခိုးမျှော်လင့်ချက်

ငါ့မလေ မင်းနဲ့ခွဲခွာ အနေကြာခဲ့
ကုန်လွန်ရက်တွေ နှမြောနေပေမယ့်
နောင်လာမယ့်ရက်တွေကလည်း မသေချာ
ဘာလိုလိုနဲ့ ဒီနှစ်ရဲ့ လတန်ခူးဟာ
ခဏလေးနဲ့ ခုန်ကျော်ကူးသွားလိုက်သလိုပဲ။
မျှော်လင့်ချက်ဆန္ဒတွေနဲ့
တောင့်ခံလို့ တင်းထားပေမယ့်
မင်းရဲ့တုံ့ပြန်တဲ့ ငြင်းဆန်မှုတွေကြောင့်
ရင်မှာ မျှော်လင့်ခြင်း ကင်းမဲ့သွားတဲ့အခါ
မအိုတာရဲ့ ကိုဖျတ်ဝိလိုပဲ
ရင်ထဲ ဖော်ပြမစွမ်းလောက်အောင်
မချိတင်ကဲ စွဲထင်ကျန်ရစ်
မအိုစာရဲ့ကွမ်းတစ်ယာ ရေစာစ်မှတ်က
ဖျတ်ဝိရဲ့ရင် ကိုင်လှုပ်လိုက်သလို
ငါ့မလဲ တုန်လှုပ်ခဲ့ရ။
အဝေးတွင် အထီးကျန်နေရတဲ့ဝုက္ခ

www.burmeseclassic.com

www.burmeseclassic.com

မင်းသိပ်ပါ့မလား
မင်း ရှောင်ဖယ်ဖို့ စိတ်ကူးနေလျှင်ဖြင့်
ငါလာလို့လည်း မတွေ့ပါဘူး။
ဒါပေမဲ့လေ ကံမကုန်လို့ ပြန်ဆုံကြမယ့်ရက်ကိုတော့
တိတ်တခိုးလေးမျှော်နေမယ်။

ချစ်ကိုကို (စခမ ငြိမ်း)
က•သ•ဂ၀
သူက (၁၂) မောင်ကြီး

## ဝေးခဲ့ပြီ

မျှော်လင့်ခဲ့ပါတယ်။
ဖွင့်ဟမပြောတဲ့ ကြိတ်မှိတ်ခဲ့မှုတယ်။
ကွဲအက်နေပြီး
ရင်တစ်ခုလုံး ကြေမွ
အသည်းတွေ လောင်ကျွမ်း
ဝန်မခံဘူး ငါ့မာနကို
မချဘူး ကွဲချင်တဲ့အသည်းကွဲစေတော့
ဒါပေမဲ့•••
နှလုံးသားရဲ့နိုပ်စက်မှုအောက်
လူးရင်းလိမ့်ရင်း ကြီးထွားဆဲဒဏ်ရာ
အနာနဲ့ဆေး မတွဲ၊ ကွဲစေဒီအသည်း
ကုဆေးမဲ့စွာ ပြင်းပြင်းပြပြနဲ့
ငါ့ဘဝကို အချစ်နဲ့စတေးရင်း
အရာရာတို့ ပေးဆပ်
မရေရာတဲ့ ဒီဘဝထဲ
ဆုံဖို့လမ်းမမြင်လို့
လွမ်းဆွေးဝေးနေဆဲကွယ်။

နှယ်ရှင် (ရွှေကျင်)

www.burmeseclassic.com